www.burmeseclassic.com

ရွှေပဒေသာစာပေ

# ခေတ်ပျိုဖြူ

## တံခါးလေးဖွင့်ထားတယ်



အချစ်

လုံးချင်းဝတ္ထုသစ်

www.burmeseclassic.com

www.burmeseclassic.com


## ပုံနှိပ်မှတ်တမ်း

ပုံနှိပ်ထုတ်ဝေခြင်း - ပထမအကြိမ် ဩဂုတ်လ၊ ၂၀၁၄

ထုတ်ဝေသူ - ဦးအေးလွင်(ဝ၄၁၅၂)
ရွှေဥစာပေတိုက်
အမှတ် (၃၃)၊ ကျိုက်တော်လမ်း
မင်္ဂလာတောင်ညွန့်မြို့နယ်၊
ရန်ကုန်မြို့။
မျက်နှာဖုံးနှင့် - ဦးအေးလွင် (၀၈၂၁၀)
အတွင်းပုံနှိပ်သူ ရွှေပဒေသာအော့ဖ်ဆက်
အမှတ် ၃၃၊ ကျိုက်တော်လမ်း
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်။
ဖြန့်ဈေး - ၁၂၀၀ ကျပ်
အုပ်ရေ - ၅၀၀ အုပ်

၈၉၅.၈၃
ခေတ်ပိုဖြူ
တံခါးလေးဖွင့်ထားတယ် / ခေတ်ပိုဖြူ ။ - ရန်ကုန်
ရွှေဥစာပေ ၊ ၂၀၁၄ ။
၂၃၄ - စာ၊ ၁၂.၃ × ၁၈ စင်တီ။
(၁) တံခါးလေးဖွင့်ထားတယ်


ခေတ်ပိုဖြူ

# တံခါးလေး ဖွင့်ထားတယ်

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၁ )

ဖူးလတ်နေသော မျက်ဝန်းတစ်စုံက သူ့ခန္ဓာကိုယ်ပေါ်သို့ ကျရောက်လာခဲ့၏။ ထိုမျက်ဝန်းတွေကို ရင်မဆိုင်ရဲစွာ ခေါင်းငုံ့ချလိုက်သလို သူ့ရဲ့မျက်ဝန်းတွေပါ ဝင်းကျသွားရသည်။ မလာချင်ပါဘူး။ ဒီနေရာ၊ ဒီပတ်ဝန်းကျင်၊ ဒီအသိုင်းအဝိုင်းကြီးထဲကို။ ရယူလိုမှုတွေ အခန့်သားမို့နိုတွယ်တာရမှုတွေကို သူ တကယ်ပဲ မလိုချင်ခဲ့လို့ ဒီအချိန်ထိ ကိုယ့်အား ကိုယ်တိုးပြီး နေခဲ့တာပါ။

ရပ်တည်နိုင်အောင် ကြိုးစားခဲ့တာပါ။ သို့သော် ကံ



www.burmeseclassic.com

www.burmeseclassic.com



ကြမ္မာက မျက်လှည့်ဆန်စွာ သူ့ကို ဒီနေရာရောက်အောင် တွန်းပို့ပေးခဲ့သည်။ ငြင်းဆန်စရာ အင်အားတစ်စုံတစ်ရာ မရှိသောအကြောင်းပြချက်တွေနှင့် ဖိအားတွေပေးခဲ့သည်။

"မင်းနာမည်က"

"ခေတ်သွေးသားပါခင်ဗျာ"

အသံသြဇာ ပြည့်ဝနေသော မေးသံကို သူ မရဲတရဲ အဖြေပေးလိုက်သည်။ ပြီးတော့ စကားသံတွေ ပြန်လည်တိတ်ဆိတ်သွားပြန်၏။

သက်ပြင်းမောကို ကြိတ်ပြီးချရသူက ဒေါ်ခင်မျိုးမြင့် ဖြစ်သည်။ မျက်ဝန်းရေ့မှာ ခပ်ရှိုးရှိုးလေးထိုင်နေတဲ့ ခေတ်သွေးသားဆိုတဲ့ ကောင်လေးဆီကို စိတ်မသက်သာတဲ့ မျက်ဝန်းတွေနှင့် စူးစမ်း စိုက်ကြည့်မိပြန်သည်။ ချောသည်။ သိပ်ကိုချောလွန်းသည်။ ဖြစ်ပုံမလား၊ ယောကျ်ားလေးတန်မဲ့ ချောလွန်းနေတဲ့ ကောင်လေးကို ဒီတိုက်ကြီးထဲမှာ လက်ခံထားဖို့ဆိုတာ ဘယ်လိုမှမဖြစ်နိုင်တဲ့ အခြေအနေပါပဲ။ မိမိမှာ သမီးပျိုလေးတစ်ယောက် ရှိနေသေးသည်။



ဒါပေမဲ့ လက်မခံပါဘူးလို့ ငြင်းပယ်လို့လည်း မရပြန်။ အကြီးအကျယ် ဦးနှောက်စားနေရတာက ဒေါ်ခင်မျိုးမြင့်ပါပဲ၊ သမက်ဖြစ်သူ ခေတ်မင်းသားက ပွင့်ပွင့်လင်းလင်း ကိုပဲ တောင်းဆိုနေခဲ့ပြီလေ။

"မာမီ"

"ပြောပါ မောင်ခေတ်မင်းသား"

"ညီလေးကို လက်ခံပေးပါလို့ ကျွန်တော် အနူးအညွတ် တောင်းပန်ပါရစေ၊ မေမေ မရှိတော့တဲ့နောက်မှာ သူ့ကို တစ်ယောက်တည်း ပစ်ထားဖို့ဆိုတာ ဘယ်လိုမှ မဖြစ်နိုင်လို့ပါ မာမီ၊ မေမေ့ရဲ့နောက်ဆုံးဆန္ဒအရ ကျွန်တော့်ညီလေးကို ပညာတတ်တစ်ယောက်ဖြစ်အောင် သူ့ဘဝလမ်း သူလျှောက်သွားနိုင်တဲ့အထိ ပျိုးထောင်ပေးပါရစေ မာမီ၊ ဒီအတွက် မာမီက နားလည်ပေးပါလို့ တောင်းပန်ပါရစေ မာမီရယ်"

သမက်ဖြစ်သူ ခေတ်မင်းသားဆီက ပြတ်သားတဲ့ တောင်းဆိုချက်ကို ဒေါ်ခင်မျိုးမြင့် ပြန်မငြင်းနိုင်၊ ဘယ်လိုမှ

www.burmeseclassic.com

မတားဆီးနိုင်ခဲ့ပါ။ မှန်နေတာပဲလေ။ ခေတ်မင်းသား ပြောတာလည်း တရားနည်းလမ်းကျနေတာပဲ၊ တကွဲတပြားစီထားလို့ ဘယ်ရမလဲ၊ ကောင်လေးက အခုမှ ဆယ်တန်းအောင်ခါစလေးပဲ ရှိသေးတာ။ ခေတ်သွေးသား တက္ကသိုလ်တက်ဖို့ကလည်း ရှိနေသေးသည်၊ ပညာလေးတစ်ပိုင်းတစနဲ့ ဘာသွားလုပ်စားမလဲလေ။ ဒါကို နားလည်မှုပေးရမှာပေါ့။ ခက်နေတာက သမီးအပျိုလေးရှိနေတာကိုပင်။

"ညီလေးကို အဆောင်မှာထားရင်လည်း အစ်ကိုတစ်ယောက်လုံးရှိပါလျက်နဲ့ အခုလို မျက်နှာလွှဲ ခဲပစ်ထားရသလားဆိုတဲ့ အဖြစ်မျိုးလည်း မရောက်ချင်ဘူး။ အေးမြတဲ့ မာမီတို့ရဲ့အရိပ်အောက်ကနေ ပညာသင်ခွင့်ရရင်ပဲ ကျွန်တော် ကျေနပ်ပါပြီ မာမီ"

ခေတ်မင်းသားတစ်ယောက် ရှိသေလေးစားစွာနဲ့ တောင်းဆိုနေမိတာပါ။ မေမေ ဒေါ်ခေတ်မင်းရဲ့ နောက်ဆုံးဆန္ဒတစ်ခု၊ ညီလေးကို ပညာတတ်အောင် သင်ပေးပါတဲ့။ ဘဝကို ဆင်းရဲပင်ပန်းမှုတွေကြားက ညီအစ်ကိုနှစ်ယောက်





စလုံးကို ပညာတွေ သင်ပေးခဲ့တဲ့ မေမေ။ သူ အခုမှ မေမေ့ကျေးဇူးတွေ ပြန်ဆပ်တွေးရင်း နောင်တတွေအကြီးအကျယ်ရနေမိသည်။ ပိုက်ဆံတွေသာ ထောက်ပံ့ပေးခဲ့ပြီး လူကိုယ်တိုင် သွားရောက် ဖြေသိမ့်အားပေးမှုတွေကို မလုပ်နိုင်ခဲ့။ မေမေ့ရင်ခွင်ကနေ ရုန်းထွက်ပြီး စေတနာဆိုတဲ့ မိန်းကလေးတစ်ယောက်ကို လက်ထပ်မိခဲ့ပြီးနောက်ပိုင်း ယောက္ခမကြီးရဲ့ စီးပွားရေးလုပ်ငန်းတွေကို ဦးစီးတာ ကြိုးစားပြီး လုပ်ကိုင်ပေးခဲ့ရသည်။

ရိုးသားပြီး ကြိုးစားတဲ့ သူ့လက်ထဲမှာ အောင်မြင်မှုတွေ ပိုရခဲ့သည်၊ စေတနာကလည်း အလိုက်သိစွာပင် မေမေနှင့် ညီလေးကို ငွေကြေးထောက်ပံ့ပေးသည်။ မိုးလင်းတနေ မိုးချုပ် အလုပ်ထဲမှာ စိတ်နဲ့ကိုယ်ကို နှစ်မြှုပ်ထားတဲ့အတွက် လူမှုရေးဘက်တွင် အားနည်းသွားခဲ့၏။ မေမေ့ဆီကိုတောင် သိပ်မရောက်ဖြစ်ခဲ့။ ညီလေးဆီက မေမေ့ကျန်းမာရေး အခြေအနေ မကောင်းဘူးဆိုတဲ့ အကြောင်းကြားတော့မှ သူ မေမေ့ဆီ လိုက်သွားတော့ မေမေက ဆုံးနှင့်ပြီလေ။



www.burmeseclassic.com

www.burmeseclassic.com



မေမေ့အသက်ကိုတောင် မမီခဲ့တဲ့ သား တစ်ယောက်ပါ။ စီးပွားရေးတွေ တစ်ချိန်လုံးလုပ်ပြီး မေမေနဲ့ ညီလေးရဲ့ဘဝကို လှပအောင် ထားချင်ခဲ့တဲ့သူ။ အခုတော့ ရည်မှန်းချက်တွေ မပြည့်ခင်မှာပဲ မေမေက လမ်းခွဲသွားခဲ့ပြီ။ အခု ခေတ်သွေးသားဆိုတဲ့ ညီလေးတစ်ယောက်ပဲ ကျန်တော့သည်။ သူ ဒီညီလေးကို ဘယ်လိုမှ မထားခဲ့ရက်။ မေမေ့ကိစ္စတွေအားလုံး ပြီးစီးတာနှင့် ဖန်းသည် စေတနာကို ဖွင့်တောင်းကာ ညီလေးကိုပါ တစ်ပါတည်း ခေါ်လာခဲ့လိုက်သည်။ စေတနာကလည်း စိတ်သဘောထား ပြည့်ဝစွာပင် ကောင်လေးကို လိုက်စေခဲ့သည်။ စေတနာရဲ့မာမီကိုတော့ သူ ဒီရောက်မှပဲ အစက်အဆဲကို တင်ပြတာ တောင်းပန်နေရသည်။

"အေးလေ . . . ခေါ်လာတော့မှ ဘာတတ်နိုင်မလဲ။ လက်မခံလို့မှ မရတော့တာ။ မောင်ခေတ်မင်းသားရဲ့ ခံစားချက်ကိုလည်း မာမီ နားလည်ပေးရမှာပေါ့"

"ဟာ"





ယောက္ခမကြီးဆီက မနှစ်မြို့သော်လည်း မတတ်နိုင်သဖြင့် စိတ်လျှော့ထားလိုက်ကာ လက်ခံပေးလိုက်သဖြင့် ခေတ်မင်းသားတစ်ယောက် အပျော်ကြီး ပျော်သွားရသည်။ ရင်ထဲဆို့တက်လာတဲ့ ဝမ်းသာရုံးကြီးကို ဘယ်နား ချရမှန်းပင် မသိတော့။

"ဒါပေမဲ့"

ဒေါ်ခင်မျိုးမြင့် စကားကိုပြန်ပြီး အစပျိုးလိုက်၏။

လက်ခံထားတာတော့ ဟုတ်ပါပြီ။ ဒါက သမက်ဖြစ်သူ ခေတ်မင်းသားမျက်နှာနဲ့ မငြင်းပယ်ရက်လို့လေ။ ခေတ်မင်းသားက စီးပွားအရှာကောင်းတဲ့ သမက်ဆိုတော့ သူ စိတ်ပြိုငြင်အောင် မလုပ်ချင်တာ။ သမီးဖြစ်သူရဲ့ အိမ်ထောင်ရေးကလည်း ရှိသေးတာကိုး။

"ပြောပါ မာမီ"

"ခေတ်သွေးသားဟာ မာမီတို့စကားကို လေးစားလိုက်နာပြီး နေထိုင်ရလိမ့်မယ်၊ မာမီရဲ့ဆုံးမသွန်သင်မှုကို လိုက်နာကျင့်သုံးရမယ်၊ ဒါကိုတော့ မဖြစ်မနေ လက်ခံပါ

www.burmeseclassic.com



မောင်ခေတ်မင်းသား"

ဒေါ်ခင်မျိုးမြင့် ဒီစကားတွေကို တမင်ပဲပြောချလိုက်တာပါ။ အခုရုပ်မှ နောင်ရှင်းဆိုတဲ့ စကားရှိတယ်လေ။ ဒါကြောင့် ပြတ်ပြတ်သားသားပြောထားရတာ။

"ဟာ . . . မှန်တာပေါ့ မာမီ။ ခေတ်သွေးသားကို မာမီတို့လက်ထဲမှာ ထားရမှာပဲလေ၊ မာမီတို့ရဲ့ သွန်သင်ဆုံးမမှုကို နာခံရမှာပေါ့။ ကျွန်တော်က စီးပွားရေးလုပ်ငန်းတွေနဲ့ အားမှမအားတာ။ တစ်ချိန်လုံး ကျွန်တော့်မျက်စိအောက်မှာ မထားနိုင်ဘူး။ ညီလေးကို မာမီတို့၊ နာတို့ရဲ့ လက်တိုပဲ အပ်ရမှာပါ။ မလိမ္မာတာရှိရင် ကြိုက်သလို ဆုံးမနိုင်ပါတယ် မာမီ"

သူ ဒီစကားတွေကို ရင်ထဲက တကယ်ပဲလှိုက်လှိုက်လှဲလှဲနဲ့ ပြောလိုက်တာပါ။ ယောက္ခမကြီးဆီက ညီလေးကို နေ့ခွင့်ပေးလိုက်တာလေးကိုပဲ တွေးရင်းတွေ အထူးတင်နေမိပါပြီ။

"ခေတ်သွေးသား"





ဒေါ်ခင်မျိုးမြင့်ဆီက ဝီသစွာခေါ်လိုက်သံကြောင့် သူ မော့ကြည့်လိုက်သည်။ စူးရှတဲ့ မျက်လုံးတစ်စုံနှင့် အကြည့်ချင်းဆုံသွား၏။ သူ ရှိနေတာကို မနှစ်မြို့တဲ့မျက်ဝန်းတွေပါလား။ သို့သော် ဟန်ဆောင်မှု ကောင်းစွာ ထိန်းချုပ်ထားလေသူက ဒေါ်ခင်မျိုးမြင့်ဆိုတဲ့ ကိုကြီးရဲ့ ယောက္ခမကြီးပါပဲ။ နှုတ်ခမ်းတွေကတော့ ပြုံးနေသည်။

"ဗျာ . . . မာမီကြီး"

သူ ကိုကြီးခေါ်သလို မာမီကို အနောက်ကနေ ကြီးတစ်လုံး ထပ်ထည့်ကာ ခေါ်လိုက်မိသည်။

"မင်း ကတိပေးနိုင်ရဲ့လား"

"ဗျာ"

"အဟင်း . . . ဟင်း . . . စောစောက မာမီကြီးပြောတဲ့စကားတွေကိုလေ"

"ဗျာ . . . ဟုတ် . . . ဟုတ်ကဲ့။ ကျွန်တော် ကတိပေးပါတယ် မာမီကြီး"

သူ အသံမတုန်အောင် ထိန်းပြောနေလျက်က



www.burmeseclassic.com

www.burmeseclassic.com



အသံတွေ အဖျားခတ်တုန်ယင်သွားပြန်သည်။

"ပြောမယ့်သာပြောရတာပါ။ ခေတ်မင်းသားရဲ့ ညီက ခေတ်မင်းသားလိုပဲ ကျေးဇူးတရား နားလည်သိတတ်ပြီး လိမ္မာရေးခြားရှိမယ့် ပုံစံလေးပါပဲကွယ်၊ အဟင်း . . . ဟင်း။ မာမီကြီးက စိုးရိမ်ထိတ်လန့်းလို့သာ ဒီစကားတွေကို ပြောရတာပါ။ အခုခေတ်က အပျော်အပါးတွေက အများသား။ စိတ်ခံစားမှုနောက်ကို မျက်ကန်းတစ္ဆေလို လိုက်သွားလို့ ဘဝပျက်သွားမှာ ကြောက်ရတယ်လေ"

"ဟာ . . . အဲဒါတော့ စိတ်ချမာမီ။ ညီလေးက သူ့ဘဝ သူ နားလည်ပါတယ်"

ယောက္ခမကြီးရဲ့စကားတွေကို ညီလေး တစ်မျိုးထင်မှာစိုး၍ ခေတ်မင်းသားတစ်ယောက် ဖာဖာထေးထေးလေး ဝင်ပြောမိသည်။ စိတ်မကောင်းစွာ လှမ်းကြည့်တဲ့ ကိုကြီးရဲ့ မျက်လုံးတွေကို သူ နားလည်မှုရှိစွာနှင့် သူ့ အပြုံးမျက်လုံးတွေနှင့် ပြန်ကြည့်လိုက်၏။

ကျွန်တော် နားလည်ပါတယ် ကိုကြီးရယ်၊ ကိုကြီး





စိတ်မကောင်းမဖြစ်ပါနဲ့နော်။ ကျွန်တော့်အတွက် အခုလို မျက်နှာငယ်ခံပြီး တောင်းဆိုပေးနေတာကိုပဲ ကျေးဇူးတင်လို့ မဆုံးတော့ပါဘူး။ ကိုကြီးက ကျွန်တော့်ကို သည်းခံလိုက်စေချင်တာ မဟုတ်လား။ ရန်းမထွက်နိုင်တဲ့ယောက္ခမအရိပ်အောက်မှာရှိနေတဲ့ အချိန်မို့ ကျွန်တော့်ကို ပြဿနာမတက်စေချင်တာ မဟုတ်လား။ ကိုကြီးရဲ့ ရင်ထဲက စကားတွေကို ကျွန်တော် နားလည်လို့ရပါတယ်၊ ဒါကို ကျွန်တော် သဘောပေါက်ပါတယ်၊ စိတ်ချပါ ကိုကြီးရယ်၊ ကျွန်တော့်ကြောင့် ကိုကြီးရဲ့စိတ်တွေ ဘယ်တော့မှ မရှုပ်ထွေးစေရပါဘူး။

"အေးကွယ် . . . အခုလို မာမီ့စေတနာကို နားလည်မှုရှိတာ ကောင်းတာပေါ့။ ကဲ . . . ကဲ . . . မင်းတို့လည်း ပင်ပန်းလာကြတယ် မဟုတ်လား။ သွားအနားယူကြတော့လေ။ သွားကြ . . . သွားကြ"

"ဟုတ်တဲ့ မာမီ"

စကားတွေအများကြီး သမက်ဖြစ်သူရှေ့တွင်



www.burmeseclassic.com

www.burmeseclassic.com



မပြောချင်တော့သဖြင့် ခေါင်းမို့မြင့် တမင်ပဲ သွားနိုင်းပစ်လိုက်သည်။

"မာမီ"

ယောက်ျားဖြစ်သူဘေးမှာ တစ်ချိန်လုံး ငြိမ်သက်စွာ ထိုင်နေမိတဲ့ စေတနာတစ်ယောက် မာမီ့ဆီ လှမ်းကြည့်ကာ စကားစလိုက်သည်။

"ဘာလဲ . . . စေတနာ"

"ဟို . . . ဟိုလေ ခေတ်သွေးသားအတွက်"

"အဲဒါ မာမီ သိပါတယ်၊ အဲဒါကြောင့် အောက်ထပ်က အခန်းလွတ်ထဲမှာ ပြင်ဆင်နိုင်းသားတယ်"

"ဟို"

အထွန့်တက်ဖို့လုပ်နေတဲ့ သမီးဖြစ်သူကို စကားအဆက်မစဲဘဲ . . .

"စေတနာ . . . အပေါ်မှာက မီးငယ်ရှိသေးတယ်လေ၊ ပြီးတော့ မီးငယ်က သီချင်းတွေဆိုလည်း တဝုန်းဝုန်းဖွင့်တာ၊ ခေတ်သွေးသား နားငြီးမှာစိုးလို့ မာမီက စေတနာ



နဲ့ အောက်ထပ်မှာပဲ ပြင်နိုင်းထားတယ်"

"ရှင်"

စေတနာတစ်ယောက် အားနာသွားမိသည်၊ မာမီကတော့ လုပ်ပြီ၊ ခေတ်သွေးသားကို အစကတည်းက နှိမ့်နှိမ့်ချချ ဆက်ဆံလိုက်တာ၊ အောက်ထပ်က အလုပ်သမားတွေနဲ့ တန်းတူထားလိုက်တာ၊ ဘာပဲပြောပြော ခေတ်သွေးသားက ယောက်ျားဖြစ်သူရဲ့ တစ်ဦးတည်းသော ညီလေးလေ၊ မာမီက သူ့သမီးအငယ်နဲ့ စိတ်မချလို့ တမင် အောက်ထပ်မှာပဲ ထားတာဆိုပေမယ့် အားနာစရာ၊ ယောက်ျားဖြစ်သူရဲ့ မျက်နှာကို မော့ကြည့်လိုက်တော့ . . .

"ဟုတ်သားပဲ၊ ညီလေး စိတ်မလွတ်လပ်ဘဲ နေမှာပေါ့၊ မာမီ စီစဉ်တဲ့အတိုင်းပဲ နေပါစေ"

ယောက်ျားဖြစ်သူ ခေတ်မင်းသားက သူမ စိတ်သက်သာရာရအောင် ဖြေဖျောက်ပေး၏။

"ဟုတ် . . . ဟုတ်ကဲ့ပါ ကိုမင်း"

မသိမသာလေး လှမ်းထိုးလိုက်တဲ့ မာမီ့မျက်စောင်း

www.burmeseclassic.com

www.burmeseclassic.com



အကြောင်းကို စေတနာ အသိဆုံးပဲလေ။ စေတနာကို တောင် ငွေမရှိတဲ့ ခေတ်မင်းသားကို လက်ထပ်လို့ မာမီ တော်တော်နဲ့ စကားမပြောဘဲ ပစ်ပယ်ထားခဲ့သေးတာပဲ။ နောက်မှ ပြန်ခေါ်ပြီး လုပ်ငန်းတွေသင်ပေး ပြပေးပြီး ခေတ် မင်းသားကို စီးပွားရေးလမ်းပေါ် တင်ပေးခဲ့သည်။

ကြိုးစားပြီး ရိုးသားတဲ့ ခေတ်မင်းသားရဲ့လက်ထဲ ရောက်မှ စီးပွားရေး ပိုအောင်မြင်ခဲ့တာကြောင့် မာမီ သိပ် ပြီး တင်းမာမနေတော့။ ငွေမက်တဲ့ မာမီအတွက် ခေတ် မင်းသားက ရွှေသမက် ငွေသမက် ပတ္တမြားသမက် ဖြစ်နေ ခဲ့ပြီ မဟုတ်လား။

"နာ"

"ဟင် ... ရှင် ... ကိုမင်း"

အတွေးလွန်နေတဲ့ စေတနာ တစ်ယောက် ယောက်ျားဖြစ်သူ၏ခေါ်သံကြောင့် အသိပြန်ဝင်သွားရသည်။

"သွားအနားယူတော့လေ။ ခရီးပန်းလာတယ် မဟုတ်လား"





"ကိုမင်းရော ..."

"ကိုယ် ညီလေးကို အခန်းသွားပို့ပေးလိုက်ဦးမယ် လေ"

"ဪ ... အင်း"

"နာ ... သွားနားတော့နော်"

ခေတ်မင်းသား မိန်းမဖြစ်သူကို နားခိုင်းလိုက် သည်။

"ခေတ်သွေးသား"

စေတနာက အပေါ်မတက်ခင် မတ်ဖြစ်သူကို အပြုံးကလေးနှင့် ခေါ်လိုက်သည်။

"ရှာ ... မမ"

"ဘာမှအားမငယ်နဲ့နော်"

"ဟုတ် ... ဟုတ်ကဲ့ မမ"

"ကဲ ... မမသွားနားတော့မယ်နော်"

"ဟုတ်ကဲ့"

မတ်ဖြစ်သူအတွက် အကဲပိုနေတဲ့ သမီးဖြစ်သူ



www.burmeseclassic.com

www.burmeseclassic.com



စေတနာကို ကြည့်ပြီး ဒေါ်ခင်မျိုးမြင့်တစ်ယောက် အမြင်ကတ်လှစွာ မျက်စောင်းကြီးပဲ ထိုးနေမိသည်။ ဒါကို ဘယ်သူမှတော့ သတိမထားမိချေ။

"ကဲ . . . လာ . . . ညီလေး"

ကိုကြီးရဲ့ခေါ်သံကြောင့် ဒေါသမှုံရတားသော အိတ်ကို ကောက်ယူပြီး ထလိုက်မိသည်။

"မာမီ ခွင့်ပြုပါဦးနော်"

ခေတ်မင်းသားက တရိုတသေ ခွင့်တောင်းလိုက်၏။

"အေး . . . အေး"

ဒေါ်ခင်မျိုးမြင့်ကို နှုတ်ဆက်ပြီး ညီဖြစ်သူရဲ့အဝတ်အစားအိတ်ကို ပြောင်းယူရင်း တျောခိုင်းထွက်သွားတဲ့ ညီအစ်ကိုနှစ်ယောက်ကို ကြည့်ပြီး စိတ်အေးချမ်းမှုမရှိစွာနှင့် ကျန်ရစ်ခဲ့သည်။

"ဟင်း"

ဒေါ်ခင်မျိုးမြင့်တစ်ယောက် သက်ပြင်းခိုးချလိုက်ရ



သည်။ ခေတ်သွေးသားဆိုတဲ့ ကောင်လေးက အရွယ်လေးကလည်း ငယ်၊ လူလေးကလည်း မိန်းမချောလေးလိုချော။ ဆံပင်ညိုညို ပျော့ပျော့စင်းစင်း ပန်းထောက်လောက်ကို မျက်နှာလေးကို ရှင်းရှင်းလင်းလင်း ပေါ်အောင် ဘီးကုပ်တလေးနှင့် ပင့်တင်ထားသည်။ မီးငယ်နဲ့ အရွယ်မတိမ်းမယိမ်းလေး။ မဖြစ်ဘူး။ မဖြစ်ဘူး။

စေတနာကိစ္စတုန်းက မိမိ သိပ်ပြီးမရိပ်မိတာကြောင့် အခုလို အချိန်တွေလွန်မှ မဖြစ်မနေလက်ခံလိုက်ရတာလေ။ ခေတ်မင်းသား အစွမ်းအစရှိပေမယ့် မိဘမျိုးရိုးဂုဏ်မရှိ၊ မိမိအသိုင်းအဝိုင်းမှာ မျက်နှာငယ်ခဲ့ရသည်။ ဝေဖန်ခံခဲ့ရသည်။

အခု ခေတ်သွေးသားဆိုတဲ့ ကောင်လေးက လာပြန်ပြီ၊ ဒီတစ်ခါတော့ မိမိအကြမ်းကိုင်မှ ဖြစ်တော့မည်။ ဟူးစိတ်မောလိုက်တာနော်။ အေးအေးကို မနေရပါလား။ ကဲ ကြမ္မာရယ် ဒေါ်ခင်မျိုးမြင့်တစ်ယောက်တည်း အတွေးတွေနှင့် ချာချာလည်နေတော့သည်။

www.burmeseclassic.com

## အခန်း ( ၂ )

“ဒုန်း . . . ဒုန်း”

“ဒုန်း”

“ဝိုက်ဆာတယ်၊ မြန်မြန်လေးထမင်းပွဲပြင်ပေးပါ”

ခေတ်သွေးသားရဲ့ မျက်လုံးတွေ ပြူးကျယ်ဝိုင်းစက် သွားရသည်။

“ဟဲ့ . . . မီးဖိုခန်းကလူတွေ မကြားကြဘူးလား။ ဒီမှာ မီးငယ် အရမ်းကို ဝိုက်တွေလိုမ့်ဆာနေပြီနော်။ မြန်မြန်





လေး ထမင်းပွဲပြင်ပေးကြတော့”

သူ အခုမှရောက်တာမို့ ဘာလုပ်လို့ ဘာတိုင်ရမှန်းမသိဖြစ်နေသည်။ အခုနလေးတင် မိသားစုတွေအားလုံး စားသောက်ပြီးကြလို့ သူ သန့်ရှင်းရေးဝိုင်းလုပ်ပေးနေတာလေ။ အရေးထဲတျမှ ထမင်းဟင်းချက်ကြီး ဒေါ်လင်းကလည်း ဝိုက်နာလှချည်ရဲ့ဆိုပြီး အိမ်သာဝင်နေလေရဲ့။ ဝိုင်းကူလုပ်ပေးနေတဲ့ သန္တာကလည်း လျှော်ထားတဲ့ အဝတ်တွေ သွားလှန်းနေသည်။ မီးဖိုခန်းထဲမှာ သူတစ်ယောက်တည်း ရေသောက်နေရင်း ကျန်ရစ်ခဲ့၏။

“ဒုန်း . . . ဒုန်း”

“ခပ်မြန်မြန်လေး”

အမလေး . . . ဘာဖြစ်လို့ ဒီလောက်ကြီး သောင်းကျန်းနေရလဲ မသိဘူး။ ဟင်းတွေက ခပ်ပြီးသားမို့ ထမင်းကို သူ မြန်မြန်လေး ခူးလိုက်သည်။ ယောကျ်ားလေးဆိုပေမယ့် မေမေနဲ့အတူတူနေလာခဲ့ရတာမို့ မိန်းကလေးတစ်ယောက် တတ်အပ်တဲ့ အိမ်ထောင်ထိန်းသိမ်းမှုကို သူ

www.burmeseclassic.com



အကုန်တတ်ခဲ့သည်။ ဒီမီးဖိုခန်းမှာလည်း သူ တစ်ယောက်တည်း ရှိနေတာမို့ မကြားချင်ယောင်ဆောင်ပြီး ထွက်သွားလို့လည်း မရ။

မမစေတနာရဲ့ ညီမဝဲ ဖြစ်ရမယ်။ ကိုကြီး ပြောပြထားတာလေ။ တစ်နေကုန် တစ်နေခန်း ဘယ်သွားနေမှန်းမသိ။ သူတို့ရောက်တဲ့ မနက်ကတည်းတိုက မတွေ့ရတာ။ အခုမှ အပြေးအလွှားဝင်လာပြီး သောင်းကျန်းနေ၏။

"ဟော . . . မြန်မြန်ဟော . . . မြန်မြန်။ ဒီမှာ အစာအိမ်တွေ ပေါက်ထွက်တော့မယ်နော်"

အစာအိမ်တွေတောင် ပေါက်ထွက်တော့မယ် ဆိုပါလား။ မိန်းကလေးတန်မဲ့ အသံအကျယ်ကြီးနှင့် အော်နေသည်။

"ဒေါ်လှင်း . . . ဒေါ်လှင်း"

ဒေါ်လှင်းနာမည်ကို တွင်တွင်ကြီး အော်ခေါ်နေသော မင်္ဂလာ။ သူငယ်ချင်းတွေနဲ့ shopping ထွက်ပြီး အခုမှ ဗိုက်ဆာမှန်း သတိထားမိ၏။ အချိန်ကလည်း နေ့လယ်



နှစ်နာရီထိုးတော့မည်ဆိုတော့ ဆာလာပြီပေါ့။ အိမ်နောက်ဖေး မီးဖိုခန်းထဲ အသံတွေကြားနေရက်နှင့် သူမခေါ်တာကိုတော့ ပြန်ထူးသံ မကြားရချေ။ မင်္ဂလာတစ်ယောက် အံ့ဩသွားရသည်။

ဗိုက်ဆာလွန်းလို့ ရင်တွေပင် တလှပ်လှပ်တုန်နေပြီ။ လက်တွေပင် တုန်ယင်ချင်နေ၏။ ကြာလိုက်တာ။ အခုထိ လာမပေးသေး။ သူမ စိတ်မရှည်စွာ ထရပ်လိုက်ပြီး မီးဖိုခန်းဘက် လျှောက်သွားလိုက်သည်။

"ဒေါ်လှင်း . . . ဟင် . . . ရှင် . . . ရှင် . . . ရှင်"

မထင်မှတ်ဘဲ မီးဖိုခန်းဘက်ဝင်လိုက်တဲ့ မင်္ဂလာတစ်ယောက် ထမင်းချက် ဒေါ်လှင်းမဟုတ်ဘဲ အင်မတန်ချောလွန်းတဲ့ ကောင်လေးတစ်ယောက် ထမင်းတွေ ထည့်ထားတဲ့ ပန်းကန်လေးကို သယ်ပြီး ထွက်အလာနှင့် တည့်တည့်တိုးသွားရတာမို့ သူမ ကိုယ်ကို ထိမ်းရှောင်းရင်း စိုက်ကြည့်မိသွားရသည်။

မင်္ဂလာတစ်ယောက် ငေးသွားရသည်။ ကောင်လေး

www.burmeseclassic.com

www.burmeseclassic.com



တတော့ သူမကို မော့ကြည့်ပြီး အံ့ဩမှင်တက်နေတဲ့ မျက်နှာလေးက သူမအတွက် ရင်ခုန်ချင်စရာ။ သူမရဲ့ မျက်ဝန်းလေးတွေက ကောင်လေးမျက်နှာဆီက မခွာနိုင်။ အသက်ရှူသံတွေတောင် မှားယွင်းသွားရပြီ။ အဆက်မပြတ် ခုန်လှုပ်နေတဲ့ ရင်ခုန်သံလေးတွေက ဘယ်လိုမှ တားဆီး ထိန်းချုပ်လို့မရတော့။

ဝင်းဖန့်ဖန့်အသားအရေ၊ သွယ်လျှမြင့်မားတဲ့ အရပ်အမောင်း၊ ချောလွန်းတဲ့ မျက်နှာ၊ ဆံပင်အညိုစင်းစင်း လေးတွေကို မျက်နှာလေးပေါ်အောင် တစ်ဝက်ကို နောက်မှာ ချည်ထားသည်။ သူမ ကောင်လေးတို့ မျက်လုံးလေး ပြူးကာကြည့်ပြီး . . .

"ရှင် . . . ရှင်က"

သူ့ကို ခပ်ညှိုညှို့ မျက်ဝန်းလေးတွေနဲ့ စိုက်ကြည့်ပြီး မေးလာတဲ့ ရဲတင်းသွက်လက်တဲ့သူမကို ခေတ်သွေးသား တစ်ယောက် ဘယ်လိုပြန်အဖြေပေးရမှန်း မသိတော့ပါ။ သူမရဲ့မျက်ဝန်းတွေနှင့်လည်း နောက်တစ်ကြိမ် မဆုံချင်



တော့။ မိန်းကလေးတွေနှင့် အကျွမ်းတဝင်မနေခဲ့ဘူးတဲ့ သူ့အတွက် တုန်လှုပ်ချင်စရာ။

ဘယ်က ကောင်လေးပါလိမ့်။ သူမ တစ်ခါမှ မတွေ့ဘူးတဲ့ ကောင်လေးတစ်ယောက်ပဲ။ အိမ်မှာ အလုပ် သမားအသစ်ခန့်လိုက်တာလား။ ဒါလည်း မဖြစ်နိုင်ဘူး။ ကောင်လေးရဲ့ ရုပ်ရည်နဲ့ ဝတ်စားထားတာက အလုပ်သမား ပုံစံမှ မဟုတ်တာ။ ပြီးတော့ ဒီလိုရုပ်ရည်မျိုးနဲ့ ကောင်လေး ကိုလည်း ခြံစောင့်သန့်ရှင်းရေးအဖြစ် မာမီက ခန့်မှာမဟုတ်။ အရုပ်ဆိုးဆိုး ကောင်လေးတွေကိုပဲ ရွေးချယ်ပြီးခန့်တတ်တာ။

"ဪ . . . မမလေး"

အနောက်ဘက်က ရောက်လာတဲ့ အသံကြောင့် သူမလှည့်ကြည့်လိုက်တော့ အိမ်ဖော်မလေး သန္တာ။ သူမကို မြင်လိုက်တော့ ပျာယာခတ်သွားသည်။ သန္တာက မျက်လုံး ဝိုင်းဝိုင်းလေးတွေနဲ့ သူမကို ကြည့်ပြီး . . .

"ဟယ် . . . အစ်ကိုလေး ဘာတွေလုပ်နေတာပဲ။ ဒါယောကျ်ားလေးတွေ လုပ်ရတဲ့အလုပ်မှ မဟုတ်တာ။

www.burmeseclassic.com

www.burmeseclassic.com



မမလေး ထမင်းစားဖို့ဆိုရင်လည်း သန္တာ့ကိုခေါ်လိုက်တာ မဟုတ်ဘူး၊ ထားခဲ့ . . . ထားခဲ့၊ အစ်ကိုလေး မလုပ်နဲ့၊ သန္တာပဲ လုပ်ပေးလိုက်မယ်"

အိမ်ဖော်မလေး သန္တာရဲ့ခေါ်သံက တရိုတသေလေးပဲ၊ အစ်ကိုလေးတဲ့၊ သန္တာက သူမကိုတစ်လှည့် ကြည့်ပြီး ထမင်းပန်းကန်တွေကိုင်ထားတဲ့ သူ့ကိုလည်း တွေ့ရော အားနာပါးနာနှင့် ထမင်းပန်းကန်ကို သူ့လက်ထဲက ပြောင်းရွှေ့ကာ ယူသွားသည်၊ ပြီးတော့ သွက်လက်စွာ ထမင်းပွဲတွေကို ဆက်ပြီး ပြင်ဆင်ပေးနေသည်၊

ဒါကို သူရော သူမပါ ငေးကြောင်ကြည့်နေမိသည်၊ နောက်မှ သူ သတိရပြီး ချာခနဲလှည့်အထွက် . . .

"ဟိတ် . . . နေဦး"

စီပီသသ တားဆီးသံ၊

"ရှင် . . . ဘယ်သူလဲ"

"ဗျာ"

"ရှင် ဘယ်သူလဲလို့ မေးနေတာလေ၊ မြန်မာ



စကားကို နားမလည်ဘူးလား"

မြင်မြင်ချင်း စောက်နဲ့ထွင်းဆိုသလို သူမစကားကြောင့် သူ ဗိုပြီး လန့်သွားရသည်၊ အိမ်ကြီးရှင်၏သမီးအငယ်မို့ သူ အလန့်ကြီးလန့်နေမိသည်၊

"ရှင့်နာမည် ဘယ်လိုခေါ်လဲ၊ ဒီတိုက်ကြီးထဲကိုရော ဘယ်လိုအကြောင်းအရာကြောင့် ရောက်နေတာလဲ ပြောလေ"

မင်္ဂလာ သီချင်လွန်းလို့သာ မေးရတာပါ။ သူမ စတိုင်(လ်)က တကယ့်ကိုအပျံစား။ အလန်းစား ခေတ်မိန်းကလေးပီပီ ခေတ်ရေ့ပြေးနေတဲ့ ဟောရှော့ဒီဇိုင်းမို့ သူက သူမကို ထိတ်လန့်နေပုံရ၏၊

"ဟိတ် . . . မေးနေတယ်လေ၊ ရှင့်နာမည် ဘယ်လိုခေါ်သလဲလို့"

"ခေတ်သွေးသားပါ"

"ခေတ်သွေးသား . . . ဟုတ်လား"

"ဟုတ်တဲ့ . . . မမလေး"

www.burmeseclassic.com

www.burmeseclassic.com



အဲ . . . မမလေးတဲ့၊ သန္တာခေါ်သလို သူက လိုက်ခေါ်နေတာ၊ သူမ ရယ်ချင်သွားရသည်၊ ကောင်လေးက သူမ ပုံစံကြောင့် ထိတ်လန့်နေပုံက တစ်မျိုး ကြည့်လို့ကောင်းနေသည်၊ ခေတ်သွေးသားဆိုတဲ့ နာမည်ကို ကြားလိုက်ရတဲ့ အပြင် သူ့ရဲ့မျက်နှာက ခေတ်မင်းသားနှင့် ခပ်ဆင်ဆင်ဖြစ်နေတာမို့ သူမ စိတ်ထဲမှာ နည်းနည်းတော့ ရိပ်မိနေပါသည်၊ ဒါပေမဲ့ ဒီကောင်လေးကို တမင်ညစ်ချင်တာမို့၊

"ရှင်က ဘာကိစ္စနဲ့ ဒီကိုရောက်နေတာလဲ ခေတ်သွေးသား"

"ဗျာ"

မေးခွန်းတွေ တစ်ခုပြီးတစ်ခု မပြီးနိုင်မစီးနိုင် မေးနေတဲ့ သူမကြောင့် သူ့ စိတ်အညစ်ကြီးညစ်သွားရသည်၊ ဒီကောင်မလေးနဲ့တော့ ခက်တော့တာပဲ၊ ဒီဗိုင်းကလည်း တကယ့်ကို လန့်ပျံထွက်နေသည်၊ မိန်းကလေးတန်မဲ့ ရဲတင်းလွန်းသည်၊ တကယ်ဆို သူ့အကြောင်း သိချင်ရင် အိမ်ဖော်မလေး သန္တာကို မေးပါတော့လား၊



"ခေတ်သွေးသား"

"ဗျာ"

"ရှင်က"

"ဟို . . . ကျွန်တော်က ကိုခေတ်မင်းသားရဲ့ညီပါ"

"ဪ . . . ဒါကြောင့်ကိုး၊ ကျွန်မက ရှင့်မျက်နှာကို သေချာကြည့်နေတာ၊ တစ်ယောက်ယောက်နဲ့ ဆင်ပါတယ်လို့၊ အခုတော့ ခဲအိုကြီးရဲ့ညီကိုး"

သူမရဲ့ပွင့်လင်းတဲ့ စကားကြောင့် ယောကျ်ားလေး တန်မဲ့ ရဲသွားတဲ့မျက်နှာကို သူမ ခပ်ပြုံးပြုံးလေး စိုက်ကြည့်နေလိုက်သည်၊ သိပ်ရိုးသားတဲ့ ကောင်လေးပါလားကွယ်၊ သူ့ရဲ့ပုံရိပ်တွေက သူမရဲ့ နှလုံးသားတည့်တည့်သို့ ဒိုင်းခနဲ လာထိမှန်တာ၊ ဒီလောက်ဆို သူ့ရဲ့စိတ်တွေ ဘယ်လောက်ထိ ရှုပ်ထွေးနေပြီဆိုတာ သူမ ရိပ်မိလိုက်ပြီ၊

ဒါပေမဲ့ ဘာကြောင့်မှန်းမသိ၊ သူနှင့် အခုလို စကားတွေပြောနေတာ သူမ စိတ်တွေ ပျော်ရွှင်နေရသည်၊ စောစောက ဆာနေတဲ့ဗိုက်က အခုတော့ ပြည့်အင့်လို့ပါ

www.burmeseclassic.com

www.burmeseclassic.com



လား။ ရင်ခုန်သံလေးတွေကြားမှာ စီးမျောရင်း ရောလွန်းတဲ့ သူမျက်နှာကို သူမ စိုက်ကြည့်နေမိသည်။ စကားတွေရှာကြံပြီး သူ့ကို ရင်းနှီးအောင်ပြောနေမိသည်။

"မမလေး"

"ဘာလဲ"

အနောက်ဘက်ဆီက သန္တာရဲ့ ခေါ်သံကြောင့် သူမ စိတ်ရှုပ်ထွေးစွာ မျက်နှာလေးတွန့်ပြီး ပြန်ကြည့်လိုက်တော့ . . .

"ဟို . . . ထမင်းပွဲပြင်ပြီးသွားပြီလို့ ပြောတာပါ"

"ဟာ . . . အရေးထဲ။ နင်ကလည်းဟာ ထားလိုက် ထားလိုက်။ ငါ ပြီးမှစားမယ်"

"ဟုတ် . . . ဟုတ်ကဲ့ မမလေး။ ဒါဆို သန္တာ အိမ်ခန်းသန့်ရှင်းရေး သွားလုပ်လိုက်ဦးမယ်နော်"

"အေး . . . အေး"

သန္တာထွက်သွားတော့မှ သူ့ရှိရာဘက် ပြန်လှည့်ကြည့်လိုက်တော့ သူမမျက်ဝန်းလေးတွေ ပြူးကာ မျက်ခုံး





လေးတွန့်ကွေးသွားရသည်။ ဟိုကောင်လေး မရှိတော့ပါလား။ သူမ ဒီဘက်လှည့်ပြီး စကားပြောနေတုန်း သူ လစ်သွားပုံရသည်။

တော်တော်လည်တဲ့ ကောင်လေး၊ နေနှင့်ဦးပေါ့။ သူမစိတ်တွေ လှစ်ခနဲ ဟာသွားရ၏။ မင်္ဂလာတစ်ယောက် စိတ်ထဲတနေ ထိတ်တဆိတ် ကြိမ်းဝါးလိုက်ပြီး ခေတ်ဆွေး သားဆိုတဲ့ ကောင်လေးအကြောင်းကို သူမ ပြုံးပြုံးကလေး တွေးလိုက်မိသည်။

"ဒို . . . ဒို . . . ဒွလီ"

ဟော ဗိုက်ထဲက အော်သံတွေ ပြန်ထွက်လာပြီ။ ထမင်းစားပွဲဝိုင်းသို့ လျင်မြန်တဲ့ ခြေလှမ်းလေးတွေနဲ့ အပြေးလေး သွားလိုက်မိတော့သည်။ ခေတ်ဆွေးသား ရှင် သိပ်ချောတာပဲ။ အဖြစ်ကင်းစင်တဲ့ ရှင့်မျက်နှာလေးကို ကျွန်မ ခုမှမျောက်လို့ မရဖြစ်နေပြီ။

www.burmeseclassic.com

## အခန်း ( ၃ )

"မီးငယ်"

"ရှင်"

အခန်းထဲကို မကြည်မလင်မျက်နှာလေးနဲ့ ဝင်လာတဲ့ မာမီ့ကို ကြည့်ပြီး သူမရဲ့ စိတ်တူးယဉ်မှုလေးတွေပင် ပျောက်ကွယ်သွားရ၏။

"မာမီ . . . မီးငယ်ကို ပြောစရာရှိတယ်"

"ပြောလေ မာမီ"



"ခေတ်သွေးသားအကြောင်းပြောမလို့"

"ရှင်"

မာမီ့စကားကြောင့် သူမ အံ့သြသွားရသည်။ သူမလည်း အခုလေးတင် ခေတ်သွေးသားအကြောင်းကို သတိရပြီး တွေးနေတာလေ။ သူမနဲ့ ထမင်းစားခန်းထဲမှာ ဆုံပြီး ပြန်ထွက်လာတော့ သူ့ကို ထပ်မတွေ့ရတော့။ သူမ အောက်ထပ်တစ်ခုလုံးကို ရှာပြီးပြီ။ သူ့ရဲ့အရိပ်အယောင်လေးတောင် မတွေ့ရ။ သူမ ထင်ထားတာ အပေါ်ထပ်က သူ့အခန်းထဲမှာ ရှိနေလောက်ပြီလို့ ထင်နေခဲ့တာ။ အဲဒါကြောင့် သူမ အခန်းဘေးက အခန်းကို ချောင်းချောင်းနေမိသည်။ သူ့ကို ဒီအခန်းလွတ်ကလွဲပြီး တခြား ဘယ်နေရာမှ ထားစရာမရှိဘူးလေ။ အောက်ထပ်က အခန်းတွေက အလုပ်သမားတွေအတွက် သီးသန့်လုပ်ထားတာ။ ဧည့်သည်ရှိမှ သုံးတဲ့ အခန်းလွတ်တွေလေ။ သူမ ချောင်းနေတုန်း မာမီ အခန်းထဲက ထွက်လာတာနှင့် တည့်တည့်တိုးသွားရ၏။

www.burmeseclassic.com



"မီးငယ်"

"ရှင်"

"ခေတ်သွေးသားဆိုတဲ့ ကောင်လေးကို မီးငယ် တွေ့ပြီးပြီလား"

ဟော . . . စကားစလာပြီ၊ တကယ်က သူမနဲ့ မဆုံရသေးဘူးဆိုရင် မာမီက ခေါ်မိတ်ဆက်ပေးမယ်ထင်ပါရဲ့၊ ဒါဆို အကြောင်းမရှိ အကြောင်းရှာပြီး အဲဒီကောင်လေးကို စကားတွေ အများကြီးပြောရတော့မည်၊ စိတ်ထဲကနေ ကြိတ်ပြီး တွေးရင်း တဟားဟားရယ်နေမိသည်။

"မီးငယ် . . . မာမီ မေးနေတယ်လေ"

"ဟင့်အင်း . . . မတွေ့ရသေးဘူး မာမီ၊ ဘယ်က ခေတ်သွေးသားလဲ၊ မသိဘူး"

သူမ တမင်တကာပြောင်လိမ်ညာပစ်လိုက်သည်၊

"အေး . . . ကောင်းတယ်၊ ညည်း သူနဲ့မတွေ့နဲ့"

"ရှင်"

မာမီ့စကားကြောင့် သူမ အရမ်းကို အံ့ဩသွားရ





သည်။

"ဟုတ်တယ်၊ ညည်းတွေ့စရာလည်း မလိုဘူး၊ ပတ်သက်စရာလည်း မလိုဘူး မင်္ဂလာ၊ မာမီ လုံးဝ ခွင့်မလွှတ်ဘူး၊ ဟွန်း . . . ခေတ်မင်းသားရဲ့တောင်းဆိုမှုကို မလွန်ဆန်နိုင်လွန်းလို့သာ မာမီ လက်ခံလိုက်ရတာ၊ ဒင်းကို ဒီတိုက်ကြီးထဲမှာ တစ်စက္ကန့်လေးမှ ရှိမနေစေချင်ဘူး မီးငယ်ရယ်"

ခါးသီးလွန်းတဲ့ မာမီ့စကားတွေက ခေတ်သွေးသားသာ ကြားရင် အရမ်းကို စိတ်မကောင်းဖြစ်သွားမှာပဲ။

"သူတို့အမေက ဆုံးပြီဆိုတော့ ခေတ်သွေးသားကို တစ်ယောက်တည်း ထားလို့မရတော့ဘူးလေ၊ ခေတ်မင်းသားက သူ့ညီရဲ့ ဘဝရှေ့ရေးအတွက် ပညာကို ဆုံးခန်းတိုင်အောင် သင်ပေးပါရစေတဲ့၊ မာမီဖြစ်စေချင်တာက ကောင်လေးကို ကြိုက်သလောက်ထောက်ပံ့ပါစေ၊ ဒီမှာတော့ ခေါ်မထားစေချင်ဘူး"

သူ့ဘဝက သနားစရာဘဝလေးပါလား၊ မာမီက

www.burmeseclassic.com



သူ့ကို လုံးဝကြည်ဖြူရဲ့။

"မာမီ့မှာက သမီးအပျိုလေးတစ်ယောက် ရှိနေတယ်လေ"

ဪ . . . မာမီက သူမနဲ့ခေတ်သွေးသားကို စိတ်မချတာပါလား။ ဒီလောက်ဆို မာမီ့သဘောထားကို သူမ ကောင်းကောင်းကြီး နားလည်လိုက်ပြီလေ။

"မာမီကလည်း ထင်စရာရှားလို့"

"ထင်ရတယ် မီးငယ်ရေ။ ဒီလိုဟာမျိုးတွေက စိတ်ချရတာ မဟုတ်ဘူး။ တော်ကြာ မာမီ့သမီး နုနုထွတ်ထွတ်ကလေးကို ကြိုက်သွားရင် ဘယ်လိုလုပ်မလဲ။ မာမီပဲ ရင်ကျိုးရမှာ"

"မာမီ"

"ဟင်"

သူမ မာမီ့စကားတွေကို ဆက်ပြီး နားမထောင်ချင်လို့ တားဆီးပစ်လိုက်သည်။ သူမအသံစူးစူးလေးကြောင့် မာမီပင် လန့်သွားပြီး သူမမျက်နှာကို အလန့်တကြားမော့



ကြည့်၏။ ဒီတော့မှ သူမကိုယ်သူမ သတိထားမိပြီး မာမီစိတ်တွေ အေးချမ်းသွားအောင် . . .

"လာ့ကို အထင်သေးတာလား မာမီ"

"ဘာရယ်"

သူ့အတွက် မာမီ့ကို သူမအကောင်းဆုံးကာဘာလုပ်မှ ဖြစ်တော့မည်လေ။

"လာက မာမီ့သမီးပါ"

"ဟင်"

"မာမီ ဘာတွေလျှောက်ပြီး စိုးရိမ်နေတာလဲ မာမီ။ လာ အရမ်းစိတ်ဆိုးတာပဲ"

"ဟို . . . မာမီတလေ"

"မာမီ စိတ်ပူတာ အရမ်းလွန်နေပြီ"

"ဒါဆို မီးငယ်က . . ."

"လာတို့အိမ်မှာ လာမှီခိုရတဲ့သူကို မာမီရယ်"

"အမလေး . . . မီးငယ်လေးရယ်၊ ဝမ်းသာလိုက်တာ။ မာမီ့ရင်ထဲက အလုံးကြီး အခုမှပဲ ဝုန်းခနဲ ပြုတ်ကျ

www.burmeseclassic.com



**[illegible]**

သမီးလေး မင်္ဂလာဆီက ဒေါ်ခင်မျိုးမြင့် အကြားချင်ဆုံးစကားတွေ ထွက်ကျလာသဖြင့် ဝမ်းသာသွားရသည်။ မျက်နှုံးလေးတွေ တွန့်ကွေးပြီး ညစ်တစ်တစ်လေးဖြစ်နေတဲ့ သမီးချောလေးရဲ့ မျက်နှာသုန်မှုန်မှုန်လေးကို ကြည့်ပြီး ဒေါ်ခင်မျိုးမြင့် စိတ်ချမ်းသာသွားရသည်။ ဒါပေမဲ့ စိတ်ကိုတော့ ဒုန်းဒုန်းမချရဲသေးပါ။ မီးငယ်တ ခေတ်သွေးသားဆိုတဲ့ ကောင်လေးကိုမှ မတွေ့ရသေးတာ။ တွေ့လိုက်ရင် မီးငယ်ရဲ့ စိတ်ဓာတ်တွေ ပြောင်းလဲမသွားနိုင်ဘူးလို့ ဘယ်သူပြောရဲသလဲ။

ခေတ်သွေးသားဆိုတဲ့ ကောင်လေးက မိန်းကလေးတွေ ရင်ခုန်ရလောက်တဲ့ ရုပ်ရည်မျိုးပိုင်ဆိုင်ထားတာ။ ဒီလောက်ချောလွန်းနေတဲ့ ကောင်လေးနဲ့ မီးငယ်ကို ဘယ်လိုမှ စိတ်မချနိုင်သေးတာတော့ အမှန်ပါပဲ။

"မာမီ"

"ဟင်"





"အဲဒီကောင်လေးကို ဘယ်လောက်ထိ လက်ခံထားမှာလဲ"

"အင်း . . . မောင်ခေတ်မင်းသားကတော့ ကျောင်းပြီးလို့ သူ့ဘဝသူ ရပ်တည်လို့ရရင် တော်ပါပြီတဲ့"

"ဒါဆို သုံးလေးနှစ်လောက်တော့ လက်ခံပေးရမှာပေါ့"

"အေးပေါ့ မီးငယ်ရယ်။ ဘယ်တတ်နိုင်ပါ့မလဲ"

သုံးလေးနှစ်ဆိုလို့ သူမစိတ်ထဲ ကြိတ်ပြီး ပျော်သွားရသည်။ ဒီတိုက်ကြီးထဲ သူနဲ့အတူနေခွင့်ရမှာလေ။ အတွေးလေးနဲ့တင် သူမမျက်နှာလေး ပြုံးသွားရသည်။ ဒါကိုတော့ မာမီ မမြင်ချေ။

"မီးငယ်"

"ရှင်"

"ကောင်လေးကို လုံးဝအရောမဝင်နဲ့နော်။ ခပ်မှန်မှန်ပဲ ဆက်ဆံ။ မာမီကတော့ လုံးဝမျက်နှာသာမပေးဘဲ ဆက်ဆံထားတယ်။ ဟွန်း . . . ညည်းအစ်မ စောနာက



www.burmeseclassic.com

www.burmeseclassic.com



ယောက်ျားမျက်နှာလုပ်ပြီး မတ်ကို ခေါင်းပေါ်တင်ချင်နေလို့ မာမီ ကြိတ်ပြီး ပြောထားရသေးတယ်"

ကောင်လေး သနားပါတယ်။ သူ့ခမျာ အားကိုးစရာမရှိလို့ အစ်ကို့မျက်နှာ တစ်ခုတည်းနဲ့ ဒီတိုက်ကြီးထဲ ဝင်လာရတာ။ နည်းနည်းတော့ စာနာသင့်တာပေါ့ မာမီရာ။

"မီးငယ်"

"ရှင်"

"မာမီ အစိုးရိမ်ဆုံးကတော့ မီးငယ်ကိုပဲ"

"ဟာ . . . မာမီကလည်း"

"ဒီတစ်ခါတော့ စေတနာလိုအဖြစ်မျိုး မာမီ အရောက်မခံနိုင်တော့ဘူး။ အမုန်းခံပြီး တားဆီးရမှာပဲ။ ငါ့သမီး နုနုထွတ်ထွတ်လေးကို ဘာအဆင့်အတန်းမှ မရှိတဲ့ ယောက်ျားတစ်ယောက်နဲ့ အဖြစ်မခံနိုင်ဘူး"

"ရှူး . . . မာမီကလည်း တိုးတိုးပြောပါ။ မာမို့ အသံကို ဘေးခန်းက ကြားသွားပါဦးမယ်"

"ကြားတော့ ဘာဖြစ်လဲ၊ ဘယ်သူမှမရှိတဲ့ အခန်း





လွတ်ကြီးဟာကို"

"ရှင်"

အခန်းလွတ်ကြီးတဲ့ ဒါဆို ခေတ်သွေးသားက သူမနဲ့ ဘေးချင်းကပ်အခန်းမှာ မဟုတ်ဘူးပေါ့။

"အဟင်း . . . ဟင်း . . . ဒင်းက ဘာအခြေအနေမှ မရှိဘဲ တိုက်ကြီးပေါ် အခန့်သားနေချင်လို့ ရမလားကွယ်၊ ဒီလို မာမီက အကျော့ဘယ်ခံလိမ့်မလဲ၊ အောက်ထပ်က လွတ်နေတာနဲ့ အလုပ်သမားဒေါ်လင်းနဲ့ သန္တာတို့ရဲ့ ဘေးခန်းမှာ နေရာစီစဉ်ပေးခိုင်းလိုက်တာပေါ့"

သူမရင်ထဲ စိတ်မကောင်းဖြစ်သွားရသည်၊ ဒါပေမဲ့ မာမီ ရိပ်မိသွားမှာစိုးတာမို့ သူမမျက်နှာ သိပ်မပျက်ရဲသေး။ မာမီက သူမနဲ့အဓိကစိုးရိမ်နေတာ မဟုတ်လား။ သူ့အပေါ် သူမ နည်းနည်းလေး စိတ်ဝင်စားလိုက်တာနဲ့ သူ့ဘဝ ခြောင်းထဲရောက်သွားနိုင်သည်၊ သူမ ဝန်ခံပါသည်၊ သူ့ကို မြင်မြင်ချင်း ချစ်မိသွားသည်။ ဘယ်လိုမှ မေ့လို့မရတဲ့ သူ့ရုပ်ဝန်းရှိဝေဝေတွေက သူမအာရုံမှာ ခိုတွယ်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



သူ့ရဲ့ဘဝကို သိလိုက်တော့ ပိုလို့သနားစိတ်နှင့် သံယောဇဉ် တွယ်နေ၏။

ဒါကိုသာ မာမီသိကြည့်စမ်း။ သူ့အထုပ်ဆွဲပြီး ရွာကို ပြန်နိုင်းတော့မှာ။ ဘယ်သူ့မျက်နှာကိုမှ မထောက်ထား တတ်တဲ့ မာမီ့စိတ်က အရမ်းမြန်သည်။ သူ့မကြောင့် သူ့ရဲ့ အနာဂတ်လမ်းကြောင်းတွေ မပျောက်စေချင်။

"မီးငယ် . . . ဟဲ့ . . . မီးငယ် . . . ဘာတွေတွေး နေတာလဲ"

"ဟို . . . ဟို . . . ဖုန်းပြည့်လို့အကြောင်းပါ မာမီ"

သူမပါးစပ်က တွေ့တဲ့နာမည်တစ်ခုကို ကောက်ပြီး ခုတုံးလုပ်လိုက်ရသည်။ သူ့အကြောင်း တွေးနေတာကို တော့ မပြောရဲ။

"ဟင်း . . . ဟင်း . . . မီးငယ် ရွတ်ပြတဲ့နာမည် တွေက များလွန်းလို့ မာမီတောင် မမှတ်မိနိုင်တော့ပါဘူး တွယ်။ အဟင်း . . . ကောင်းတယ် . . . ကောင်းတယ်။ ခေတ်သွေးသား မဟုတ်ရင် ပြီးရော"



"ဟော . . . လာပြန်ပြီ။ ဒီခေတ်သွေးသားဆိုတဲ့ နာမည်။ မာမီနော် လာ စိတ်တိုလာပြီ။ မာမီ ခဏ ခဏ ပြောလို့ စိတ်ဝင်စားလာပြီနော်"

"အမလေး . . . အမလေး . . . မပြောနဲ့ဆိုလည်း မပြောတော့ပါဘူးကွယ်။ စိတ်တော့ မဝင်စားလိုက်ပါနဲ့။ ရှစ်ကြီးနိုးပါရဲ့တော်။ မီးငယ်ပါ ထပ်ပါသွားရင် မာမီ သေလိမ့်မယ်"

"ဟင်း . . . ဟင်း . . . အလကား စတာပါ မာမီ ရယ်။ ကဲ . . . တဲ . . . စိတ်ချလက်ချသာ မာမီ အနားယူပါ။ လာ့အတွက် လုံးဝစိတ်မပူနဲ့"

"မီးငယ်"

"ရှင်"

"ကောင်လေးက အိမ်မှာနိုင်းတဲ့ ဖြံ့ထဲက အလုပ် သမားသားသားလေးပါကွယ်။ မီးငယ်လည်း ကိုမင်းရဲ့ညီဆို ပြီး အားနာမနေနဲ့ ခိုင်းသာခိုင်း"

"ဟယ် . . . မာမီကလည်း"

www.burmeseclassic.com



ဒီစကားကြောင့် သူ့ကို သူမ အားနာသွားမိသည်။

"ဘာမှာမိကလည်းလဲ . . . မီးငယ်နော်"

မာမို့မျက်နှာ ကွက်ခနဲပျက်သွားတာမို့ သူမစိတ်တွေ ပျာယာခတ်သွားရသည်။

"မဟုတ်ပါဘူး မာမီရာ။ ကိုမင်းရေ့တော့ မလုပ်နဲ့လို့ ပြောမလို့ပါ။ ကွယ်ရာတော့ တစ်မျိုးပေါ့"

သူမစကားကြောင့် မာမီရဲ့ မယုံသင်္ကာအကြည့်တွေဟာ ယုတ်လျော့သွားပြီး ခပ်စူးစူးစိုက်ကြည့်ကာ တစ်ခွန်းပဲ ပြောသည်။

"ပြီးရော . . ."

ဟူး . . . ရင်မောရပါလား။ သူမတောင် ဒီလောက်ရင်မောနေရရင် အမိကပတ်သက်ဆက်နွှယ်နေတဲ့ မမစေတနာက ပိုပြီးတော့တောင် ရင်မောရမှာပေါ့။ တစ်ဖက်က မိခင်တစ်ဖက်က လင်ယောက်ျား။ မောပေဦးတော့ မမရေ။

"မာမီ . . . လာ့ကို ပိုက်ဆံနည်းနည်းပေးဦးနော်"





"ဟယ် . . . မနေ့ကလည်း ပေးထားသေးတယ်လေ။ ကုန်ပြီလား"

"Shopping ထွက်လိုက်တာ ကုန်ပြီ"

"အသုံးကြီးလှချည်လား မီးငယ်ရယ်"

"မာမီကလည်းကွာ။ စိတ်ညစ်လိုက်တာ။ ပိုက်ဆံတောင်းတိုင်း အမြဲတမ်းအဆင်ပြေပြေချောမွေ့ရတယ် မရှိဘူး။ အရမ်းစိတ်ရှုပ်တာပဲ။ မယူတော့ဘူး။ သွားတော့မယ်"

ပြောပြောဆိုဆို ဆိုးခနဲ ဆတ်ခနဲ နေရာတကာ အခန်းတံခါးဖွင့်ပြီး ထွက်သွားဖို့ပြင်နေတဲ့ သမီး ဖြစ်သူကို ကြည့်ပြီး ဒေါ်ခင်မိုးမြင့်မျက်လုံးတွေ ပြူးကျယ်သွားရသည်။

"ဟဲ့ . . . မီးငယ်၊ ဒါက ဘာလဲ"

"ပိုက်ဆံလို့ မုန့်သွားယူမလို့"

"ဟဲ့ . . ပိုက်ဆံယူသွားဦးလေ။ ဒီကလေးမတော့"

မာမို့စကားနားမထောင်တော့ဘဲ သူမ အောက်ထပ်ကို ဆင်းလာခဲ့သည်။ မာမီက အချိန်တန်ရင် ပိုက်ဆံထုတ်လာပြီး သူမဆီလာပေးမှာပဲလေ။ အဲဒါကို စောင့်ပြီး



www.burmeseclassic.com

www.burmeseclassic.com



ရှင် သူ့အတွက် အချိန်တွေကုန်သွားမှာပေါ့။ ကောင်လေးတို့ အောက်ထပ်မှာထားတယ်ဆိုတဲ့ သတင်းတစ်ခုနဲ့ဘင်သူမအတွက် အရမ်းလုံလောက်သွားပြီလေ။

## အခန်း ( ၄ )

"ခေတ်သွေးသား"

"ဟင် . . . မင်း"

"မဂ်လာပါ။ မမစေတနာရဲ့ ညီမလေး"

သိသားပဲ။ မာမီကြီးက သူ့ကိုခေါ်ပြီး အသိပေးထားတာလေ။ မဂ်လာဆိုတဲ့ သမီးအငယ်တစ်ယောက် ရှိတယ်တဲ့။ ဒါပေမဲ့ သူ့ကို အခုနမှန်မှန်ပဲနေပါတဲ့။ မီးငယ်ဟာနည်းနည်း အလိုလိုက်ထားလို့ ဆိုးတယ်။ သူမနဲ့ သိပ်ပြီး

www.burmeseclassic.com

www.burmeseclassic.com



အရောတဝင်မဆက်ဆံနိုင်တဲ့လေ။

ဒေါ်ခင်မျိုးမြင့်ရဲ့ အသက်က မင်္ဂလာပဲဆိုတာ ကိုကြီးကလည်း သတိပေးထားသေးသည်။ ခပ်တင်းတင်းပဲ နေတာ အကောင်းဆုံးပဲဟု တိုးတိတ်စွာမှာခဲ့၏။ အဲဒီတစ်ခု ကလွဲပြီး ဘယ်လိုနေနေ ဘာလုပ်လုပ် ဘာမှပြဿနာမရှိ ဘူးတဲ့လေ။ ခက်နေတာက အဲဒီမင်္ဂလာဆိုတဲ့ နာမည် ခပ်ဆန်းဆန်းနဲ့ ကောင်မလေးပဲ။

သူတ မပတ်သက်ချင်လို့ ရှောင်လေလေ သူမက ဘယ်အချိန်အရောဝင်ရမလဲလို့ပဲ စောင့်ကြည့်လေလေပဲ။ အခုလည်း ကြည့်လေ ရေဘူးတွေ ရေဖြည့်ပြီး ရေခဲသေတ္တာ ကို သန့်ရှင်းရေးလုပ်နေတုန်း သူမ ရောက်လာပြီး . . .

"ခေတ်သွေးသား"

သူမ ကြားချင်ယောင်ဆောင်ပြီး နေပစ်လိုက် သည်။ မာမီကြီးကလည်း မလွယ်။ ကိုကြီးရှေ့ကျတော့ သူ့ ကို ဆက်ဆံတာတစ်မျိုး။ ကွယ်ရာကျတော့ မျက်နှာထိ မျက်နှာထားကြီးနှင့်နေသည်။ မမဧတနာကတော့ မဆိုးပါ



ဘူး။ သူ့ကို မောင်အရင်းတစ်ယောက်လို ချစ်ရှာပါသည်။ ဒါပေမဲ့ မာမီကြီးကို ကြောက်ရပုံပင်၊ သူ့ကို အရောမဝင်ရဲ ဘဲ ကရုဏာမျက်ဝန်းလေးတွေနဲ့ပဲ လှမ်းလှမ်းကြည့်နေ တတ်သည်။ သူကတော့ မမနာရဲ့ အခက်အခဲကို နားလည် ပေးလို့ ရနေသည်၊ အဲဒါကြောင့်လည်း ယော်ကျားလေး တန်မဲ့ ဘာမှမနိုင်းပေမယ့် အလိုက်တသိလေးပဲ အိမ် အလုပ်တွေကို သူ့ဝိုင်းကူလုပ်ကိုင်ပေးသည်၊ ဒါကို မာမီကြီး က ကျေနပ်နှစ်သက်တဲ့ မျက်ဝန်းတွေနှင့် မသိဟန်ဆောင် ပြီး မတားဆီးဘဲနေသည်။

"ခေတ်သွေးသား"

သူ့ပခုံးကို သူမက အသာရိုက်ရင်းခေါ်သည်၊ သူမ တ သူ့ရှေ့တည့်တည့်က ပိတ်ရပ်လိုက်သည်၊ ဝတ်ထားတာ လန်းသဖလောက် ရဲတင်းလွန်းတဲ့ ကောင်မလေးပါလား။

"ရှင့်ကို ခင်ချင်တယ်"

ဒီနေ့ သူမ အပြင်ကို သွားနေတာမို့ မာမီက စိတ် ချလက်ချ သူ့သူငယ်ချင်းရဲ့ အလှူကို သွားသည်၊ မမနဲ့

www.burmeseclassic.com



ကိုကြီးကလည်း အလုပ်သွားနေကြတာမို့ တိုက်ကြီးထဲမှာ သူနှင့် အလုပ်သမားတွေချည်းပဲ ကျန်နေမယ်ဆိုတာ သူမ သိထားပြီးသား သူမ အိမ်မှာနေရင် မာ့မီက အလုပ်သွားမှာ မဟုတ်ဘူးလေ။ အဲဒါကြောင့် အထွက်ပြလိုက်တာ။

အိမ်ကို ဖုန်းဆက်ကြည့်တော့ မာမီ မရှိတော့ဘူးတဲ့။ အဲဒါနဲ့ သူမ တမင်ပဲ ပြန်လာခဲ့သည်။ သူ့မျက်နှာလေးကို ကြည့်ပြီး သူနဲ့ ရင်းနှီးချင်လို့လေ။ မိန်းကလေးတန်မဲ့ ရဲရွှန်းတယ်လို့ပြောချင်ပြောပါစေတော့။ သူမက တစ်ဖတ် သတ်ချစ်နေခဲ့သူကိုး။ ဒါကို သူက တနာထောက်ထားမှု ကင်းမဲ့စွာနဲ့ အရေးမစိုက်လိုပ်နေသည်။

"ခေတ်သွေးသား"

"ဗျာ . . . မမလေး"

"ဟင် . . . ဘယ်လိုခေါ်လိုက်တယ်"

"ဟို မမလေးလို့"

"တော်စမ်း . . . ခေတ်သွေးသား"

သူမ ဒေါသထွက်သွားပုံရသည်။ မမလေးလို့





မာမီကြီးက တရိုတသေခေါ်နိုင်းထားတဲ့အတိုင်း ခေါ်တာ သူ ဘာတွေများမှားသွားလို့လဲ။ သူမက ဒါကို ဘာလို့ဒေါသ တကြီး အော်ရတာပါလိမ့်။

"ရှင် . . . ရှင့်ကို ဘယ်သူက ဒီနာမည်ခေါ်နိုင်း လို့လဲ။ လာလို့ပဲခေါ်ပါ။ မမလေးလို့ ဘယ်တော့မှ မခေါ်နဲ့။ ဘျွန်မ မကြိုက်ဘူး သွေး"

လာလို့ခေါ်တဲ့၊ မမလေးလို့ခေါ်တာ မကြိုက်ဘူး တဲ့။ တစ်ယောက်က တစ်မျိုး တစ်ယောက်ကတစ်မျိုးနဲ့ ကြားကနေ သူ ရှုးတော့မည်။ ပညာရေးအတွက်သာ ရည် မှန်းချက်ကြီးကြီးထားရသဖြင့် ကျန်တာတွေကို သည်းခံဖို့ စိတ်ကို မွေးထားရသည်။ ကိုကြီးက လူအောက်ကျိုလို့ ပိ မသေသွားဘူးတဲ့။ အရေးကြီးတာ ကိုယ့်ရည်မှန်းချက်ပန်းတိုင် ကို ရောက်ရရေးက အရေးကြီးတာတဲ့လေ။ အဲဒါကြောင့် ချစိတ်တွေကို ထိန်းထားရတာပါ။

"သွေး"

"ဟုတ်ကဲ့ . . . ပြောပါ"



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မ ရှင်နဲ့ခင်ချင်တယ်"

"ဟုတ်ကဲ့"

"ကျွန်မကို ပြန်ခင်ပါ သွေး"

"ဗျာ"

"ရှင် ကျောင်းတက်ရတော့မယ် မဟုတ်လား သွေး"

"ဟုတ်ကဲ့"

"ဗိတ် . . . ရှင်က တခြားစကားမပြောတတ်တော့ဘူးလား"

သူမ သူ့ကို သိပ်ချစ်မိသွားပြီ။ မိန်းကလေးဆိုတော့ စပြောလို့လည်း မရ။ ပြောချင်စိတ်တွေကို ရင်ထဲမှာပဲ အော်ပြောနေမိသည်။ သူမကို အထင်သေးသွားမှာကိုလည်း စိတ်ထဲက ကြောက်နေမိသည်။

"သွေး"

"ဗျာ"

သူ ဖျတ်ခနဲလှမ်းကြည့်လိုက်စဉ် အရောင်တွေတဖျပ်ဖျပ်နဲ့ ရွှန်းလဲ့တောက်ပနေတဲ့ သူမရဲ့မျက်ဝန်းလေး



တွေနှင့် ရင်ဆိုင်လိုက်ရသည်။ ဖျတ်ခနဲ ငုံ့ကျသွားတဲ့ သူမရဲ့ မျက်ဝန်းလေးတွေက ဘာရယ်လို့ အတတ်မပြောနိုင်တဲ့ ခံစားမှုတစ်ခုက သူ့ရဲ့ရင်ထဲကို ဖြည်းညင်းစွာ တိုးဝင်သွားတာကိုတော့ သတိမထားချင်ပါပဲ ထားမိသွားရသည်။

"ကျွန်မ ရှင်နဲ့သူငယ်ချင်းဖြစ်ချင်ပါတယ်။ တကယ်လို့ ရှင့်ဘက်က သူငယ်ချင်းအဖြစ် လက်မခံနိုင်ဘူးဆိုရင်တော့ ရှင့်ရဲ့ရန်သူမဖြစ်ချင်ပါဘူး။ အဲဒါကို သွေး နားလည်ပေးပါ"

သွေး နားလည်ပေးပါတဲ့။ နူးညံ့လိုက်တဲ့စကားသံလေးပါလား။

"သွေးရဲ့ဘဝနဲ့ အနာဂတ်ကို ကိုယ်တိုင် မဖန်တီးနိုင်ပေမယ့် တစ်နေ့နေ့ တစ်ချိန်ချိန်မှာ အောင်မြင်မှုတွေနဲ့ ငပေါ်တက်လှမ်းသွားတာကို ငေးကြည့်ပြီး လက်ခုပ်တီးပေးချင်တဲ့သူဟာ ကမ္ဘာပေါ်မှာ ကျွန်မ တစ်ယောက်တည်းရှိနေတယ်ဆိုတာကိုတော့ ယုံကြည်ပေးပါ သွေးရယ်"

သူမ ဘာတွေပြောနေတာလဲ၊ သူမပြောတဲ့စကား

www.burmeseclassic.com



တွေရဲ့ အဓိပ္ပာယ်တို့ သူ ဖိုးဝနားမလည်၊ သူ သိတာက သူမ သူ့အနားမှာရှိနေတာ သူ့အတွက် အကြီးမားဆုံး အန္တရာယ်ကြီးပါ။ အခုလို နှစ်ယောက်သား စကားပြောနေတာကို မာမီကြီးသာ တွေ့သွားကြည့်စမ်း၊ ဘယ်လောက်တောင် မိုးမီးလောင်သွားမလဲ၊ ဘယ်လိုမှ ဖြေရှင်းပြလို့ ရမှာမဟုတ်တော့ဘူး။ သူ့ရဲ့ပညာရေးကလည်းရှိသေးတယ်လေ။

သူမ သူ့နားမှာရှိနေတာ သူ့အတွက်ကတော့ တကယ့်ကို စိတ်ရှုပ်ထွေးစရာကြီးပါပဲ။

ထိုစဉ် ခြံထဲမောင်းဝင်လာတဲ့ ကားသံသဲ့သဲ့၊ မင်္ဂလာတစ်ယောက် မျက်လုံးပြူးသွားရသည်၊ ဒါ မာမီပြန်လာတာ၊ သူမကားကို မြင်ရင် မာမီစိတ်ပူတော့မှာပဲ။

“ရှင့်ကို ကျွန်မပြောတာ ကြားရဲ့လား ခေတ်သွေးသား”

“ဗျာ”

ရုတ်တရက်ကြီး ဆိုင်းမဆင့် ဗုံမဆင့် ထွက်ကျလာတဲ့ သူမရဲ့ဒေါသသံစူးစူးက . . .





“ဘာဗျာလဲ၊ ဘာဗျာလဲ၊ ရှင်က ဒီပစ္စည်းတွေရဲ့ တန်ဖိုးကိုမှ နားမလည်တာ၊ ရှင်က ဘယ်နှမြောမလဲ၊ လုပ်တာကိုင်တာလည်း ကြမ်းတမ်းလိုက်တာ၊ ဒါတွေက ပိုက်ဆံနဲ့ပေးပြီး ဝယ်ရတာရှင့်၊ အလကားရထားတာ မဟုတ်ဘူး”

ခါးလေးနှစ်ဖက်ကို ဟန်ပါပါထောက်ပြီး ဒေါသမျက်ဝန်းလေးတွေနဲ့ စိုက်ကြည့်တာ စောစောက သူ့ရှေ့မှာ ရှိနေသော မင်္ဂလာဆိုတဲ့ ကောင်မလေးပုံစံနဲ့ လုံးဝမတူအောင် ခြားနားသွားတဲ့ သူမကိုကြည့်ပြီး သူ အံ့လည်းသြ၊ နားလည်းမလည်နိုင်လောက်အောင်ပင် ငေးကြောင်ပြီး ကြည့်နေမိသည်၊ သူမ ဘယ်လိုဖြစ်သွားတာပါလိမ့်။

“ဘာလဲ . . . ရှင်က ရှင့်အစ်ကိုရဲ့အားကိုး ရှိတယ်ဆိုပြီး လူတွေကို ပမာမခန့်လုပ်တာလား ခေတ်သွေးသား”

“ကျွန်တော်”

“တော်စမ်း . . . ရှင့်ပါးစပ်ကို ပိတ်ထား၊ ကျွန်မကို ဘာမှရှင်းပြဖို့ မကြိုးစားနဲ့”

မျက်စိမျက်နှာပျက်ဖြစ်နေသော သူ့မျက်နှာကို



www.burmeseclassic.com

www.burmeseclassic.com



ကြည့်ပြီး သူမရဲ့ရင်ထဲ နင့်သည်းသွားရသည်။ မာမီရေ့မှာ မို့ဝါ ခေတ်သွေးသားရယ်၊ ကျွန်မကို အထင်မလွဲလိုက်ပါနဲ့နော်။

"ကြည့်လိုက်ရင် ဂျစ်ကန်ကန်နဲ့၊ လူတွေကို ကလန်ကဆန်လုပ်တဲ့နေရာမှာတော့ နှစ်ယောက်မရှိဘူး"

"မဟုတ်ဘူးလေ။ ကျွန်တော်က . . ."

"ဟဲ့ . . . ဟဲ့ . . . မီးငယ်။ ဒါက ဘာဖြစ်နေတာလဲ"

အနောက်ဘက်မီးဖိုခန်းဆီမှ ဆူညံ ဆူညံ အသံဝလဲကြောင့် အလှူအိမ်က ပြန်လာတဲ့ ဒေါ်ခင်မျိုးမြင့် တစ်ယောက် မျက်လုံးပြူးသွားရသည်။ ခြံထဲဝင်လိုက်တာနဲ့ မီးငယ်ရဲ့ကားကို မြင်လိုက်တော့ ဒေါ်ခင်မျိုးမြင့် ရင်ထဲ ထိတ်ခနဲ ဖြစ်သွားရသည်။ မီးငယ်က ဘယ်တုန်းကမှ ဒီအချိန် ပြန်လာဖူးလို့လဲ။ တစ်ဖနေကုန် တစ်နေခန်း လျှောက်လည်ပတ်နေတတ်တဲ့ ကောင်မလေးတစ်ယောက်လေ။ ပြီးတော့ တိုက်ထဲမှာက ဟိုကောင်လေးက ရှိနေသေးတာမို့ မီးငယ်





အတွက် စိုးရိမ်သွားရသည်။

"ဟဲ့ . . . မီးငယ်"

မင်္ဂလာဆိုတဲ့ကောင်မလေးဆီက ထွက်ကျလာတဲ့ စကားလုံးတွေကြောင့် ရှက်စိတ်တွေရော၊ မာနကြောင့် ထွက်ကျလာတဲ့ နာကြည်းချက်တွေရော အားလုံးပေါင်းပြီး သူ့အသံ မထွက်တော့။

"ဘယ်လိုဖြစ်တာလဲ မီးငယ်ရယ်၊ လာစမ်းပါဦး"

ဒေါ်သတကြီးဖြစ်နေတဲ့ သမီးဖြစ်သူ မင်္ဂလာရဲ့ လက်ကိုဆွဲကာ အပြင်သို့ ခေါ်ထုတ်ပြီး မေးမိသည်။

"ဘာဖြစ်ရမှာလဲ မာမီရယ်။ အပြင်ကနေပြန်လာတာ ခေါင်းတွေကိုက်နေလို့ သံပရာရည်လေး သောက်ချင်လာတာနဲ့ သန္တာကို ဖျော်ခိုင်းမလို့ မီးဖိုခန်းထဲ ဝင်လာတာ၊ သန္တာတို့ ဒေါ်လင်းတို့ကလည်း မရှိကြဘူး။ သူက ရေဘူးတွေကို ရေခဲသေတ္တာထဲ ထည့်နေတာတွေ့လို့ သံပရာရေ ဖျော်တတ်ရင် တစ်ခွက်လောက် ဖျော်ပေးပါလို့ ပြောတာကို သူ့အလုပ်သူ ဆက်လုပ်ပြီး လာ့ကို အရေးမစိုက်သလို



www.burmeseclassic.com

www.burmeseclassic.com



လုပ်နေတာလေ။ ဒီကလည်း ဘယ်ရမလဲ၊ လာပ်ဟာ၊ သူက ဆောင့်ဆောင့်အောင့်အောင့်နဲ့ ဆက်ဆံတာကို လက်ခံရမလား"

မာမို့ကို သူမ မဟုတ်ကဟုတ်တတွေ လုပ်ဇာတ်ခင်းလိုက်သည်။

"ဪ . . . မီးငယ်ရယ် လာပါကွယ်၊ အေးအေးဆေးဆေးပြောရအောင်ပေါ့၊ ဒါက တခြားသူမဟုတ်ဘူးလေ၊ ခေတ်မင်းသားရဲ့ညီပဲဟာ"

မာမို့မျက်ဝန်းတွေထဲမှာ မသတ်ာရိပ်တွေ သူမ တွေ့နေရသည်။

"ဘယ်သူ့ညီပဲဖြစ်ဖြစ် လာကတော့ နိုင်းမှာပဲ၊ လာ နိုင်းရင် ချက်ချင်းလုပ်မှ ကြိုက်တတ်တာ မာမီအသိပဲဟာ"

"ဟုတ်ပါတယ် မီးငယ်ရယ်"

ဒေါသတွေနဲ့ ဆူဝေနေတဲ့ သမီးငယ်ကိုကြည့်ပြီး ဒေါ်ခင်မျိုးမြင့်ကြိတ်ပြီး ဝမ်းသာနေမိသည်။ မီးငယ်ကြောင့်





ခေတ်သွေးသား မျက်နှာကတော့ မျက်စိမျက်နှာပျက်နှင့်။

"ခေတ်သွေးသား"

စိတ်မကောင်းဖြစ်နေတဲ့ လေသံနဲ့ ခေါ်လိုက်တဲ့ ဒေါ်ခင်မျိုးမြင့်ကို မျက်နှာငယ်လေးနှင့် မော့ကြည့်ပြီး . . .

"ဗျာ . . . မာမီကြီး"

"စိတ်မရှိပါနဲ့ကွယ်။ မီးငယ်က နည်းနည်းဆိုးလို့ပါ"

"ဟာ . . . မာမီကလည်း သူတို့ဘာလို့အဆက်ကျနောက်ကျခံပြီး ပြောနေရတာလဲ။ မကျေနပ်ရင် ထွက်သွားပေါ့"

"ဟဲ့ . . . မီးငယ်"

သူမပြောပြီး ချာခနဲ လှည့်ထွက်ခဲ့လိုက်သည်။ သူ့ကို အလိုမရှိသလို ပုံစံလေးနှင့် ပြောချလိုက်သည်။ မာမီက လှမ်းတားဆီးပေမယ့် သူ့ကို အစုလိုပြောဆို ဆက်ဆံနေတာကို မာမီ ဝမ်းသာနေမှာပါပဲ၊ ဒါကို သူမသိတာပေါ့။ အဲဒါကြောင့်လည်း ရင်ထဲကမပါဘဲ ပါးစပ်ထဲတွေကရောတွေ လျှောက်ပြီး စွတ်ပြောနေလိုက်တာလေ။



www.burmeseclassic.com

www.burmeseclassic.com



သူမရဲ့စကားတွေကို အဟုတ်ထင်ပြီး သူမကို မုန်းနေတော့မှာပဲ။ မာမီကတော့ ထုံးစံအတိုင်း သူမနောက်ကို အပြေးလိုက်လာတာပေါ့။ သွေးရယ် ကျွန်မကို ခွင့်လွှတ်ပါနော်။ အခုလိုမျိုး ဆက်ဆံလိုက်ရတာ ရှင့်ဘဝ ကောင်းဖို့အတွက်ပါ ရှင်ရယ်။ သူမတစ်ယောက်တည်း စိတ်ထဲကနေ တီတိတီတ်လေး ပြောနေမိတော့သည်။



## အခန်း ( ၅ )

သူ မနေ့ကဖြစ်တဲ့ကိစ္စကို အခုထက်ထိ မကျေမနပ်ဖြစ်နေမိသည်။ သူ့ဘက်က ဘာအမှားအယွင်းမှ မလုပ်ပါဘဲနှင့် မင်္ဂလာဆိုတဲ့ ကောင်မလေး သက်သက်မဲ့ ပြဿနာရှာတာ။ မာမီကြီးကတော့ သမီးဖြစ်သူကိုသာ တားဆီးနေပေမယ့် အခုလိုအနိုင်ကျင့်ပြီး မောက်မောက်မာမာ ဆက်ဆံတာကို ကျေနပ်နေတဲ့ပုံပါပဲ။

အိုးသြစရာကောင်းလိုက်တာ။ ကိုကြီးတို့ လင်မယား



www.burmeseclassic.com

www.burmeseclassic.com



ဒီကိစ္စသိပြီး စိတ်တွေရှုပ်ထွေးသွားမှာစိုးလို့ ဘယ်သူမှ ပါးစပ်မဟကြနဲ့ဆိုပြီး မာမီကြီးက ကြိုပြီး ပိတ်ထားသည်။ သူ့ရင်ထဲမှာ မေမေ့ကို သတိရနေမိသည်။ သူ့ဘဝမှာ အားကိုးရာ ရင်ဖွင့်စရာဆိုလို့ တစ်ယောက်မှ မရှိဘူးလေ။ အလုပ်ပင်ပန်းတဲ့ကိုကြီးကိုလည်း ဒီလောက်ပြဿနာလေးနဲ့ စိတ်မရှုပ်စေချင်။ တစ်ယောက်တည်း ကြိတ်ပြီး ခံစားနေလိုက်သည်။

သူတို့က အင်အားကြီးပြီး အသိုင်းအဝိုင်းကောင်းတဲ့သူတွေဆိုတော့ သူ့ရဲ့ယောကျ်ားမာနနဲ့ စိတ်ခံစားချက်တွေကို အောက်ဆုံးအထိ လျှော့ထားရဦးမှာပေါ့။ တစ်ယောက်တည်း မြို့ကြီးရဲ့အနောက်မှာ ထိုင်နေမိသည်။

ဒါပေမဲ့ အဲဒီမြင်ကွင်းကို တစ်နေရာက ကြည့်နေတဲ့ သူမကိုတော့ သူ သတိထားမိပုံမရ။ သူမ စိတ်မကောင်းဖြစ်မိသည်။ တစ်ယောက်တည်း ထိုင်ငေးနေတဲ့သူ့ကိုကြည့်ပြီး သူမ ရင်တွေ နာကျင်နေသည်။

"အရမ်းချစ်တာပဲ မောင်ရယ်"





ရှင့်ကို တွေ့လိုက်ကတည်းက ကျွန်မ နှလုံးသားတွေ ပွက်ပွက်ဆူသွားတဲ့အထိ ရှင့်ကို ချစ်မိသွားတယ်။

"ရှပ် . . . ရှပ်"

သူ့အနားကို လျှောက်လှမ်းလာသော ခြေသံ ခပ်တိုးတိုးကြောင့် သူ တွေးနေတာတွေ ရပ်ပြီး မော့ကြည့်လိုက်မိသည်။ မင်္ဂလာဆိုတဲ့ ကောင်မလေးပါလား။ ဒူးမလုံ့တဲ့ ဘောင်းဘီအတိုင်ဝါရောင်လေးကို ဆီးရောင်ကိုယ်ကျပ်လက်ပြတ်လေးနှင့် တွဲဝတ်ထားကာ ဆံပင်တောက်တောက်ရွှေရောင်လေးတွေကို ခပ်မြင့်မြင့် စုချည်ထားပြီး နားကွင်းအကြီးကြီး ဝတ်ထားတဲ့ သူမက တစ်မျိုးလေး လင်းလက်လှပနေသည်။ သူ့နားကို သူမရောက်တော့ သူ ထိုင်နေရာကနေ ဆတ်ခနဲ ထမိသည်။

"ခေတ်သွေးသား"

". . ."

"ကျွန်မ တောင်းပန်ပါတယ် သွေးရယ်။ ကျွန်မကြောင့် ရှင့်ရဲ့စိတ်တွေ ညစ်သွားရပြီ မဟုတ်လား။ စိတ်



www.burmeseclassic.com

www.burmeseclassic.com



မကောင်းလိုက်တာ သွေးရယ်"

သူမ အသံလေးတွေက အက်ရှရှလေးနဲ့ အဖျား ခတ်တုန်ယင်နေသည်။ မနက်က ဒေါ်သသီမျက်နှာထား တင်းတင်းနှင့် တစ်ဖက်သားအပေါ် စာနာထောက်ထားမှု မရှိစွာ ရန်လိုမုန်းထားမှုတွေနဲ့ တိုက်ခိုက်ခဲ့တဲ့ မင်္ဂလာ၊ ကျားတစ်ကောင်ရဲ့ အားမာန်မျိုးနဲ့ သူ့ကို အခဲမကျေ အရေခွံ စုတ်ဖို့ ကြိုးစားခဲ့တဲ့ မင်္ဂလာဆိုတဲ့ တောင်မလေးက အခု တော့ဖြည်း စကားသံလေးက လေပြည်လေညင်းကလေး လို နူးညံ့အေးမြလို့ နေပါလား။ မွှေးပျံ့တဲ့ ရနံ့တွေနဲ့ အတူ လူ့ကို ဆွတ်ပျံ့သွားစေတဲ့ လေပြည်လေညင်းကလေးအဖြစ် အံ့ပြောင်းအလဲ မြန်လှချည်လား။

"သွေး"

"သွေး . . . ကျွန်မကို စိတ်မဆိုးပါနဲ့နော်။ တောင်း ပန်ပါတယ်"

"ကျွန် . . . ကျွန်တော် တိုက်ထဲဝင်တော့မယ်"

ခေတ်ရှေ့ပြေးနေတဲ့ ဝတ်စားပြင်ဆင်ထားတဲ့

ရှေ့သို့



သူမပုံစံလေးက သူ့လို ရိုးရိုးအေးအေး နေတတ်တဲ့ သူ့ အတွက်ကတော့မျက်စိနောက်စရာပါ။ ဒါပေမဲ့ ဒီလိုပြင်ဆင် မှုတွေက သူနဲ့လုံးဝမသက်ဆိုင်သလို မျက်နှာလွှဲနေလို့ရ သော်လည်း လူတွေလစ်ရင် သူ့နားကို ရောက်ရောက်လာ တတ်ပြီး သူမရဲ့တစ်ဖွတ်ထိုးလုပ်တတ်တဲ့ အကျင့်လေးတွေ ကတော့ သူနဲ့သက်ဆိုင်နေပါသည်။

သူ့ဘက်က မပါပေမယ့် သူမရဲ့ အနုလိုအကျင့် ကလေးတွေက တခြားလူတွေသာ မြင်သွားရင် အထင်လွဲ ရာတွေ ဖြစ်ကုန်တော့မည်။ ဒါကို ဘယ်လိုတားဆီးရမလဲ။ ဘယ်လိုရှောင်ရမလဲ။ ကိုကြီးကိုပဲ ပြောရမလား။ ဒါဆို ညီ ကိုစွနဲ့ပတ်သက်ပြီး မမနှာနဲ့ အိမ်ထောင်ရေး ပဋိပက္ခဖြစ် သွားနိုင်သည်။ မာမီကြီးဆီကို တိုင်ရင်လည်း သူ့သမီးဘက် က မှန်တယ်ဆိုပြီး သူ့ကို ဒီတိုက်ကြီးနဲ့အဝေးဆုံးကို သွား နိုင်ဦးမည်။

သူမကို တစ်ယောက်တည်းထားခဲ့ပြီး သူ တစ် ယောက်တည်း အိမ်ထဲကို ဝင်ခဲ့သည်။ တစ်နေ့တော့ . . .

www.burmeseclassic.com

www.burmeseclassic.com



"ဒီနေ့ အိမ်ကို အတူးခြည်သည်လာမှာနော်။ သေသေချာချာ ရှင်းလင်းထားကြ"

မနက်စောစောစီးစီး ဒေါ်ခင်မျိုးမြင့် အသံက စာနေသည်။ တစ်ခုပြီးတစ်ခု လက်ညှိုးထိုးကာ နိုင်းနေသည်။ ပါးစပ်ကလည်း အလုပ်သမားတွေကို ပေါက်ပေါက်ဖောက်သလို ပြောဆိုအော်ဟစ်လိုက်၊ ကိုယ်တိုင် ဝင်လုပ်ပြလိုက်နှင့် အလုပ်တွေ ရှုပ်နေသည်။ တစ်အိမ်လုံးက အလုပ်သမားတွေက ပြေးလိုက်လွှားလိုက်နှင့် တစ်စက်ကလေးမှ မနားရအောင် အလုပ်လုပ်နေရသည်။

ဒေါ်ခင်မျိုးမြင့်က သူ့ခန္ဓာကိုယ်နှင့် လိုက်ဖက်တင့်တယ်စွာ ဝတ်စားဆင်ယင်ထားပြီး စိန်တွေကိုလည်း မျက်စိကျိန်းစပ်လောက်အောင် ဝတ်ထားသေးသည်။ ခြံထဲက မာလီတွေတောင် အငြိမ်မနေရ။ ဒီလောက်ရှင်းလင်းနေတဲ့ ခြံကြီးကို ထပ်ပြီး ရှင်းလင်းခိုင်းနေ၏။ မီးဖိုချောင်မှာ ဒေါ်လင်းက ဟင်းချက်စရာတွေ ကြော်လှော်ချက်ပြုတ်နေရတာမို့ အလုပ်မအားသလို အိမ်ဖော်မလေး သန္တာက





လည်း တစ်အိမ်လုံး သန့်ရှင်းရေးတွေ လုပ်နေရတဲ့အတွက် ယားလို့ပင် မကုတ်နိုင်။ သူတို့ကြားထဲ အဆစ်ပါနေသူက သူပါပဲ။

ဧည့်ခန်းထဲက အလှမီးဆိုင်းကြီးတို့ ထိုင်ခုံအမြင့်ကြီးနှင့်တက်ပြီး ဖုန်သုတ်နေရသည်။ မလုပ်လို့ကလည်း ရမှ မရတာ။ ဒေါ်ခင်မျိုးမြင့်ရဲ့စကားသံကိုလည်း ကြည့်ဦးလေ။

"ဧည့်ခန်းထဲက မီးဆိုင်းမှာလည်း ဖုန်တွေရှည်းပဲ။ အိမ်မှာ ယောက်ျားလေးတွေရှိပြီး ဘာလုပ်နေကြသလဲ မသိဘူးလို့ သူများတွေတော့ ကြည့်ပြီး ကဲ့ရဲ့ကြတော့မှာပဲ။ သိပ်စိတ်ပျက်ဖို့ကောင်းတာပဲကွယ်"

သူ့ဘက်ကို မသိမသာလှည့်ပြီး ပြောလာတဲ့ စကားတွေလေ။ သူက ခြံထဲက မာလီတွေကို ကူလုပ်ပေးနေတုန်း သူ့ရှေ့တည့်တည့်လာပြီး ညည်းညူပြတာဆိုတော့ ဒေါ်ခင်မျိုးမြင့် သဘောက အထင်သားပေါ်လွင်နေသည်။ သူ့ကို သွားလုပ်စေချင်တယ်ဆိုတာ ရိပ်မိတာမို့ လှမ်းလက်စ

www.burmeseclassic.com



ကို ရပ်ပြီး ဒေါ်ခင်မျိုးမြင့်ဘက်ကို လှည့်ကာပြောလိုက်သည်။

"ကျွန်တော် သွားလုပ်လိုက်ပါ့မယ် မာမီကြီး"

အဲဒီအခါမှာတော့ အင်မတန်အိုက်တင်ကောင်းတဲ့ ဒေါ်ခင်မျိုးမြင့်က ပျာပျာသလဲ အမူအရာနှင့် . . .

"ဟယ် . . . အားနာစရာကွယ်၊ ခေတ်သွေးသား လုပ်နိုင်မှာ မဟုတ်ပါဘူး၊ နေပါစေ"

"ရပါတယ် မာမီကြီး၊ အားမနာပါနဲ့"

"အင်းလေ . . . မင်းက ဒီလောက်ပြောနေရင်လည်း အားမနာတော့ပါဘူးကွယ်၊ သားရဲ့လက်ရာလေးကို မာမီ စိတ်ချယုံကြည်လိုက်တော့မယ်နော်"

"ဟုတ်ကဲ့ပါ မာမီကြီး"

သူပြောပြီး လှည့်ထွက်သွားဖို့အလုပ် . . .

"ဪ . . . ခေတ်သွေးသား"

ဒေါ်ခင်မျိုးမြင့်ခေါ်သံကြားတာမို့ သူ နောက်ဘက်ပြန်လှည့်ကြည့်တော့ . . .

"မောင်ခေတ်မင်းသားတွေရှင် . . ."



"ရပါတယ်၊ ဒါ ကျွန်တော့်ဘာသာလုပ်ချင်လို့ လုပ်ပေးတာလို့ ပြောပြလိုက်ပါ့မယ်၊ ကျွန်တော်လည်း အလုပ်အားနေတာပဲလေ"

သူ တကယ့်စိတ်ရင်းအတိုင်း ပြောလိုက်ခြင်းရယ်ပါ၊ အိမ်မှာ ဘာအဲလုပ်မှမလုပ်ဘဲ အလကားမနေတတ်ပါဘူး၊ တတ်နိုင်သမျှ သူ ဝိုင်းလုပ်ကိုင်ပေးတာပါပဲ၊

"အေးကွယ် . . . လိမ္မာလိုက်တာ၊ အဟင်း . . . မာမီကြီးအတွက် တကယ့်အားကိုးစရာပါပဲ"

သူ မာမီကြီးရှေ့ကနေ ထွက်လာခဲ့လိုက်သည်။ ဧည့်ခန်းထဲ ရောက်တော့ မီးဆိုင်းကြီးက လက်လက်ထနေသည်၊ အိမ်ကြီးရှင်ရဲ့အလိုကျ မသန့်ဘူးဆိုတော့ ထပ်ရှင်းရပေမပေါ့လေ၊ သူက ဒီတိုက်ကြီးထဲ မှီခိုနေရသူ မဟုတ်ပါလား၊

မင်္ဂလာတစ်ယောက်ကတော့ဖြင့် အိပ်ရာက နိုးပြီးပြီချင်း ရေမိုးချိုးကာ မှန်တင်ခုံရှေ့ အလှပြင်မလို့ ထိုင်နေမိသည်၊ မှန်ထဲမှာပေါ်နေတဲ့ နုချောလန်းဆန်းနေတဲ့

www.burmeseclassic.com

www.burmeseclassic.com



မျက်နှာချောချောလေးကို စိုက်ကြည့်မိသည်။

ဖြူနေတဲ့ အသားအရေနှင့်လိုက်ဖက်စွာ မျက်ခုံးစိမ်းစိမ်းလှလှလေး နှစ်ခု တစ်ချက်စိုက်ကြည့်လိုက်တာနှင့် တစ်သက် မမေ့နိုင်စရာ ညှို့မျက်ဝန်းတစ်စုံ၊ နှာတံစင်းစင်းလေးအောက်က ပန်းနုရောင်အမြဲတမ်းသမ်းနေတဲ့ နှုတ်ခမ်းလေးတစ်ခု။ ပြုံးလိုက်တိုင်း အနည်းငယ်ရှိုင့်ဝင်သွားတတ်တဲ့ ပါးချိုင့်လေးတွေကြောင့် ငယ်ရွယ်သော အသက်အရွယ်နှင့် လိုက်ဖက်စွာ ချောလွန်းနေသည်။

နေ့စဉ် ကိုယ်ကာယသင်တန်းသွားပြီး လေ့ကျင့်ထားသဖြင့် ကျစ်လျစ်သွယ်လျကာ ကိုယ်ခန္ဓာအချိုးအစားက သူနေရာနှင့်သူ လှပနေသောကြောင့် မြင်ရသူယောက်ျားလေးအပေါင်း ပစ်ကျသွားလောက်စရာ သူမအသွင်လေးက ထူးခြားနေသည်။ ဒါကို ဘာကြောင့်များခေတ်သွေးသားဆိုတဲ့ ကောင်လေးက စိတ်ဝင်တစား မရှိရတာလဲ။ ချောမောလွန်းတဲ့ သူမမျက်နှာချောချောကို မြင်လိုက်တာနဲ့ မကောင်းဆိုးဝါးတစ်ကောင်ကို မြင်လိုက်ရသ





လို ထိတ်လန့်တုန်လှုပ်သွားတတ်တဲ့ သူ့ပုံစံက အံ့ဩစရာ၊ မယုံကြည်နိုင်စရာပါပဲ။

ပြီးတော့ ပိုက်ဆံချမ်းသာလွန်းတဲ့ အသိုင်းအဝိုင်းထဲက ကောင်လေးချောချောလေးတွေကို ရင်ခုန်မှု ကင်းစွာခင်တွယ်ပြီး တွဲသွားတွဲလာ သူငယ်ချင်းအဖြစ်သာ ပေါင်းတတ်သော သူမကအရော ခပ်နွမ်းနွမ်း အဝတ်အစားဒီဇိုင်းများသာ ဝတ်တတ်တဲ့ ဘာငွေ၊ ဘာဂုဏ်၊ ဘာအသိုင်းအဝိုင်းမှ မပါတဲ့ သာမန်ကောင်လေးတစ်ယောက်ဖြစ်တဲ့ သူ့ကိုမှ မြင်မြင်ချင်း ရင်ခုန်လိုက်မောကာ မက်မက်မောမော ချစ်မိသွားရတာလဲ။

မိုးလင်းကနေ မိုးချုပ်အထိ သူ့ရဲ့မျက်နှာချောချောလေးကို မြင်တွေ့ရဖို့ အသည်းအသန်မျှော်လင့်နေမိသည်။ ဘယ်လိုမှမဖြစ်နိုင်တဲ့ အခြေအနေတစ်ခုကိုမှ လက်မလွှတ်ချင်လောက်အောင် ဇွတ်တွယ်ချင်နေရသလဲဆိုတာ စဉ်းစားလို့ကို မရတော့ပါ။ ဒါဖူးစာလား၊ ကံကြမ္မာကြောင့်လား။ ဘာရယ်လို့ ဝေခွဲလို့မရနိုင်ခင်မှာပဲ သူက သူမနှလုံးသား

www.burmeseclassic.com



လေးရဲ့ အနက်ရှိုင်းဆုံးနေရာလေးကို တိုးဝင်နိုင်မယ်လို့ သွားပြီလေ။ ဘယ်လိုလုပ်ရမလဲ။ သူ့ကို သူမ အချစ်ကြီးချစ်နေမိပြီ။ မာမီကလည်း တစ်မျိုး။

မာမီသာသိရင် ပြဿနာတွေ အကြီးအကျယ်တက်မယ်ဆိုတာ သိပေမယ့် ရင်ထဲက စူးနင့်နေအောင် ခံစားရတဲ့ ဝေဒနာနဲ့ ဖြေသိမ့်သက်သာရာလေးကို သူမ ဖြည့်ပေးမိတာ သူမတို့ သူ နားလည်ပေးပါလို့ တောင်းပန်ရတော့မှာပဲ။ အင်း ဒီအချိန်ဆို သူ အောက်ထပ်မှာရှိနေဦးမှာပဲ။ သူမ အလှပြင်ပြီးတာနဲ့ လှေကားထစ်တွေကို နင်းဖြတ်ပြီး အောက်ထပ်သို့အရောက် မထင်မှတ်စွာ မျက်ဝန်းအကြည့်လေးများက စည့်ခန်းဘက်ဆီ ရောက်သွားတော့တယ် . . .

ဧည့်ခန်းထဲက မီးဆိုင်းကြီးကို ခုံလှေကားကြီးနဲ့ တက်ပြီး ဖုန်သုတ်နေတဲ့ သူ့ကကဲ ထုံးစံအတိုင်း သူ့အလုပ်တာဝန်ကိုသာ အာရုံနစ်ထားတတ်တဲ့ အကျင့်အတိုင်း ဘယ်ကိုမှ စိတ်ပျံ့လွင့်မှု ရှိမနေချေ။ သူမ သူ့ကိုကြည့်ပြီး



စိတ်တွေ ဝုန်းခနဲ ပေါက်ကွဲသွားရသည်။ ခြေလှမ်းတွေက သူ့ဆီကို ချက်ချင်းရိုသလို ရောက်သွားရ၏။

"ဆင်းစမ်း . . . ခေသွး"

သူမက ပြောတော့ သူ ဆင်းလာသည်။ သူ သူမ ရှေ့ကိုရောက်တော့ . . .

"ရှင့်ကို ဒါလုပ်ဖို့ ဘယ်သူခိုင်းတာလဲ"

"ဗျာ"

"ဒါ ရှင်လုပ်ရမယ့် အလုပ်လား"

သူမရဲ့မေးခွန်းထဲမှာ ဒေါသသံတွေ ပွက်နေပြန်ပြီ။ ကျွတ် . . . ဒုက္ခပဲ။ မင်္ဂလာဆိုတဲ့ ကောင်မလေး လာရှုပ်ပြန်ပြီ။ သူ့ကိုယ်ဟာကို အေးအေးမနေရပါလား။ မာမီကြီးက ခိုင်းထားတာ သူ မလုပ်လို့ ရမလား၊ ဒီနေ့ ဧည့်သည်တွေလာလည်မှာတဲ့။ ဘယ်လောက်ထိ အရေးကြီးသလဲတော့ မသိဘူး၊ မာမီကြီး ပျာယာကို ခတ်နေတာပဲ၊ သူလည်း ဒီတိုက်ကြီးထဲမှာနေတဲ့သူတစ်ယောက်ပဲလေ၊ ခိုင်းလုပ်ကိုင်ပေးရမယ့် တာဝန် ရှိတာပေါ့။ ဒါကို ပေါင်းရောင်

www.burmeseclassic.com



ပြီးနေလို့ ရမလား။ သူမလို သူဌေးသမီးကတော့ ဟုတ်တာပေါ့။ အခန့်သားနေလည်း ဘယ်သူကမှ အပြစ်မပြောရဲ။ သူ့ဘဝက သူများကြည်ဖြူအောင် လုပ်ပေးမှ စိတ်အေးအေးချမ်းချမ်း နေရမယ့်ဘဝ၊ အဲဒါကြောင့် သင့်တင့်အောင် လိုက်လျောညီထွေစွာ ပေါင်းသင်းဆက်ဆံနေရသည်။

"သွား . . . ရှင့်ကိုမေးနေတယ်လေ။ ဒါ ဘယ်သူ လုပ်နိုင်းတာလဲလို့"

"ကျွန်တော့်ဘာသာလုပ် . . ."

"ဘာ"

သူမလေးရဲ့ အသံက ဆောင့်အောင့်ပြီးထွက်လာသည်။

"ရှင်ကလည်းကွာ အဓိပ္ပာယ်မရှိတာ တော်တော် လုပ်ဖို့ ဝါသနာပါတာပဲ"

"ဗျာ"

"ဒါ ရှင်လုပ်ရမယ့်အလုပ်မဟုတ်ဘူး"

ဒီတမ္မာမှာ ရှင်လုပ်ရမယ့် အလုပ်တ ကျွန်မကို





ပြန်ချစ်ဖို့ပဲဆိုတဲ့စကားကိုတော့ သူမ ရင်ထဲက တီးတိုးကလေး ရေရွတ်လိုက်မိသည်။

"ထားလိုက်တော့၊ ရှင် ဆက်လုပ်စရာမလိုဘူး"

"မဖြစ်ဘူးခင်ဗျ။ ဒီနေ့ ညှိသည်လာလည်မှာတဲ့။ အဲဒါကြောင့် ဝိုင်းလုပ်ပေးနေတာပါ။ ကျွန်တော် ဆက်လုပ် လိုက်ပါဦးမယ် မမလေး"

"ခေါ်ပြန်ပြီ ဒီနာမည်၊ ကျွန်မ ရှင့်ကို ဘာမှာထားလဲ၊ ရှင် တော်တော်မှတ်ဉာဏ်နည်းတာပဲ၊ ဒီတော့ ကျွန်မ ခေါ်ခိုင်းတဲ့ နာမည်ကိုပဲခေါ်ပါ"

ပြောပြီး သူမ လှည့်ထွက်ခဲ့လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၆ )

"အန်တီခင်"

ခေါ်လိုက်တာက ဝေယံ။ အသံက ဆောင့်ဆောင့်အောင့်အောင့်၊ မျက်နှာက ပျက်လို့၊ ဝေယံတို့သားအမိကို ဒေါ်ခင်မျိုးမြင့်က အိမ်ကို လာလည်ပါ။ သမီးဖြစ်သူနဲ့လည်း မိတ်ဆက်ပေးချင်လို့ချည်ရဲ့ဆိုပြီး ဖိတ်ကြားထားတာလေ။ အဲဒါကြောင့် သူတို့သားအမိလာခဲ့တာပါ။ ဝေယံ့တစ်စွန်းတစ်စကြားထားတာက သူ့ကို သဘောကျလို့ ဒေါ်ခင်မျိုးမြင့်





က သူ့သမီးအတွက် ကမ်းလှမ်းချင်နေတယ်တဲ့။ ပြီးတော့ မင်္ဂလာဆိုတဲ့ ကောင်မလေးကိုလည်း သူ မြင်ဖူးထားပြီးသား။ သူငယ်ချင်းတစ်ယောက်ရဲ့ မွေးနေ့ပွဲမှာတုန်းကလေ။ မြင်မြင်ချင်းပဲ မင်္ဂလာကို သူ သဘောကျသွားတာ။

ဒါကို မင်္ဂလာကတော့ သိမှာမဟုတ်၊ သူ့မာမီ ဒေါ်သခင်နဲ့ ဒေါ်ခင်မျိုးမြင့်တို့က ငယ်သူငယ်ချင်းတွေဆိုတော့ သူတို့ဆီကို ဒေါ်ခင်မျိုးမြင့်က အလှူလာရင်းကနေ သားသမီးတွေအကြောင်း စကားစပ်မိသွားကြခြင်း ဖြစ်သည်။ မင်္ဂလာတို့အိမ် သွားလည်ရမှာမို့ မနက်အစောကြီးကတည်းက ပြင်ဆင်ကာ စတိုင်(လ်)ထုတ်နေခဲ့တာ။

အခုတော့ သူ့စိတ်တွေ ရှုပ်ထွေးကာ သူမျက်စိမျက်နှာပျက်သွားရသည်။ မနာလိုစိတ်တွေက ရင်တစ်ခုလုံး ပွပြင်းယောင်မြိုက်သွားရ၏။ ပျော်ရွှင်မှုတွေအစား စိုးရိမ်ထိတ်လန့်မှုတွေက သွေးကြောတစ်လျှောက် စီးဆင်းလာသည်။

"သား . . . ဝေယံ ပြောလေကွယ်"



www.burmeseclassic.com

www.burmeseclassic.com



"အန်တီတို့ဆီမှာက အလုပ်သမားကလည်း သားနား လှချည်လား"

"ဟင်"

"ဟာ"

ဝေယံစကားကြောင့် အားလုံး မျက်လုံးပြူးသွားသလို တိုင်ပင်မထားဘဲ ရှေးခြင်းတောင် ကူသယ်လာသော ခေတ်သွေးသားဆီကို ဒိုင်းခနဲ စုပုံပြီးကျလာသည်။

"ဟုတ်ပါရဲ့၊ ခင်ကလည်း အလုပ်သမားဆိုတာ အလုပ်သမားအတိုင်းထားတာ အကောင်းဆုံးပဲ၊ ဝတ်စားတာ သိပ်ပြီးလွန်လွန်းတယ်။ ဒူးနေရာဒူး တော်နေရာတော်ပေါ့။ အဲဒီလို ကြပ်ကြပ်လုပ် ခင်းတို့က ကျေးဇူးသိတတ်တာတွေ မဟုတ်ဘူး။ ခေါင်းပေါ်တက်လိမ့်မယ်"

မာမီ့သူငယ်ချင်း ဒေါ်သဇင်ကပါ သူ့ကို သတိထားပြီး သားရဲ့လေသံအတိုင်း ပျစ်ပျစ်နှစ်နှစ် ဝေဖန်နေ၏။ သူမကတော့ သူ့ဘက်ကနေ မခံမရပ်နိုင်စွာ ဒေါ်သတွေ ဝုန်းခနဲပေါက်ကွဲသွားရသည်။ ဆွဲခြင်းကြီးဆွဲရက်သားနဲ့ မျက်နှာ





နီရဲစွာ ရပ်နေသော သူတတော့ မျက်စိပျက် မျက်နှာပျက်နှင့်။ သူမ သိပ်ချစ်ရတဲ့သူ့ကို လူပုံအလယ်မှာ အရှက်ခွဲနေကြတာလေ။

ဒါကို သိသိကြီးနဲ့ မာမီက ဘာကြောင့်ဖြေရှင်းမပြရတာလဲ။ ဒီကောင်လေးတာ သမက် ခေတ်မင်းသားရဲ့ ညီဆိုတာကို ဘာကြောင့် မပြောပြရတာလဲ။ မရှင်းပြတဲ့အပြင် ပြုံးပြီးကြည့်နေတဲ့ မာမီက . . .

"အဟင်း . . . ဟင်း . . . မဟုတ်ပါဘူးကွယ်၊ ဒါက အန်တီဆင်ပေးထားတာ မဟုတ်ပါဘူး။ ခေတ်သွေးသား ရွာကလာကတည်းက ပါလာတာပါ။ ကဲပါကွာ . . . ဒါတွေ ထားလိုက်ပါတော့ နေ့လယ်စာစားကြတာပေါ့။ ဒီနေ့ ပေါယ်ရှယ် ကိုယ်တိုင်ဝင်ဦးစီးပြီးတော့ကို ချက်ထားတာနော်၊ ခေတ်သွေးသား သွားတော့၊ ဒေါ်လင်းတို့အားလုံး အဆင်သင့်ပြင်ထားနိုင်းလိုက်တော့"

အိမ်အလုပ်သမားလို့ မထင်ထင်ချင်အောင် ပြောလိုက်တဲ့ အနှောင့်အသွားမလွှတ်တဲ့ အမှာစကားကို ရှိုးသား



www.burmeseclassic.com

www.burmeseclassic.com



တဲ့ သူကတော့ ဘာမှ မသိသော်လည်း သူမကတော့ မာမီ့ စကားကို ဘယ်လိုမှ သဘောမတွေ့၊ ဒီကောင်လေးက လည်း အလုပ်မဟုတ်တာ လုပ်တာကိုး၊ ဈေးခြင်းတောင်း သယ်တဲ့အလုပ်က မာလီတွေလုပ်တဲ့အလုပ်ကို သူ့အလုပ် ကြနေတာပဲ၊

အဝတ်အစားသစ်သစ်လွင်လွင်နဲ့ သိပ်ပြီး ချော မောနေတဲ့ သူ့ကို ဝေယံ အမြင်ကတ်ပြီး ပြောတော့တာပေါ့၊ သူက ဝေယံနဲ့တခြားဆီပဲလေ၊ သိန်းကျော်တန်တဲ့ အဝတ် အစားတွေကြောင့်သာ ဝေယံက ကြည့်လို့ကောင်းနေတာ၊ ဝတ်ထားတဲ့ အဝတ်အစားတွေကြောင့် ဂုဏ်တင့်နေတာ၊ တကယ်တော့ ဘယ်အကျ့ပစ္စည်းမှ မရှိတဲ့ သူ့ရဲ့ချောမောမှု ကိုတော့ မမီ၊ ဒါကို သိလို့ မနာလိုမှုတွေနဲ့ ပေါက်ကွဲပြီး ဝေဖန်လိုက်တာလေ၊

“အန်တီခင်”

“ပြောလေ သား”

“သူ့ကို အလုပ်မခန့်ပါနဲ့ဗျာ”



“ဟင် . . . ဘယ်သူ့ကိုလဲ ဝေယံရဲ့”

ဝေယံ၏ ဆိုင်းမဆင့်ဗုံမဆင့် တောင်းဆိုလိုက်သံ ကြောင့် တိတ်ဆိတ်နေတဲ့ စကားဝိုင်းလေးက ပြန်လည် အသက်ဝင်သွားရသည်၊ ဈေးခြင်းတောင်းကြီး ဆွဲပြီး ထွက် သွားတဲ့ ခေတ်သွေးသားဆိုတဲ့ သူ့နဲ့မတိမ်းမယိမ်း အရွယ် အလုပ်သမားလေးအပေါ် သူ အလိုလိုမုန်းတီး စက်ဆုပ်နေ မိသည်၊ စိတ်မချမ်းဖြစ်နေမိသည်၊ ဒီလောက်လှတဲ့ကောင်နဲ့ သူ တိတ်တခိုးစိတ်ဝင်စားနေမိတဲ့ မင်္ဂလာဆိုတဲ့ ကောင်မ လေးကို ဘယ်လိုမှ တစ်အိမ်တည်းမှာ အတူရှိနေတာ သဘောမကျနိုင်ပါဘူး၊ သူ့ဇွေးသမီးဆိုပြီး အပိုင်ရှိုင်တော့ ဘယ့်နှယ်လုပ်မတုံး၊

“ခေတ်သွေးသားဆိုတဲ့ကောင်ကိုလေ”

“ဟာ”

မာမီအံ့သြသွားသလို သူမပင် အသက်ရှူမှား လွှင်းမတတ် ဂုန်လှုပ်သွားရသည်၊

“သူ့ကြည့်ရတာ သိပ်ပြီးလက်ကြောတင်းမယ့်ပုံ

www.burmeseclassic.com



လည်း မရှိဘူး"

"ဝေယံ"

ဒီတစ်ခါတော့ သူမ သည်းမခံနိုင်တော့၊ သူများ အိမ်တွင်းရေးကို ဝင်ရောက်စွက်ဖက်ပိုင်ခွင့် မရှိဘူးဆိုတာ ဝေယံ နားမလည်ဘူးလား။ ဝေယံကို ကြည့်ရတာ မပြော မချင်း ရပ်မည့်ပုံမရ၊ ခေတ်သွေးသားအပေါ် အခဲမကျေပုံ က အထင်းသားတွေ့နေရ၏။

"ဘာလဲ . . . မင်္ဂလာ"

"ခေတ်သွေးသားက . . ."

"မီးငယ်"

မာမီ့အသံကြောင့် သူမ ခန္ဓာကိုယ်လေး တွန့်ခနဲ ဖြစ်သွားရသည်၊ အခုမှ သတိထားမိသွားရသည်၊ မာမီ စိတ်မချဆုံးက သူမ သူ့အပေါ် စိတ်ဝင်စားသွားမှာကိုပဲ။ ဒါကြောင့် အခုလို အတိုးအကျယ်နှိမ့်ချပြီး ဆက်ဆံနေတာ ပေါ့။

"အဟင်း . . . ဟင်း . . . စောစောက ခေတ်



သွေးသားက အိမ်ဖော်မဟုတ်ဘူးကွယ့်၊ အန်တီခင့်သမက် ခေတ်မင်းသားရဲ့ညီလေး၊ သမီးကြီးရဲ့ မတ်ပေါ့ကွယ်၊ အဲဒါ သူ့အမေ ဆုံးသွားလို့ ပညာလေးဆက်သင်ပေးပါရစေဆိုပြီး သမက်က တောင်းဆိုလို့ ခေါ်ထားရတာ"

"ဟင် . . . ဒါများ ဝိုက်ခံထောက်ပြီး အဆောင် တစ်ခုခုမှာ ထားပေးလိုက်ပေါ့ အန်တီခင်ရဲ့"

မာမီ ဒီလောက် ဖြေရှင်းနေတာတောင် ဝေယံက အလျှော့မပေးသေးဘဲ ဆက်ပြောနေသေးသည်၊ သူမ ကြာတော့ အမြင်ကတ်လာသည်၊ အဲဒီဝေယံဆိုတဲ့ကောင် ကို ပါးရိုက်ချင်စိတ်တွေက တဖွားဖွားပေါ်လာမိသည်၊

"ဟုတ်ပါ့ ခင်ရယ်၊ ဒီလိုဟာမျိုးကို အိမ်ပေါ်ခေါ် မတင်သင့်ဘူး။ ခြေနှစ်ချောင်း မကာယ်ကောင်းဆိုတဲ့ စကား လည်း ရှိတယ်လေ၊ စေတနာလို ထပ်ပြီးဖြစ်နေဦးမယ်။ တိုယ့်မှာက သမီးပျိုချောချောလေး ရှိသေးတယ် မဟုတ် လား။ အပြင်မှာ အလေနတောနေပြီး ခင်တို့အိမ်ရောက်မှ အပိုးကျိုးအောင်နေပြနေတာမျိုး ဖြစ်နေဦးမယ်၊ ကောင်လေး

www.burmeseclassic.com

www.burmeseclassic.com



ရုပ်က သနားတမားနဲ့၊ မျက်နှာကလည်း ယောကျ်ားတန်မဲ့ ချောလိုက်တာ၊ ပိုင်းလုံးဖြစ်မယ့်ရုပ်၊ စဉ်းစားဦးနော်၊ သေသေချာချာ စဉ်းစား"

လာပြန်ပြီ နောက်တစ်ယောက်၊ သားအမိနှစ်ယောက်စလုံး ညွှန်သည်က ညွှန်သည်လို မနေကြဘဲ သူ့တစ်ပါးအတွင်းရေးကို ပါချင်နေကြသည်၊ ကြာတော့ သူမဆက်ပြီး နားထောင်နိုင်စွမ်းမရှိတော့၊ ယောကျ်ားတန်မဲ့ ပျစ်ပျစ်နှစ်နှစ် အတင်းတုတ်နေကြတဲ့ ဝေယံရဲ့စကားပိုင်းကနေ အကြောင်းရှာပြီး ထွက်ဖို့ စဉ်းစားလိုက်သည်၊

ထို့နောက် . . .

"ဟာ"

အဖေအားခွက်ကို သောက်သလိုလိုနှင့် သူမ ကိုယ်ပေါ်ကို လောင်းချလိုက်သည်။

"ဟယ် . . . မှောက်ကုန်ပြီ"

"မီးငယ်ကလည်းကွယ်၊ ဒါလေး သောက်တာတောင်၊ သွား . . . သန့်ရှင်းရေးသွားလုပ်"



အကျီအဖြူလှလှလေးပေါ် ဖိတ်ကျသွားတဲ့ အဖေအားကွက်ကြီးကို လက်ကလေးနဲ့ တခါခါလုပ်နေတဲ့ သူမဆီ မျက်စောင်းထိုးကာ မာမီက အပြစ်တင်လေသည်၊

"ဟို . . . အရှိန်လွန်သွားလို့ပါ မာမီရယ်၊ ခဏနော် ကျွန်မ အကျီတွေသွားလဲလိုက်ဦးမယ်"

မာမီတို့လည်း ဖြေရှင်းရင်း အားလုံးတို့လည်း ဆက်ကာ ခွင့်တောင်းလိုက်သည်၊ ပြီးတော့ သွက်လက်စွာ နေရာကနေ လစ်ထွက်ပြီး အပေါ်ထပ်သို့ အပြေးတက်ခဲ့တော့သည်၊

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၇ )

ဒီနေ့ သူ သင်တန်းတက်ရမှာပါ။ ကျောင်းကိုတော့ အဝေးသင်တက္ကသိုလ်ပဲ ယူလိုက်၏။ ကိုကြီးက လိုက်ပို့ပေးမယ်လို့ မနေ့ ညကတည်းက မမစေတနာ လာပြီးပြောပြီးသားမို့ အမြန်လုပ်စရာရှိတဲ့အလုပ်တွေ ဝိုင်းကူလုပ်ပြီး အပြင်သွားဖို့ ပြင်ဆင်ရသည်။

မမစေတနာကတော့ မာမီကြီး ဘုရားရှိခိုးနေတဲ့ အချိန်တွင် သူ့ဆီလာပြီး နိုးဝယ်လာတဲ့ အဝတ်အစားတွေ



လာပေးသွားသည်။ သူ အတင်းငြင်းပေမယ့် ပိုက်ဆံတစ်ထပ်လည်း အတင်းပေးသွားသေးသည်။ အားမငယ်ဖို့၊ စာကို ကြိုးစားဖို့ မှာသွားသေးသည်။

တွေးရင်း မင်္ဂလာကို သတိသွားရမိသည်။ သူ့ကို အမြဲလိုက်ပြီး ရောဖို့ ကြိုးစားနေတဲ့ ကောင်မလေး၊ ပြီးတော့ ဝတ်ပုံစားပုံကလည်း တစ်စက်ကလေးမှ အရိုးမကျ။ မျက်စိကို နှောက်ပြီး ရှုပ်ယှက်ခတ်နေတာပဲ။ ရုပ်ကလေးက မှုန်နေအောင် ချောသလောက် အဝတ်အစားကြောင့် မျက်စိနောက်စရာလေးဖြစ်နေတဲ့သူမကို သူ အမြင်ကတ်လွန်းလို့။

"သွားရေ . . . ညီလေး ပြီးရင်သွားရအောင်ကွာ"

"ဟုတ်ကဲ့ ကိုကြီး"

အပြင်ကနေ ကိုကြီးခေါ်သံကြောင့် သူ အတွေးစတွေကို ဖြတ်ပြီး ကျောပိုးလွယ်အိတ်ကလေးကို ကောက်လွယ်လိုက်ကာ အပြင်ကို ထွက်ခဲ့သည်။ ဧည့်ခန်းထဲမှာ ကိုကြီးနဲ့အတူ မင်္ဂလာရော ဒေါ်ခင်မိုးမြင့်ပါ ထိုင်နေတာကို တွေ့ရသည်။ TShirt မိုးပြာရောင်လေးကို ဂျင်းပန်ဘင်တစ်ထည်

www.burmeseclassic.com

www.burmeseclassic.com



နှင့် တွဲဝတ်ထားတာမို့ သူ့အသွင်က အရင်ကလို ပေစုတ် စုတ်မဟုတ်ဘဲ သစ်လွင်တောက်ပနေသည်။ သူဝတ်စား ထားတာကို ကြည့်ပြီး ကိုကြီးမျက်နှာမှာ ကျေနပ်ပီတိရိပ် ကလေး ဖျတ်ခနဲ ပြေးသွားသလို ဒေါ်ခင်မျိုးမြင့်မျက်နှာက တော့ မနာလိုဝန်တိုမှုတွေနဲ့အတူ မဲ့ခနဲ ဖြစ်လို့သွားသည်။

"ပြီးပြီလား ညီလေး"

"ဟုတ်ကဲ့"

"ဒါဆို သွားရအောင်"

"မာမီ . . . ကျွန်တော်တို့ သွားလိုက်ဦးမယ်နော်"

"အေး . . . အေး . . . မင်းညီကို သေချာကျူရှင် ပို့ဦးနော်။ တော်ကြာ ကျူရှင်နဲ့ ရှုတင်မှားလာတယ်လို့ ထင် နေကြဦးမယ် ဟင်း . . . ဟင်း"

ဒေါ်ခင်မျိုးမြင့် စကားရဲ့အဓိပ္ပာယ်ကို နားလည် လိုက်တာမို့ သူ့မျက်နှာ ကွက်ခနဲ ပျက်သွားရသည်။ ဒါကို ကိုကြီးကလည်း နားလည်တာမို့ ကရုဏာသက်သော မျက်လုံးများနှင့် အားပေးနှစ်သိမ့်လေသည်။ ကိုကြီး စိတ်



မကောင်းဖြစ်သွားမှာကို သူမလိုလားတာကြောင့် မျက်နှာ ကို ပြင်ကာ ချက်ချင်းပဲ ပြုံးပြလိုက်တော့သည်။ ချက်ချင်း ဆိုသလို ပြန်ပြုံးသွားတဲ့ သူ့မျက်နှာကိုမြင်တော့မှ ကိုကြီး စိတ်ချသွားပုံနှင့် ခေါင်းကလေး ဆတ်ခနဲညိတ်ပြသည်။

ကိုကြီးမောင်းတဲ့ကားလေးနဲ့ သူ့သင်တန်းကို သွား ရသည်။ လမ်းတစ်လျှောက်လုံးလည်း တကြိုးစားဖို့အကြောင်း နှင့် အားငယ်စိတ်တွေ မထားဘဲ အားလုံးကို နားလည် အလျှော့ပေးဆက်ဆံပေါင်းသင်းဖို့ မှာခဲ့သည်။

သူ့စိတ်တွေကတော့ အဝေးကို မျောလွင့်နေ သည်။ လူကသာ ကိုကြီးရဲ့အနားမှာရှိနေတာ စိတ်ကတော့ ဟိုကောင်မလေးဆီ ရောက်နေသည်။

ကြည့်လေ၊ သူ ထွက်လာရက်နဲ့ သူ့ဘက်ကို တစ်စက်ကလေးမှ စောင်းငဲ့မကြည့်ဘဲ သတင်းစာဖတ်နေ သည်၊ ဘယ်သတင်းကများ ဒီလောက်ထိစိတ်ဝင်စားဖို့ ကောင်းနေသလဲ မသိဘူး။ သူမှက တကယ်ကို မသိချင် ယောင်ဆောင်ပြီး လှည့်တောင် မကြည့်ချေ။

www.burmeseclassic.com

www.burmeseclassic.com



"ညီလေး . . . ညီလေး"

"ဟင် . . . ဗျာ . . . ဘာလဲ ကိုကြီး"

"အမလေးဗျာ . . . ဒီကတော့ ဆုံးမစကားတွေ ပြောနေလိုက်ရတာ အမြုပ်တောင်ထွက်မတတ်ပဲ။ သူကတော့ သူ့အတွေးနဲ့သူ မျောနေတယ်"

"ဟာဗျာ . . . ကိုကြီးကလည်း"

ကိုကြီးစကားကြောင့် သူ့စိတ်တွေ မလုံမလဲ ဖြစ်သွားရသည်။ ကပျာကယာ ငြင်းလိုက်ပေမယ့် ကိုကြီး မျက်နှာမှာ ကျေနပ်မှုတွေ မတွေ့ရဘဲ မျက်မှောင်လေး တွန့်ကျုံ့ထားသည်။

"ကောင်လေးနော် . . . ဘာတွေတွေးလွန်နေတာလဲ။ အရူလိုတွေဝေဝေးငိုင်နေတာမျိုး မကြိုက်ပါဘူး"

"မဟုတ်ပါဘူး ကိုကြီးရာ။ ညီက အရူလို ကိုကြီးရဲ့ အရိပ်အောက်မှာ အေးအေးချမ်းချမ်း ပညာသင်ခွင့်ရနေပြီဆိုတာ မေမေ့ကို ပြောပြချင်လွန်းလို့ စိတ်တွေ ပျံလွင့်သွားတာပါ"





သူ့ တကယ်ပဲ မေမေ့ကို သတိရသွားမိတာပါ။ ဒီတော့မှ ကိုကြီး ကျေနပ်သွားပုံနှင့် . . .

"မေမေ့ကို စိတ်ချမ်းသာစေချင်ရင် ညီလေးက စာကြိုးစားနော်။ စာထဲမှာပဲ အာရုံနှစ်ထား။ ဒါကိုကြီးပေးနိုင်တဲ့ အချိန်မို့ ညီလေးဘဝ တိုးတက်ပြီး လူ့ဘဝမှာ ခြေစုံမားမားမတ်မတ် ရပ်တည်နိုင်တဲ့အထိ လိမ္မာပါးနပ်စွာနဲ့ ရအောင်ယူထားနော်။ ဒါမှ မေမေက ညီလေးကို စိတ်ချလက်ချနဲ့ တမလွန်ဘဝမှာ နေနိုင်မှာ"

"ဟုတ်ကဲ့ပါ ကိုကြီး စိတ်ချပါ"

"ညီလေး . . . ကိုကြီးကို နားလည်ပေးပါနော်။ ကိုကြီးက ညီလေး ကောင်းစားတာကို မြင်ချင်လို့ ဆုံးမနေတာပါကွာ"

ကိုကြီးရဲ့စေတနာ၊ မေတ္တာတွေကို ညီ နားလည်ပါတယ် ကိုကြီးရယ်။ သူ့စိတ်ထဲကနေ တိတ်တိတ်ကလေး ပြောနေမိတော့သည်။

မင်္ဂလာတစ်ယောက်ကတော့ အပေါ်ထပ် တက်



www.burmeseclassic.com

www.burmeseclassic.com



လိုက် အောက်ဆင်းလိုက်နှင့် တစ်ယောက်တည်း ယောက်ယက်ခတ်နေသည်။ သူ ဒီတိုက်ကြီးထဲမှာ မရှိဘူးဆိုတဲ့ အသိကြောင့် နေရတာ ပျင်းရိလာသည်။ သူငယ်ချင်းတွေဆီလည်း မသွားချင်တော့။ သူငယ်ချင်းတွေထဲမှာ ယောက်ျားလေး အပေါင်းအသင်းတွေနဲ့ သူမရဲ့ ဆက်ဆံမှုအပေါ် သူ တစ်မျိုးအထင်လွဲသွားမှာ ကြောက်မိသည်။

အခန်းထဲဝင်ပြီး သီချင်းအကျယ်ကြီးဖွင့်ပြီး နားထောင်နေလိုက်သည်။ သူမ မျက်ဝန်းထဲမှာ သူ ကျောင်းသွားတဲ့ပုံစံလေးကိုပဲ မြင်ယောင်နေမိသည်။ သူ့ရဲ့ပုံစံကို ကြည့်ပြီး အစကတည်းက မျက်မုန်းကျိုးချင်နေတဲ့ မာမီက ကဲ့ရဲ့ရှုတ်ချလိုက်ခြင်းအပေါ် သူမ အားနာသွားရသည်။ ဖျတ်ခနဲ သတင်းစာဖတ်ချင်ယောင် ဆောင်နေရာမှ သူ့ကို နိုးကြည့်လိုက်မိသည်။

မာမီကတော့ လုံးဝမကျေနပ်သော်လည်း သမက်ဖြစ်သူအပေါ်လည်း လုံးဝမလွှန်ဆန်ရဲသေးချေ။ ကိုမင်းက မာမီ အားကိုးရတဲ့ သမက်လေ။ အစွမ်းအစရှိတဲ့ ကိုမင်းရဲ့





လက်ထက်မှာမှ စီးပွားရေးလုပ်ငန်းတွေက ပိုပြီးတိုးတက်လာတာ။ အင်မတန်ဂုဏ်မက်တဲ့ မာမီ၊ ငွေမက်တဲ့မာမီရဲ့ စိတ်တွေကို ဘယ်လိုတရားချပြီး ပြုပြင်ပြောင်းလဲနိုင်းရမလဲ မသိတော့ပါ။

သူ့ကို သူမ အချစ်ကြီးချစ်မိသွားပြီဆိုတာကိုသာ မာမီ သိရင် မိုးမီးလောင်သွားမှာ။ သူလည်း အခုလို အေးအေးချမ်းချမ်း ပညာသင်ခွင့်ရတော့မှာ မဟုတ်တော့။ အဲဒါတွေကို သိလို့ သူမစိတ်တွေကို ထိန်းချုပ်ထားတာပါ။ ဒါပေမဲ့ ကျောက်တောင်ကျောက်ခဲတောင် သဘာဝတရားရဲ့ ရိုက်ခတ်မှု ခံရပါများရင် ရွေ့လျားသေးတာပဲ။ သူမရဲ့ နူးညံ့တဲ့နှလုံးလေးက အချစ်ရဲ့ရိုက်ခတ်မှုဒဏ်တွေကို ဘယ်လိုလုပ် တောင့်ခံနိုင်မှာလဲနော်။

နောက်ဆုံးတော့ မအောင့်အီးနိုင်တော့ဘဲ အခန်းထဲက ထွက်လာခဲ့တော့ . . .

"သမီးငယ် . . . ဒါက ဘယ်လဲ"

"အပြင်ခဏသွားမလို့ မာမီ"



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်အပြင်လဲ"

"မစပ်စုကြေးလေး မာမီ"

သူမပြောလည်းပြော အောက်ထပ်ကို အပြေးကလေး ဆင်းခဲ့တာမို့ မာမီ ဘာမှဆက်မပြောနိုင်ဘဲ ကျန်နေရစ်ခဲ့တော့သည်။ သူမ ကားသော့လေးကို ဆော့ကစားကာ ရပ်ထားသောကားလေးဆီသို့ ခပ်မြန်မြန်လျှောက်သွားရင်း ကားပေါ်တက်မည်အပြု . . .

"မီးငယ်"

"ရှင်"

"သင်တန်းဆီလိုက်သွားဖို့ မစဉ်းစားနဲ့နော်"

"ဟာ . . . မာမီကလည်း"

သူမ ပြောလည်းပြော စိတ်ထဲကလည်း စိတ်ချမာမီရေ၊ အဲဒီကိုပဲသွားမှာမို့လို့လေ၊ ကားကို မောင်းထွက်လာခဲ့သည်။

စိတ်ထဲမှာတော့ သူနဲ့တွေ့ရတော့မှာပဲဆိုတဲ့ အတွေးနဲ့ ဝမ်းသာပျော်ရွှင်လိုက်ရတာလည်း မဖြေပြပါနဲ့





တော့၊ ကိုမင်း လာကြိုမှာဆိုတာ သိပေမယ့် စိတ်တွေက ထိန်းချုပ်လို့ မရတော့ပါ။ တဖြည်းဖြည်းနှင့် သူမကားလေးက သူတက်တဲ့ အင်္ဂလိပ်စကားပြောသင်တန်းကျောင်းလေးရှိရာ လမ်းလေးထဲသို့ မောင်းဝင်လာခဲ့မိသည်၊ သင်တန်းနှင့် နီးလာလေလေ ရင်ခုန်သံတွေ မြန်လာလေလေပါပဲ။

သွေးရယ် ကျွန်မဟာ အဲဒီလောက်ထိ ရှင့်နဲ့ ပတ်သက်လာရင် စိတ်တွေ လှုပ်ရှားပြီး ပျာယာခတ်သွားတတ်တာ၊ မိန်းကလေးဆိုတဲ့ အသိစိတ်တွေ ဘယ်လောက်ပဲ တားဆီးနေနေ မသိစိတ်တွေက တစ်ဖွတ်ထိုးဆန်အောင် တွန်းအားပို့ပေးနေသည်၊ အဲဒါကို မထိန်းချုပ်ချင်တဲ့ သူမကိုတော့ နားလည်ပေးပါ။

သူမ ကားလေးကိုလည်း သတိထားပြီး မောင်းနေရတဲ့အပြင် မျက်လုံးတွေကိုလည်း အငြိမ်မထားနိုင်စွာ ကိုမင်းရဲ့ကားကိုလည်း ရှာကြည့်နေရသေးသည်၊ ဒီနေ့မှ တိုက်တိုက်ဆိုင်ဆိုင် ဒီမှာလာဆုံလို့ တစ်မျိုးအတွေးဝင်သွားရင် အခက်၊ ထိုစဉ် ရုတ်တရက် တိုးဝင်လာတဲ့ခြင်းကွင်း



www.burmeseclassic.com

www.burmeseclassic.com



တစ်ခုကြောင့် သူမရဲ့မျက်ဝန်းတွေ ပျာခနဲဖြစ်သွားကာ အသိအာရုံတွေ ဝေဝါးသွားရသည်။ သူမရှေ့မှာတော့ . . .

# အခန်း ( ၈ )

"တောက်!"

သူမ တောက်တစ်ချက် ခပ်ပြင်းပြင်း ခေါက်လိုက်သည်။ ဒီနေ့မှ သင်တန်းစတက်တယ် ဒင်းက အတွဲနှင့် ဟုတ်နေသည်။ သူ အပျံစားဝတ်ထားတဲ့ ကောင်မတစ်ကောင်နှင့် ရပ်ပြီး စကားပြောနေသည်။ သတိလက်လွတ် ငေးကြည့်နေမိရာမှ သတိပြန်ဝင်လာကာ နောက်မှ တားဟွန်းသံလေးကြောင့် လန့်သွားရသည်။ ဒေါ်သမတွေက

www.burmeseclassic.com

www.burmeseclassic.com



ထောင်းထောင်းထလာသည်။ အသိစိတ်တွေ ထိန်းချုပ်နိုင်တဲ့ စွမ်းအားတွေ မဲ့သွားရသည်။ သူမကတော့ မိန်းကလေးတန်မဲ့ အရှက်အကြောက်မရှိ လိုက်လာရသည်။ သူရဲ့ အညာအတာ ကင်းမဲ့တဲ့လုပ်ရပ်ကြောင့် သူမ နလုံးသားနုနုလေး တစ်စစီ အက်ကွဲနေရပြီ။

လက်လွှတ်ဆုံးရှုံးသွားပြီလားဆိုတဲ့ အသိကြောင့် ရင်တွေ ပူလောင်လာသည်၊ သိပ်ပြီးစဉ်းစားမနေတော့ဘဲ သူနှင့် သူ့ကောင်မရှေ့တွင် ကားကို တျိုခနဲထိုးရပ်လိုက်သည်။

"ခေတ်သွေးသား"

"ဟင်"

"ကိုမင်း မအားဘူးဆိုပြီး ဖုန်းဆက်လို့ လာကြိုတာ ဘေးက သူ့ကောင်မဆီ လုံးဝလှည့်မကြည့်ဘဲ သူ့ကို ခေါ်လိုက်သည်။ သူမကိုမြင်တာနဲ့ အကြီးအကျယ် မျက်နှာပျက်နေတဲ့ သူ့ကိုကြည့်ပြီး သူမ ကြေကွဲသွားရသည်။ တက်လေ . . . ဘာလုပ်နေတာလဲ"



သူကတော့ ဒေါသအမျက်ခြောင်းခြောင်းထွက်နေတဲ့ သူမကို ဘယ်လိုမှ နားမလည်နိုင်တော့ပါ။ သူမ ဘာဖြစ်နေတာလဲ၊ အိမ်မှာတုန်းကတော့ လှကို မမြင်ချင်ယောင်ဆောင်ပြီး တစ်စက်ကလေးမှ လှမ်းကြည့်ဖော်မရတဲ့ ကောင်မလေး။ အခုလည်း ဘာတွေမကျေမနပ်ဖြစ်လာပြန်ပြီလဲ မသိပါဘူး။ မျက်နှာကလည်း သုန်မှုန်လို့။

ကိုကြီးကလည်း အပြန် သူလာကြိုမယ်လို့ မှာထားပြီး ဘာကြောင့်များ ဒီကောင်မလေးဆီ ဖုန်းဆက်ပြီး ကြိုခိုင်းနေရသလဲ မသိဘူး။ နည်းနည်းနောက်ကျမှ လာကြိုလည်း ရတာပဲ၊ သူက ယောကျ်ားလေးဆိုတော့ စောင့်နေလည်း ဘာဖြစ်လဲ၊ ယောကျ်ားတန်မဲ့ မိန်းကလေး တစ်ယောက်မောင်းတဲ့ကားကိုတော့ အခန့်သား ထိုင်မစီးချင်ပါဘူး။

ဒီမှာ သူတို့နေခဲ့တဲ့ မြို့လေးက အသိ အိအိဖြိုးတစ်ယောက်လုံး ရှိနေတာပဲ၊ ဒီကောင်မလေးကို အရေးတကြီး လာကြိုခိုင်းနေသေးသည်၊ ကိုကြီးက သူ့ကို အိအိ

www.burmeseclassic.com



ဖြိုးဆီမှာ အပ်ခဲ့တာလေ၊ အိအိဖြိုးက ရန်ကုန်မှာနေတာ ကြာသူမို့ အိမ်ရှင်လူတစ်ယောက်လို ဖြစ်နေပြီ၊ အလုပ်တစ်ဖက်နှင့် အင်္ဂလိပ်စကားပြောသင်တန်းတက်နေတဲ့ အိအိဖြိုးတ အချိန်သိပ်မအားဘူးဆိုပေမယ့် နာရီဝက်လောက်တော့ စောင့်ပေးနိုင်သည်တဲ့၊ နောက်ဖနေ့ဆို လိုင်းကားစီးတဲ့နေရာတွေပါ ပြပေးမယ်ဆိုပြီး စကားပြောနေတာပါ၊ အခုတော့ မေးရတာပင် မဆုံးသေး သူမကားလေးက လာကြိုနေပြီ၊

"ဘာလုပ်နေတာလဲ၊ ကားပေါ်တက်လေ"

"ဟုတ်ကဲ့"

"မဖြိုး ကျွန်တော် သွားတော့မယ်နော်"

"ကောင်းပါပြီ ခေတ်သွေးရယ်၊ မနက်ဖြန်စောစောလာခဲ့နော်"

"ဟုတ်ကဲ့ခင်ဗျ"

သူမ အံကိုခပ်တင်းတင်းကြိတ်ထားလိုက်သည်၊ သူမကို ရှေ့တည့်တည့်ထားပြီး ချိန်းဆိုကာ တစ်ယောက်နဲ့





တစ်ယောက် မခွဲနိုင်မခွာရက်သလို နှုတ်ဆက်နေတဲ့ သူ့ကို သူမ ဘယ်လိုမှ စိတ်ရှည်ရှည်မထားချင်တော့။ ဖြစ်နိုင်ရင် လက်ကို ခပ်တင်းတင်းဆွဲပြီး ကားပေါ် တွန်းတင်လိုက်ချင်သည်၊ သူ ကားပေါ်တက်ထိုင်လိုက်တာနှင့် သူမ ဝေါခနဲ မောင်းထွက်လာခဲ့သည်၊ သူ့ကို တခြားမိန်းမတစ်ယောက်နဲ့ အခုလိုမြင်တွေ့ရလိမ့်မည်လို့ သူမ ဘယ်တုန်းကမှ ထင်မထားမိပါ။

သူ့တွင် သူမထက် ရင်ဦးထားသူ ရှိနေပြီဆိုတဲ့ အသိက ဘယ်လိုမှ သွေးအေးအေးနဲ့နေလို့မရအောင် အသိ အာရုံတွေထဲမှ ထိုးဖောက်မွှေနှောက်က သူမစိတ်တွေ ဆိုးသွမ်းသောင်းကျန်းပစ်လိုက်ချင်စိတ်တွေ ပေါက်အောင် အားပေးနေခဲ့သည်။ သိပ်ချစ်ခဲ့တာပါ။ နှလုံးသားတွေ ကွဲအက်မတတ် သူ့ကို တကယ်ချစ်ခဲ့မိတာပါ။ ဒါကို သူက ဘာလို့ရက်စက်ချင်ရတာလဲ၊ သူ့ကို လက်လွှတ်အဆုံးရှုံးမခံနိုင်ဘူးဆိုတာ သူ မသိဘူးလား။

ထိုနေ့က သူမ ကားလေးနှင့် သူမက သူ့ကို ပြန်



www.burmeseclassic.com

www.burmeseclassic.com



ပို့ပေးပါသည်။ လမ်းထိပ်မရောက်တရောက်တွင် ချပေးပြီး လမ်းဆင်းလျှောက်စေသည်။ ဒါမှ သူမနဲ့အတူတူလာတာကို အိမ်က မရိပ်မိမှာလေ။ သူ ဆင်းပြီးတာနဲ့ သူမကားလေး ဝေါခနဲ မောင်းထွက်သွားသည်။ အိမ်မှာ ဘယ်လိုပြောရမလဲ သူ စဉ်းစားနေမိသည်။ သူ လိုင်းကားတွေလျှောက်စီးပြီး မျက်စိလည်နေတယ်လို့ ပြောလိုက်မည်။

သူမကိုတော့ အရင်ရောက်အောင် သွားနိုင်းလိုက်ပြီး သူကတော့ ခပ်ဖြည်းဖြည်းပဲ လျှောက်လာခဲ့လိုက်သည်။ သူမ ပြန်ရောက်တာနဲ့ အချိန်နည်းနည်းကွာအောင်ပါ။ ဒီအချိန်ဆို ကိုကြီးတို့တော့ စိတ်ပူနေလောက်ပြီဆိုတာ သိပေမယ့် ဘယ်လိုမှ မတတ်နိုင်တော့။ သူမက သူ့ကို စကားတစ်ခွန်းမှ မပြောဘဲ ကားကို လျှောက်မောင်းနေသည်။ သူ ပြောသမျှကိုလည်း တစ်ခုမှပြန်မပြောတာမို့ သူလည်း အလိုက်သင့်နေလိုက်ရသည်။ အခုတော့ အိမ်ပြန်ပြီ ဘယ်လောက်ထိရှောမော့ပြောရတယ်မှတ်လဲ။ သူမသာ သူ့စကားကို နားမထောင်ဘဲ အလျှော့မပေးရင် တကယ့်



ပြဿနာပါ။

သူ ခြံဝကို ရောက်တော့ သူမ ကားလေး ပြန်ရောက်နေတာ တွေ့ရသည်။

“ဟာ . . . ခေတ်သွေးသား . . . ကလေး . . . အခုမှ ပြန်လာတယ်။ သွား . . . သွား . . . မင်းအစ်ကိုကြီး စိတ်ပူလို့လိုက်ရှာနေတာ။ မတွေ့လို့ တစ်အိမ်လုံး ယောက်ယက်ခတ်နေကြပြီ”

“ရှာ”

“မင်း ဘယ်တွေလျှောက်သွားနေတာလဲ ကလေး”

“ဟို . . . ဟို”

“သင်တန်းကိုသွားကြိုတာ မတွေ့တော့ အားလုံး ပျာယာခတ်ကုန်တာပေါ့။ ရဲစခန်း လူပျောက်ကြော်ငြာ တိုင်တော့မလို့။ သွား မြန်မြန်သွားတော့”

“ဟုတ်ကဲ့”

ခြံစောင့်အဘကြီးစကားကြောင့် သူ့စိတ်တွေ လေးလံထိုင်းမှိုင်းသွားရသည်။ အဲဒါတွေအားလုံးရဲ့ တရားခံ

www.burmeseclassic.com

www.burmeseclassic.com



က မင်္ဂလာပါပဲ။ သူမကြောင့်သာ အခုလိုဖြစ်ရတာလေ။ သူ တိုက်ကြီးထဲကို လှမ်းဝင်ဝင်ချင်းပဲ ဒေါ်ခင်မျိုးမြင့်ရဲ့ မင်္ဂလာရှိသောအသံလေးကို စတင်ကြားလိုက်ရပါသည်။

"အမေလေး . . . ဦးခေတ်သွေးသား . . . မင်း ပြန်လာသေးတယ်နော်။ မောင်မင်းကြီးသားရယ် ဘယ်အချိန်ရှိနေပြီလဲ။ လက်မှာပတ်ထားတဲ့နာရီလေးကိုလည်း သေသေချာချာကြည့်ပါဦး။ ဒီလိုကိုးချင်းကိုးချောင်း သွားတာမျိုး ငါလက်မခံဘူးနော်၊ ခေတ်မင်းသား . . . မင်းညီကို မင်း ဆုံးမပါ။ ဒီနေ့မှ အပြင်လေးစထွက်ပါတယ်တော် . . . လွန်လွန်းတယ်"

ဒေါ်ခင်မျိုးမြင့် ချက်ကောင်းကိုင်လိုက်ခြင်းရယ်ပါ။ ခေတ်မင်းသားရဲ့မျက်နှာမှာ ဒေါသရောင်တွေ လွှမ်းနေတာကို ကြည့်ပြီး ဒေါ်ခင်မျိုးမြင့်တစ်ယောက် သဘောတွေကျနေမိသည်။ တမင်ခပ်နှိမ်နှိမ်လေးဖိကာ ပြောမိသည်။ ဒါကို သမီးဖြစ်သူ စေတနာက ကြားကနေ ဝင်ပြီးဖာထေးဖို့ ကြိုးစားသည်။



"ဟယ် . . . မောင်လေး ပြန်လာပြီ။ ကားတွေကျပ်နေတယ်နဲ့တူတယ်"

မမဆီက ဝမ်းသာအားရထွက်လာတဲ့အသံ။ တိုက်ကြီးထဲသို့ လှမ်းဝင်လာတဲ့ သူ့ကို ခပ်စူးစူးစိုက်ကြည့်နေတဲ့ ကိုကြီး။ ဒေါသရောင်တွေနဲ့အတူ အထင်သေးစက်ဆုပ်မှုတွေ၊ အံ့သြမယုံကြည်နိုင်မှုတွေပါ ယှက်သန်းနေတာ သူသတိထားမိသည်။

"ကိုကြီး . . . ညီလေး . . . ညီ"

"ခွပ်"

"အမလေး"

"ဟာ"

မထင်မှတ်ဘဲ ပြင်းထန်စွာ ကျရောက်လာတဲ့ ကိုကြီးရဲ့လက်သီးချက်ကြောင့် သူ့မျက်နှာ လည်ထွက်သွားကာ ခွေခနဲ လဲကျသွားရသည်။

"သွား . . . ထွက်သွား။ မင်း ငါ့ရှေ့ကနေ သွားစမ်း"

"ကိုကြီး"

www.burmeseclassic.com

www.burmeseclassic.com



သူ မျက်ရည်တွေကျပြီး ခေါ်နေမိသည်။

"ဘာကိုကြီးလဲ။ မင်းက ငါ့ကို အစ်ကိုတစ်ယောက်လို သတ်မှတ်တာမှ မဟုတ်တာ။ မင်း လုပ်ချင်တာ လျှောက်လုပ်လာခဲ့တာလေ၊ မင်းကြောင့် လူတွေ ဘယ်လောက် စိတ်တွေ ပူလောင်နေရသလဲ၊ မင်း သိရဲ့လား"

ကိုကြီး ဒေါသတကြီး အော်ဟစ်နေမိသည်။ ယောက္ခမရဲ့ မကြည်ဖြူတဲ့အောက်မှာ မနည်းတောင်းတောင်း ပန်ပန်နဲ့ ထားခဲ့ရတာပါ။ ပညာတွေ တတ်စေချင်လွန်းလို့၊ ဘဝမှာ ဘယ်သူ့အထောက်အပံ့နဲ့မှ မစပ်တည်ရဘဲ ကိုယ်ပိုင် အရည်အချင်းရှိရှိ လျှောက်လှမ်းနိုင်စေဖို့ စေတနာတွေ၊ မေတ္တာတွေနဲ့ မြေတောင်မြှောက်ပေးလိုက်ရတာ အခုတော့ ဒင်းက ကောင်မလေးတစ်ယောက်နဲ့ အပျော်ကျူးပြီး အလည်လွန်ကာ ပြန်လာတာလေ။ ဘယ်လောက်ဒေါသ ထွက်စရာကောင်းတဲ့ ညီလဲလို့။

သူ သတင်းအတိအကျရပြီးသားပါ။ အိအိဖြိုးက သေသေချာချာကို ပြောပြတာလေ။ ကောင်မလေးတစ်



ယောက် ခေါ်သွားတာတဲ့။ ကြည့်စမ်း ဘယ်လောက် ဒေါသ ထွက်ဖို့ ကောင်းလိုက်သလဲလို့၊ အထင်ကြီးထားတာတွေ သဲထဲ ရေသွန်သလို အရာမထင်ဖြစ်သွားရသည်။ ဘဝ တက်လမ်းကြောင်းတွေမှာ ဒါဟာ တကယ့်အနှောင့်အယှက် ဆိုတာ ညီလေး နားမလည်ဘူးလား။ တွေးမိတိုင်း ဒေါသ တွေ ထွက်နေရသည်။

"တောင်းပန်ပါတယ် ကိုကြီးရယ်၊ ညီ့ကို ခွင့်လွှတ် ပါဗျာ။ ညီ နောက်တစ်ခါ ဒီလိုအဖြစ်မျိုး မဖြစ်စေရဘူးလို့ ကတိပေးပါတယ်။ ညီ့ကို မကျေနပ်သေးရင် ထပ်ရိုက်ပါ။ ဒါပေမဲ့ မင်းတွေ ငါတွေ သုံးပြီး ညီ့အပေါ် မစိမ်းကားပါနဲ့ဗျာ။ ညီ တောင်းပန်ပါတယ်။ ညီ ကိုကြီးကို တောင်းပန်ပါတယ်"

ကိုကြီးရဲ့ ခြေသလုံးကို ဖက်ပြီး သူ တောင်းပန် နေမိသည်။ ကိုကြီး ဒေါသတွေအရှိန်ဖြစ်ပြီး ကိုယ်ထိ လက် ရောက် ဆုံးမတာ ဒီတစ်ခါပဲခံရဖူးသည်။ အရှိန်ကို နူးညံ့ ညင်သာတဲ့ ကိုကြီးက အခုတော့ မျက်နှာက ခက်ထန်လို့ နေသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်သားပဲ ကိုမင်းရယ်။ ဒီတစ်ခါတော့ ခွင့်လွှတ်လိုက်ပါရှင်"

ဖနီးသည်ကတော့ ဘာမှအကြောင်းမသိဘဲ ဝင်ပြီး သူ့ဘက်က တောင်းပန်နေသည်။ သူ့ကို အပြတ်နိုင်ကွပ်ဖို့ ချောင်းနေတဲ့ ဒေါ်ခင်မျိုးမြင့်ပင် သမက်ဖြစ်သူ၏ ဒေါသတကြီး တုံ့ပြန်မှုကို မယုံကြည်နိုင်လောက်အောင် ငေးကြည့်ဆွံ့အသွားရသည်။ သူတို့အားလုံးထင်ထားတာ သာမန်နောက်ကျမှုလေးကို ဒီလောက်ထိ ပြင်းပြင်းထန်ထန် အပြစ်ပေးမယ် မထင်တာလေ။

"ကိုကြီး . . . ညီ တောင်းပန်ပါတယ်။ ညီ့ကို မုန်းမသွားပါနဲ့။ ထိုးပါ။ ကိုကြီး မကျေနပ်သေးရင် ညီ့ကို ထပ်ထိုးပစ်လိုက်စမ်းပါ"

"အို . . . ဟဲ့ . . . ခေတ်သွေးသား။ တော်ပါတော့ ထ . . . ထ . . . ကိုမင်းက စိတ်အရမ်းပူသွားလို့ပါကွယ်။ ထနော် . . . မောင်လေး"

သူမ မမြင်ရက်တော့၊ မကြည့်ရက်တော့။ သိပ်



ချစ်ရတဲ့ သူ့ရဲ့အဖြစ်ကို ကြည့်ပြီး သူမရဲ့မျက်ဝန်းတွေထဲမှာ မျက်ရည်လေးတွေ ဝေ့သီလာရပြီ။ ဒါကို ဘယ်သူမှ မြင်သွားလို့ မဖြစ်ဘူးလေ။ သနားစရာ တောင်းပန်နေတဲ့သူ့ကို ကြည့်ပြီး သူမ နှလုံးသားလေး တစ်ဆစ်နာကျင်သွားရသည်။

ဒါတွေအားလုံး သူမကြောင့်ဖြစ်ရတာပါ။ သူ့မှာ ဘာမှအပြစ်မရှိပေ။ သူမရဲ့ တစ်ဖွတ်ထိုးဆန်မှုတွေကြောင့်သာပါ။ တကယ့်စိတ်ရင်းအတိုင်းသာဆိုရင် သူ့လက်ကို ဆွဲပြီး အားလုံးနဲ့ဝေးရာကို ခေါ်သွားလိုက်ချင်သည်။ သူမက မိန်းကလေးဖြစ်နေလို့သာ။ သူမအပေါ်ကို တက်လာခဲ့သည်။ သူမ မျက်ဝန်းထဲက မျက်ရည်တွေကလည်း တားဆီးမနိုင်လောက်အောင် တဖြုတ်ဖြုတ်ကြွေဆင်းလို့။ နင့်သည်းမှုဝေဒနာကြောင့် သူမ ရင်တစ်ခုလုံး မွန်းကြပ်ကာ ဆို့နင့်နေသည်။

သူ ဒီလောက်တောင်းပန်နေတာတောင် ကိုကြီးဆီက ခွင့်လွှတ်မှု မရသေးပါ။ ကိုကြီးက တစ်စုံတစ်ခုသော အကြောင်းပြချက်နဲ့သာ အခုလောက်ထိ ဒေါသတွေ ထွက်

www.burmeseclassic.com

www.burmeseclassic.com



သွားတယ်ဆိုတာ သူ သိပါသည်။ အဆိုးဝါးဆုံး တားဆီးမှုကြီးတစ်ခုကို ကိုကြီးက အတင်းကျပ်ဆုံး တားဆီးထားခဲ့သည်။ ဒီတိုက်ကြီးထဲကို ခေါ်လာတတည်းက ပညာရေးကလွဲပြီး တခြား ဘာကိုမှ စိတ်မဝင်စားဖို့ တောင်းဆိုထားတဲ့ ကိုကြီးရဲ့စကားတွေကို ကတိတွေ အထပ်ထပ်ပေးခဲ့တဲ့ သူ့ကို အခုတော့ အဲဒီစည်းကမ်း ချိုးဖောက်တယ်လို့ ကိုကြီး ထင်သွားပြီမဟုတ်လား။

ကိုကြီးရာ . . . ညီ ကိုကြီးစကားကို နားထောင်ပြီး ကိုကြီးနေစေချင်သလို တစ်အိမ်လုံးနဲ့ သင့်မြတ်အောင် အလျှော့ပေးပြီးနေတာပါပဲ ကိုကြီးရယ်။ ဒါပေမဲ့ ဟို မင်္ဂလာဆိုတဲ့ကောင်မလေးရဲ့ တစ်ဇွတ်ထိုးလုပ်ရပ်တွေကို ဘယ်လို တားဆီးရမလဲ။ ပြီးတော့ သူက ဒီတိုက်ကြီးရဲ့အရှင်သခင်မလေး၊ သူမနဲ့ ပြဿနာဖြစ်လို့ ကိုကြီးရဲ့ အေးချမ်းနေတဲ့ အိမ်ထောင်ရေးလေး ပျက်ဆီးသွားမှာ စိုးရိမ်ရသည်။

"မောင်လေး . . . သွေး"

"ဗျာ"



"သင်တန်းချိန်ပြီးရင် စောင့်နေပါလို့ မှာထားရက်နဲ့ ဘာကြောင့် အခုလိုဖြစ်ရတာလဲကွယ်"

မင်္ဂလာက ကိုကြီးလာကြိုနိုင်းတယ်ဆိုပြီး လာကြိုလို့ လိုက်သွားမိတာပါလို့ မမကို မပြောရဲ။ ပြဿနာတွေက ဒီထက်ပိုပြီး ရှုပ်ထွေးသွားနိုင်သည်။

"ဟို . . . ကျွန်တော် လိုင်းကားစီးကြည့်တာ"

"အို . . . ဒီတော့ လမ်းပျောက်ပြီး လည်နေမှာပေါ့။ အခုမှ မြို့ထဲကို သွားဖူးတာဆိုတော့ ဘယ်သွားတတ်ဦးမလဲ"

"ဟုတ်ကဲ့"

"မဖြစ်သေးပါဘူး။ နောက်ကို လမ်းမမှားအောင် ဒီ တစ်ရက် နှစ်ရက်တော့ ယာဉ်ကို ကျောင်းလိုက်ပို့ပေးဖို့ မာမီ မသိအောင် ချော့မော့ပြီး အကူအညီတောင်းမှပဲ။ ဒီကောင်မလေးမှာလည်း အလုပ်ရှိတာ မဟုတ်ဘူး။ Ever အားနေတာလေ"

သူမကို အကူအညီတောင်းမယ်တဲ့၊ ဒုက္ခပါပဲ၊ အခုလို ကိစ္စဖြစ်တာကလည်း ဒီကောင်မလေးလုပ်လို့လေ။

www.burmeseclassic.com

www.burmeseclassic.com



သူမသာ သူ့ကို လိမ်ညာပြီးလာမခေါ်ရင် ဒီနေ့လို အဖြစ်မျိုး ရှိလာစရာအကြောင်းမရှိ။ ဒါကို မမက မသိဘဲ တကယ် ကားတွေ မှားစီးပြီး မျက်စိလည်နေတယ် ထင်သွားပြီး သူမဆီ တကယ် အကူအညီသွားတောင်းနေရင် ဒုက္ခပဲ။

ဒီကောင်မလေးက သူ့ကို ချစ်များချစ်နေတာလား။ မဟုတ်လောက်ဘူးထင်တာပါပဲ။

"မမကတော့ မောင်လေးအတွက် တစ်ရက် နှစ်ရက်လောက်တော့ အကူအညီတောင်းပေးချင်တယ်။ ကိုမင်းကလည်း ဒီအစီအစဉ်ကို လက်ခံမှာပါ။ တကယ်တော့ မမညီမလေးက သဘောကောင်းပါတယ်။ မာမီ အလိုလိုက်ထားလို့ အခုလို အပေါင်းအသင်းတွေနဲ့လေနေတာ။ သူတို့ မုန့်ဖိုးနည်းနည်းပါးပါးပေးလိုက်ရင် မောင်လေးတို့ လိုက်ပို့ပေးမှာပါ။ မမနဲ့ကိုမင်းက ဒီတစ်ရက် နှစ်ရက် အလုပ်တွေ ရှုပ်မှာမို့လို့ မောင်လေးကို ဘယ်လိုမှ လိုက်ပို့ပေးလို့မရတော့လို့"

သူမလုပ်လို့ ကိုကြီးဆီက အထင်သေးရှုတ်ချတဲ့ မျက်ဝန်းတွေကို ခံခဲ့ရတာကို အခု သူမကို လိုက်ပို့နိုင်းမလို့ ဆိုတော့ . . .

"ကိုမင်းကိုလည်း စိတ်ပြေအောင် ချော့ပေးမယ်။ မနက်ဖြန် မင်္ဂလာကို လမ်းထိပ်မှာ ကြိုစောင့်နိုင်းထားလိုက်မယ်"

သူ အင်အားမဲ့စွာပင် ခေါင်းငုံ့သွားရပြီ။ ဘာစကားမှ သူ ဆက်မပြောနိုင်တော့ပါ။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၉ )

"လာ နောက်ကျလှချည်လား"

"ကျုပ်အိပ်ရာထ နောက်ကျသွားလို့ပါ"

"ဒါနဲ့ ရှင့်ပုံစံက ဘာဖြစ်တာလဲ"

"ဘာဖြစ်လို့လဲ"

"ကိုယ့်ပုံကိုယ် ပြန်ကြည့်ဦးလေ၊ အသက်ငယ်ငယ် ရှယ်ရှယ်နဲ့ အဘွားကြီးပေါက်စရုပ်ကျနေတာပဲ၊ ပုံထုံးလိုက်တာ၊ မလန်းပါဘူး"



အရင်တ ဒီဖိုင်းအလန်းတွေပဲ ဝတ်တတ်တဲ့သူမတ အခုတော့ ဗေဒါရောင် လည်ထောင်လက်ပြတ်အင်္ကျီလေးကို အဖြူမှာ ဗေဒါရောင် အပွင့်အခက်ကြီးတွေပါသော ထဘီရှည်ရှည်လေးနှင့် တွဲဝတ်ကာ ဆံထုံးပုံပုံလေးထုံးပြီး ဆံထိုးလေးထိုးထားတာမို့ သူငယ်ချင်းတွေအမြင်မှာ တစ်မျိုးလေး ဆန်းနေမှာ သေချာသည်။

"ဟော့ရောင် . . . လာ"

"ဘာလဲ"

"ရှင့်ကို ဒီလိုပုံစံဖြစ်အောင် ပြောင်းတာ ဝေယံလား"

"ဟာ . . . မဟုတ်တာ၊ ကျုပ်ဟာသာကျုပ် ဝတ်တာ"

"ဒါနဲ့ ရှင်တို့ အိမ်ကို ဝေယံ ခဏ ခဏ လာတာဆို"

"သူက ကျုပ်မာမီရဲ့ သူငယ်ချင်းသားလေ၊ ကျုပ်တို့အိမ်ကို လာလည်တာပေါ့၊ မာမီကလည်း ဝေယံမှဝေယံကွ"

"ဟယ် . . . ဒါ စိတ်ညစ်စရာမှ မဟုတ်တာ၊ ဝမ်းသာစရာပဲ၊ ရှင့်ခြံထဲ စိန်တောင်ကြီးပေါက်တာ ရှင်မို့ချင်ဘူးရှိရသေးတယ်၊ ဝေယံတ လျှော့ကွ၊ ဗိမ်နဲ့ နှစ်တေး

www.burmeseclassic.com



နေရုံပဲ"

"စိတ်မဝင်စားဘူး"

သူမစကားကို သူငယ်ချင်းတွေအားလုံး အံ့အားသင့်သွားကြသည်။ ဝေယံဆိုတာ ပျိုတိုင်းကြိုက်တဲ့ နှင်းဆီနိုင်ကြီးလေ။ ရုပ်ရည်မရှိပေမယ့် ငွေရှိတာမို့ မိန်းကလေးတိုင်း ရင်ခုန်ချင်စရာ။ သူမလက်ကနာရီလေးကို အသာမြှောက်ကြည့်လိုက်တော့ မိုးမြင့်သူက . . .

"နာရီကြည့်လှချည်လား။ ရှိုးမှုရှိးရဲ့လား"

"အဟင်း"

"ဟယ် . . . ရယ်တယ်။ ရှင် . . ."

"ရှူး"

သူမ နှုတ်ခမ်းပေါ် လက်ညှိုးလေးထောင်လိုက်ပြီး မိုးမြင့်သူကို တားဆီးပစ်လိုက်သည်။ သူမ အချစ်ရေးကို သူငယ်ချင်းတွေ မသိစေချင်။ မာမီ့ဆီ ပြန်ပေါက်ကြားသွားမှာ ကြောက်ရသေးသည်။ မိုးမြင့်သူက နှုတ်လုံတဲ့သူမို့သာ သူမ အသိပေးရခြင်းဖြစ်သည်။



"မိုး"

"ပြောလေ . . . လာ။ ဘယ်ကလဲ၊ ဘယ်သူ့သားလဲ၊ နာမည်က ဘယ်လိုခေါ်လဲ"

"နေပါဦး။ ရှင်ကလည်း စောပါသေးတယ်"

"မစောပါဘူး လာရာ။ ရှင့်ကို ဒီပုံစံပြောင်းလဲပြီး အထူးအဆန်းစကားတွေ ပြောတတ်လာတဲ့အထိ လုပ်နိုင်တာဆိုတော့ ကျုပ် အထင်မကြီးလို့ မရတော့ဘူးလေ"

"အေးပါဟယ်။ ကျုပ် တခြားလူတွေကိုသာ လျှို့ရင်လျှို့ထားမှာပါ။ ရှင့်ကိုတော့ မလျှို့ထားပါဘူး။ ကျုပ်မှာ တိုင်ပင်ဖော်တိုင်ပင်ဖက်ဆိုလို့ ရှင်တစ်ယောက်တည်း ရှိတဲ့ဟာ"

"အခု ကောင်လေးနဲ့ ချစ်သူတွေ ဖြစ်နေကြပြီပေါ့လေ"

"အေးပါဟယ် . . . ကျုပ် တခြားလူတွေကိုသာ လျှို့ရင်လျှို့ထားမှာပါ။ ရှင့်ကိုတော့ မလျှို့ထားပါဘူး။ ကျုပ်မှာ တိုင်ပင်ဖော်တိုင်ပင်ဖက်ဆိုလို့ ရှင် တစ်ယောက်တည်း

www.burmeseclassic.com

www.burmeseclassic.com



ရှိတဲ့ဟာ"

"အခု ကောင်လေးနဲ့ ချစ်သူတွေဖြစ်နေကြပြီပေါ့ လေ"

"ဟား . . . ဟ . . . အထင်မကြီးပါနဲ့။ ကျုပ်က အဲဒီလောက် မစွံသေးပါဘူး"

"ဟင်"

ပိုက်ဆံပြည့်စုံပြီး ချောမောလွန်းတဲ့ မင်္ဂလာက အဲဒီလောက်ထိ မစွံသေးဘူးဆိုတာ အံ့ဩစရာပဲ။

"ဘာလဲ . . . ရှင် သိပ်ပြီးအံ့ဩသွားပြီလား မိုး"

"အေး . . . ကျုပ်တော့ ပိုပြီးတော့တောင် စိတ်ဝင်စားသွားပြီ"

"လှုံကိုမြင်ရင် ဒီထက်တောင် ပိုဆိုးသွားဦးမယ်"

"ညွှန်းလှချည်လား"

"အဟင်း"

"ရှင် သူ့ကို တကယ်ချစ်သွားတာပဲ လား။ ယောက်ျားတစ်ယောက်အကြောင်းကို ရှင် ဘယ်တုန်းက





အခုလောက်အထိ စိတ်ဝင်တစား ပြောဖူးလို့လဲ၊ ရှင့် အကြောင်း တျုပ်အသိဆုံးပါ လာရယ်။ အပျော်အပါးသာ မက်တာ၊ ရှင်က ဒီကိစ္စမှာတော့ အရမ်းကင်းရှင်းတာလေ၊ ဒါပေမဲ့ ဒီတစ်ခါတော့ . . . တော့ . . ."

"ဟိတ် . . . ဘာတွေ တိုးတိုးတိုးတိုးနဲ့ ပြောနေကြ တာလဲ၊ ကိုယ့်အတင်းပြောနေကြတာတော့ မဟုတ် လောက်ပါဘူးနော်"

သူ့အကြောင်းပြောနေတုန်း ဝေယံရောက်လာ တာမို့ . . .

"ဪ . . . ထိုင်လေ ကိုဝေယံ"

သူမက အားနာပါးနာ ထိုင်ခိုင်းလိုက်သလို အထော ပေါက်တဲ့ မိုးမြင့်သူကလည်း စပ်ဖြီးဖြီးကလေးနှင့်ပင် ရယ် မောကာ ခေါင်းယမ်းနေတော့သည်။

"လာ"

"ရှင်"

"ပြန်ရင် ကိုယ်နဲ့လိုက်ခဲ့နော်။ ကိုယ်လိုက်ပို့ပေး



www.burmeseclassic.com

www.burmeseclassic.com



မယ်။ လာမှာ ကားမပါဘူးမဟုတ်လား။ Taxi နဲ့ လာတာ ကိုယ်တွေ့လိုက်တယ်"

"ဟိုလေ . . . မိုးဦးလေ့းနိုင်းထားတဲ့ ကိစ္စလေး တစ်ခုကို သွားကူလုပ်ပေးမလို့။ အဲဒါ ကိုဝေယံနဲ့ မလိုက်တော့ဘူးနော်"

ဝေယံနဲ့ မလိုက်ချင်တာမို့ မိုးမြင့်သူ ဆွဲထည့်ပြီး အကြောင်းရှာလိုက်သည်။ ဝေယံကတော့ ကျေနပ်ပုံမရဘဲ ထထွက်သွားတော့သည်။

နောက်တစ်နေ့တွင် ပြဿနာက စတော့သည်။ သူ့ကို သင်တန်းလိုက်ပို့သည့်ကိစ္စ မာမီ ဘယ်ကသတင်းရသွားသလဲ မသိ။ ဒေါသတွေ အကြီးအကျယ်ပေါက်ကွဲတော့သည်။

"မယုံဘူး မီးငယ်၊ မာမီ မယုံဘူး"

"ညည်း မာမီ့ကို ညာနေတာ"

သူမကလည်း မာမီ့ကို မှင်သေသေနဲ့ အယုံသွင်းနေတာပါ။



"မာမီကလည်း တကယ်ပါဆို၊ မမနှာ အကူအညီ တောင်းလို့ပါ။ လာက ပိုက်ဆံပြတ်နေတာနဲ့ လက်ခံလိုက်တာပါ။ မနေ့ကတစ်ရက်ပဲ သူ့ကို လိုင်းကားစီးတဲ့နေရာတွေ လိုက်ပြပေးတာပါ မာမီရယ်၊ လာက အဲဒီကောင်လောက်ကို စိတ်ကူးထဲ ထည့်ပါ့မလား"

လိမ်ညာလို့မရတော့ဘူးဆိုတဲ့ အသိကြောင့် အမှန်အတိုင်းပဲ ဝန်ခံလိုက်သည်။ သူ့အပေါ် အပြစ်မြင်မှာ စိုးတာမို့ မမနှဲ့သူမ လုပ်တာဟာပဲ ဝန်ခံလိုက်သည်။ သူ့ပညာရေးက ရှိနေသေးတော့ မာနကြည့်စဉ်းစားလို့မရ။

"အဲဒါ ညည်းလက်ခံရမယ့်အလုပ်လား။ သူက ယောက်ျားလေးပဲ၊ သူ့ဘာသာ မေးရင်း သွားလိမ့်မယ်ပေါ့။ မာမီ ညည်းကို ဘာမှာထားလဲ၊ ခေတ်သွေးသားကို လုံးဝ အရောမဝင်ရဘူးဆိုတာလေ၊ အခုတော့ ညည်းက မာမီ မသိအောင် မိန်းကလေးတန်မဲ့ ကျောင်းကိုတောင် လိုက်ပို့ပေးတယ်ဆိုတော့"

"မာမီကလည်း"

www.burmeseclassic.com



"ဘာမာမီကလည်း၊ ညည်း လုပ်တာတွေ ငါ သိပြီးပြီနော်"

"မမကို ခေါ်မေးကြည့်ပါဆို"

"မလိုဘူး၊ ဘာမှခေါ်မေးစရာမလိုဘူး၊ ညည်း လက်မခံဘဲ ငြင်းရမှာပေါ့၊ အခုတော့ ညည်းကပါ အလိုတူ အလိုပါ လက်ခံတယ်၊ မဖြစ်ဘူး၊ ဒီအခြေအနေနဲ့ဆို ဖိုကောင်လေးကို ဒီတိုက်ကြီးထဲမှာ ဆက်ထားလို့ မဖြစ်တော့ဘူး"

ဟယ် . . . မာမီ့စကားကြောင့် သူမရဲ့စိတ်တွေ အရမ်းကို တုန်လှုပ်ချောက်ချားသွားရသည်၊ တကယ်သာ မာမီပြောတဲ့အတိုင်း လုပ်လိုက်ရင် သူ့ရည်မှန်းချက်တွေ ပျက်ရတော့မည်၊

"မာမီပြောထားပြီးသားနော်၊ မတတ်သာလို့ ဒင်းကို ခဏနေပါစေဆိုပြီး ထားတာ၊ အခုတော့ အစ်ကိုက သမီးကြီးကို အပိုင်ချုပ်၊ ညီက သမီးငယ်ကို သိမ်းပိုက်ဖို့ လုပ်တာကတော့ ဘယ်တရားမလဲ၊ မာမီ ဒီအဖြစ်ကို





အရောက်မခံနိုင်ဘူး မဂ်လာ၊ မာမီကတော့ ကြုံတင့်ကာ ကွယ်တားဆီးရမှာပဲ"

"ဟာ . . . မာမီကလည်း အခု လာတို့က ဘာ ခြေလှမ်းတွေပျက်နေလို့လဲ၊ လာက ပိုက်ဆံလိုနေလို့ မမ နာ တောင်းတဲ့ အကူအညီကို လက်ခံလိုက်ရတာပါဆို၊ လာ အဲဒီတစ်ယောက်ကို လုံးဝစိတ်မဝင်စားဘူး"

"သေချာလို့လား မဂ်လာ"

မသက်သာတဲ့မျက်လုံးတွေနဲ့ စိုက်ကြည့်ပြီး မေးလာတဲ့ မာမီ့ကို သူမ စကားဆက်မပြောနိုင်တော့လောက်အောင် ဖြစ်သွားရသည်၊ အိပ်ရာပေါ် လှဲချပြီး ခွခေါင်းအုံးကြီးကို ခွကာ တစ်ဖက်သို့ စောင်းအိပ်နေလိုက်သည်၊

"မီးငယ်"

သူမ စိတ်ကောက်နေမိသည်၊

"မီးငယ်"

"လာ ပြောရင်ရော ယုံမှာမို့လို့လား၊ တော်ပြီ မာမီ ရာ၊ အရေးမပါတဲ့အကြောင်းတွေ အချိန်ကုန်ပါ အိပ်ရေး



www.burmeseclassic.com

www.burmeseclassic.com



ပျက်ခဲ့ပြီး မခွေးနွေးချင်ဘူး။ မနက်ဖြန် လာမှာ ကောင်လေး သူငယ်ချင်းတစ်ယောက်နဲ့ ချိန်းထားသေးတယ်။ လာ အိပ်တော့မယ်"

သမီးငယ်ရဲ့စကားက ရှင်းနေပြီ။ ခေတ်သွေးသား အကြောင်း စကားဆက်မပြောချင်တဲ့သဘော။ အရေးမပါဘူးတဲ့။ ဟုတ်လို့လား။ ဒေါ်ခင်မျိုးမြင့်သူငယ်ချင်းတစ်ယောက်ဆီက အတိအကျ ရခဲ့တဲ့သတင်းပဲ။ မီးငယ်နဲ့ခေတ်သွေးသား Air con Bus တစ်စုပေါ် အတူတူတက်သွားတာကို သူငယ်ချင်း သဖင်က သေသေချာချာမြင်လိုက်လို့ ဖုန်းနဲ့ဆက်ပြီး အကြောင်းကြားတာ။

ဒါကို သမီးငယ်ကလည်း ဝန်ခံသည်။ ပိုက်ဆံလိုနေလို့ လိုင်းကားစီးတတ်အောင် လိုက်ပြပေးတာတဲ့။ တစ်ရက်တည်း သမီးဖြစ်သူ စေတနာက အကူအညီတောင်းလို့ ပါတဲ့။ ဘာပဲပြောပြော ဒီကိစ္စတို့တော့ အလေးအနက်မထားလို့ကိုမဖြစ်။ သမီးငယ်က ခဲအိုမျက်နှာထောက်ပြီး အားနာနာနဲ့ လုပ်ပေးလိုက်ရတာ ခေတ်သွေးသားကို လုံးဝ





စိတ်ဝင်စားလို့မရဘူးဆိုပြီး တွင်တွင်ငြင်းဆိုနေသည်။

ဒေါ်ခင်မျိုးမြင့်တစ်ယောက် သမီးကိုလည်း သိပ်ပြီး မတင်းကျပ်ရဲ။ အခုတောင် စိတ်ကောက်ပြနေပြီ။ သမီးငယ်က စိတ်ဆတ်ပြီး တစ်ဖွတ်ထိုးစိတ်ရှိသူမို့ သမီးနဲ့လည်း သိပ်ပြီးပြဿနာမဖြစ်ချင်။ တော်ကြာ အရွဲ့တိုက်ပြီး မလုပ်သင့် မလုပ်ထိုက်တဲ့အရာတွေ လုပ်သွားရင် မိမိပဲ ရင်ကျိုးရမှာလေ။ သမီးငယ်ကို ဝေယံနဲ့ပဲ သဘောတူနေမိတာမို့ မိမိစကားလမ်းကြောင်းတာကို သခင်တလည်း လက်ခံသည်။

ဝေယံကလည်း သမီးငယ်ကို ချစ်နေပုံပဲ။ ခက်တာက သမီးငယ်ပဲ။ အပျော်တွဲတာပဲ စိတ်ဝင်စားတယ်တဲ့ အိမ်ထောင်မပြုချင်သေးဘူးတဲ့။ အခြေအနေတော့ စောင့်ကြည့်ရမှာပဲ။ ခေတ်သွေးသားကိုလည်း ပြောသင့်တာ မှန်သမျှ ခေါ်ပြောမှဖြစ်မည်။ အရေးကြီးတာကတော့ မီးငယ်ပဲ။ သူ မပါရင် ဘာမှမဖြစ်နိုင်။

"မီးငယ်"

သမီးဖြစ်သူကို အနူးညွှတ်ဆုံးလေသံနှင့် ခေါ်လိုက်



www.burmeseclassic.com

www.burmeseclassic.com



သည်။

“မာမီ စောင့်ကြည့်နေမှာနော်။ ဖြေလုပ်းကာင်ရျာ်များတာနဲ့ မာမို့အဆိုးမဆိုနဲ့။ ခေတ်သွေးသားရဲ့ဘဝက မီးငယ်အပေါ်မှာ မူအတည်ဆုံးပဲ။ မာမီ ဘယ်သူ့မျက်နှာမှ မထောက်တတ်ဘူးဆိုတာ မီးငယ် အသိဆုံးဖြစ်မှာပါ”

မာမီက သူမအိပ်မပျော်သေးဘူးဆိုတာ သိလို့ ဒီစကားမျိုးတွေကို တမင်ပြောနေတယ်ဆိုတာကို သူမ သိသည်။ သူမ အသာငြိမ်နေလိုက်တော့ မာမီ သူမအခန်းထဲက ထွက်သွားသံကို ကြားလိုက်ရသည်။ အခုမှပဲ သက်ပြင်းချနိုင်တော့သည်။

မာမီရဲ့ ကြိမ်းဝါးမှုကြောင့် သူမ ရင်တစ်ခုလုံး နင့်သည်းကာ နာကျင်သွားရပြီလေ။ သူမအပေါ်မှာ မူတည်တယ်ဆိုကတည်းက မာမီ ဘာကိုပြောချင်တယ်ဆိုတာကို သူမ နားလည်သဘောပေါက်လိုက်ပါသည်။ အခုလောက်ဆို မမနာကို အခန်းထဲခေါ်ပြီး သောင်းကျန်းနေလောက်ပြီ။ တိုင်တဲ့သူက နေရာကို သေသေချာချာ တိတိကျကျကို





ပြောပြပြီးတော့ကို တိုင်တာလေ။

ခေတ်သွေးသားကိုပါ သိနေတာဆိုတော့ ဝေယံများလား။

ဝေယံက သူမကို ချစ်နေတာလေ၊ သူ့ကိုလည်း ဝေယံက ကြည့်လို့ရတာမဟုတ်။ သူ့ဘဝ ဒုက္ခတောထဲ ရောက်အောင် မာမို့ဆီ ဖုန်းဆက်ပြောတာပဲ ဖြစ်ရမယ်။ တောက်၊ အတွေးကြောင့် သူမ ဒေါသတွေပေါက်ကွဲသွားရသည်။ စိတ်အရမ်းမြန်တဲ့ သူမက အိပ်ရာကနေ ဖုန်းခနဲထပြီး စားပွဲခုံပေါ်တင်ထားတဲ့ သူမဖုန်းလေးကို ကောက်ကိုင်လိုက်စဉ် ဟန်းဖုန်းလေးက မြည်လာသည်။ ဖုန်းနံပါတ်ကို ကြည့်လိုက်တော့ ဝေယံဆီက ဖုန်းဖြစ်နေသည်။

“ဟယ်လို”

“မင်္ဂလာလား”

“ဟုတ်တယ်”

“လာ မနက်ဖြန်အားလား”

“ဘာလို့လဲ”

www.burmeseclassic.com

www.burmeseclassic.com



"ကိစ္စရှိလို့၊ လာ့ဆီကို လာမလို့"

"ဘာကိစ္စလဲ။ ဝေယံမှာ ဘာအရေးကြီးကိစ္စရှိနေလို့လဲ"

"လာ့ကိုချစ်ရမယ့်ကိစ္စလေ၊ လာ ကိုယ့်ကိုချစ်အောင် လုပ်ရမယ့်ကိစ္စလေ . . . ဟား . . . ဟား . . . ဒီထက်အရေးကြီးတာ ဘာရှိဦးမလဲ လာရဲ့"

ဝေယံစကားကြောင့် သူမ မျက်နှာတစ်ခုလုံး ပူနွေးကာ ရှက်အအလေးဖြစ်သွားရသည်၊ ဝေယံကိုကြည့်ရတာ အေးအေးဆေးဆေးဆိုတော့ သူမနဲ့သူ့ကိစ္စကို ဝေယံ ဘာမှသိပုံမရ။ ဝေယံ မာမီ့ဆီဖုန်းဆက်တိုင်တာတော့ မဖြစ်နိုင်။ တကယ်လို့ သူမတို့နှစ်ယောက်တို့ ဝေယံသာ တွေ့တယ်ဆိုရင် အခုလောက်ဆို သူမကို ဝေဖန်ပြစ်တင်မှု တစ်ခုခုတော့လုပ်မှာပဲ။ အခုတော့ ဝေယံက ရယ်မောနေတာမို့ သူမစဉ်းစားရကျပ်သွားသည်။

"လာ . . . ဒီနေ့ လာတို့အလုပ်ကိစ္စ အဆင်ပြေခဲ့ရဲ့လား"



"ဘာကိုလဲ ဝေယံ"

"ဟော . . . လာကလည်း တော်တော်မေ့တတ်တာပဲ၊ မိုးဦးလေးနိုင်းတဲ့ကိစ္စလေ"

"အြော် . . . ဒါလား . . . အိုင်း . . . အဆင်ပြေပါတယ်"

တစ်ဖက်က ဝေယံကတော့ သူမစကားသံ ထစ်ငေါ့ငေါ့လေးကို နားထောင်ရင်း နှုတ်ခမ်းလေးနစ်လျှာ မဲ့ကျသွားရသည်၊ မင်းလိမ်တတ်ညာတတ်နေပြီပေါ့ မင်္ဂလာ၊ မင်းနဲ့ဟိုကောင် ကားမှတ်တိုင်တစ်ခုမှာ တွေ့ခဲ့တာ မာမီ့ကို ပြောပြပြီး မင်းအမေဆီ သတင်းကောင်းပို့နိုင်းလိုက်တာလေ၊ ငါက ဘာမှမသိတဲ့ပုံစံဖမ်းပြီး မင်းဆီ ဖုန်းဆက်တာ၊ ဒါမှ မင်းက ငါ့အတို့အဘောင်လုပ်တာ မဟုတ်ဘူးလို့ ထင်ပြီး ယုံကြည်သွားမှာလေ၊

မင်္ဂလာ မင်းကို ငါ သိပ်အံ့သြတာပဲ၊ ဘာအခြေအနေမှမရှိတဲ့ ယောက်ျားတစ်ယောက်နဲ့ ကားတိုးစီးပြီး ပျော်ရွှင်ကြည်နူးနိုင်တာကိုလေ၊ ထင်တောင်မထင်မိဘူး။

www.burmeseclassic.com



မင်းလို အရာအားလုံးပြည့်စုံနေတဲ့ မိန်းကလေးတစ်ယောက်က ငါလိုလူမျိုးကို အကြောင်းပြချက်တွေနဲ့ ရှောင်တိမ်းပြီး ခေတ်သွေးသားနဲ့ဘောမှာ ယှဉ်တွဲပြီး တွေ့လိုက်ရတော့ ငါ့ဒေါသတွေ အကြီးအကျယ်ပေါက်ကွဲသွားရတယ်။ ဒါကြောင့် စိတ်ထဲမှာ သန္နိဋ္ဌာန်ချထားလိုက်တယ်။ မင်းကို ငါပဲ ပိုင်ဆိုင်ရစေမယ်လို့။

## အခန်း ( ၁၀ )

"ခေတ်သွေးသား"

"ဗျာ . . . မာမီကြီး"

"ငါ မင်းကို ဘာမှာထားသလဲ၊ ငါ့သမီးနဲ့ လုံးဝအရောတဝင်မနေရဘူးလို့ပြောထားတယ် မဟုတ်လား၊ ငါ့စကားကို မင်း ဆန့်ကျင်တာပေါ့လေ"

"ဗျာ"

"ဘာဗျာလဲ၊ အခုမှ ငါ့ရှေ့မှာ မရှုတ်တဲ့ကြောင့်ပဲ



www.burmeseclassic.com

www.burmeseclassic.com



လုပ်ပြမနေနဲ့။ မင်္ဂလာက မင်းသင်တန်းကို လာတယ်ဆို"

သူ အံ့ဩသွားရသည်။ ဒေါ်ခင်မျိုးမြင့် သိသွားပြီပဲ။ အဲဒါကြောင့် ဒေါ်သတကြီး သူ့ကို ခေါ်တွေ့ပြီးပြောတာကိုး။

"အဲဒါကို ဘာလို့ မင်းက လက်ခံရတာလဲ။ ဒီကိစ္စကို မင်းကိုယ်တိုင်ကရော ဘာကြောင့်အကျိုးအကြောင်းရှင်းမပြဘဲ ငြိမ်ပြီး ဖုံးကွယ်ထားရတာလဲ"

"ဟို . . . ကျွန်တော်"

"သင်တန်းကိုသွားဖို့ ကားစီးတာ မင်းယောက်ျား မဟုတ်ဘူးလား။ မေးမြန်းပြီး မစီးတတ်ဘူးလား။ အကြောင်းမရှိ အကြောင်းရှာပြီး လာနဲ့ရင်းနှီးဖို့ လုပ်တာတော့ ငါ နည်းနည်းလေးမှ လက်မခံနိုင်ဘူး"

သူ့ရင်ထဲ ကြေကွဲဝမ်းနည်းမှုတွေ ရုတ်ခြည်း တိုးဝင်လာခဲ့သည်။ ဒေါ်ခင်မျိုးမြင့်ရဲ့ အထင်လွဲမှားမှုကို ဖြေရှင်းပြဖို့ သူမှာ အားအင်တွေမဲ့နေခဲ့သည်။ ဒေါ်ခင်မျိုးမြင့် အထင်လွဲနေသည်။ သူ ဘယ်တုန်းကမှ သူမနှင့်ရင်းနှီးဖို့ မကြိုးစား



ခဲ့။ သူမကသာ သူ့ကို အတင်းရင်းနှီးဖို့ ကြိုးစားတာပါလို့ သူ ပြန်မပြောပြရဲခဲ့။

"ဒီကိစ္စ ဝေယံသိသွားရင် ဘယ်လိုလုပ်မလဲ"

"ခင်ဗျာ"

"ဝေယံနဲ့မင်္ဂလာကို လူကြီးချင်း သဘောတူထားကြတာလေ။ တစ်နေ့နေ့ တစ်ချိန်ချိန်ကျရင် မီးငယ် မဖြစ်မနေ လက်ထပ်ရမယ့်သူဟာ ဝေယံပဲ။ ဝေယံလို သမက်မျိုးကိုပဲ ငါ လိုအပ်တယ်"

"ကျွန်တော်တို့က . . ."

"ရိုးရိုးသားသားပါလို့ ဝန်ခံမလို့လား။ ခေတ်သွေးသား အဲဒီအကြောင်းပြချက်ကို ဝေယံက လက်မခံရင် ဘယ်လိုလုပ်မလဲ။ ဝေယံရဲ့အထင်လွဲမှုကို လုံးဝ လက်မခံနိုင်ဘူး။ အဲဒီတော့ ဒီတိုက်ကြီးထဲမှာနေရင် အေးအေးဆေးဆေး ပညာရေးကိုပဲ ဦးစားပေးပြီး ကြိုးစားပါ။ တခြားအရာတွေ ရှုပ်ယှက်ခတ်လာရင်တော့ ဆောရီးပဲနော်။ ခင်မျိုးမြင့်ဆိုတဲ့ ငါက ဘယ်သူ့မျက်နှာမှ ထောက်ထားငဲ့ညှာမှာ

www.burmeseclassic.com



မဟုတ်ဘူး"

ဒါ သူ့ကိုအကောင်းဆုံး ခြိမ်းခြောက်တာပေ့ါ။ သူ နားလည်လိုက်ပြီ။ သူ့ကြောင့် အေးချမ်းတဲ့ဘဝလေးတစ်ခု မှာပဲ ဂုဏ်ရှိရှိ ရပ်တည်နေတဲ့ ကိုကြီးရဲ့အနာဂတ်လေးတွေ မပျက်စီးစေချင်ဘူး။ သူ အဲဒီလောက်ထိ မိုက်မဲ့တဲ့ ယောက်ျားတစ်ယောက် မဟုတ်ပါဘူး။ သူ ကိုယ့်ဘဝကိုယ် နားလည်ပါသည်။

"နောက်ဆို ကိုယ့်အလုပ်ကိုယ်လုပ်ပြီး အေးအေး ဆေးဆေး ပညာသင်၊ ငါ့စကားကို နားထောင်ပြီး လိမ္မာပါ။ စိတ်ကူးယဉ်မှုတွေနဲ့ အရူးထလို့ကတော့ ကိုယ့်ဘဝအနာဂတ် တွေ ပျက်ပြီးသားမှတ်။ ခေတ်မင်းသား ဘဝမှာ အခုလို အောင်မြင်မှုတွေနဲ့ ရပ်တည်နိုင်တာ ငါ့ကြောင့်ဆိုတာ မမေ့ လိုက်ပါနဲ့။ လုပ်ငန်းကိုယ်စားလှယ် လွှဲစာကို ပြန်ရုပ်သိမ်း လိုက်ရင် . . ."

"မာမီကြီး အဲလိုတော့ မလုပ်ပါနဲ့ဗျာ။ ကိုကြီးရဲ့ အေးချမ်းတဲ့ဘဝကို ကျွန်တော့်ကြောင့် အပျက်အစီးမခံနိုင်





ပါဘူးဗျာ"

"ဟွန်း . . . ဒါတော့ မင်းက သိတတ်သားပဲ။ မင်း အစ်ကိုရဲ့အိမ်ထောင်ရေး မင်းကြောင့် ပျက်စီးသွားမှာ ကြောက်သားပဲ။ အေး . . . အဲဒီလိုပဲ ငါလည်း ငါ့သမီးရဲ့ ဘဝရေးရေး သာယာလှပတာပဲ မြင်ချင်တယ်။ ဂုဏ်ရှိရှိ ယောက်ျားတစ်ယောက်နဲ့ ကြီးကျယ်ခမ်းနားတဲ့ မင်္ဂလာပွဲ ကြီး တစ်ခု ကျင်းပနိုင်တာကိုပဲ ငါလိုလားတယ်"

"ဟုတ် . . . ဟုတ်ကဲ့"

"မင်း ငါ့ကို နားလည်ပေးပါ ခေတ်သွေးသား။ ဒီစကားတွေကို ငါ မပြောလို့မဖြစ်ဘူးလေ။ မီးဆိုတာ မလောင်ခင်က တားတဲ့ဆိုရိုးစကားလည်း ရှိထားတော့ စောစောစီးစီးကတည်းက တားထားရတာ"

ဒေါ်ခင်မျိုးမြင့်တစ်ယောက် မိမိရှေ့တွင် ခေါင်းငုံ့ နေသော ကောင်လေးကိုကြည့်ပြီး အမြင်ကတ်စွာ မဲ့ခနဲ ပြုံး ပြီး ကြည့်နေမိသည်။ ဒီလောက်အတန်တန်တားဆီးထားပါ ရက်နဲ့ သမီးနဲ့ရင်းနှီးချင်သေးသည်။ ဒီကိစ္စကို ဘယ်လိုမှ



www.burmeseclassic.com

www.burmeseclassic.com



သဘောထားကြီးလို့ မဖြစ်ဘူး။ သမီးစေတနာက သူ့အများ ပါဆိုပြီး တောင်းပန်လိုက်လို့ ဒေါ်ခင်မျိုးမြင့်စိတ်တွေ လျော့ လိုက်တာ၊ ခေတ်မင်းသားလည်း ဘာမှမသိဘူးတဲ့။

မီးငယ်ကိုယ်တိုင်ကလည်း သူ့ကို လုံးဝ စိတ်မဝင် စားပါဘူးဆိုတဲ့ ကတိတွေ အထပ်ထပ်ပေးတာမို့ . . .

"ခေတ်သွေးသား"

"ခင်ဗျာ"

"ဒီနေ့ အိမ်ကို ဝေယံလာလိမ့်မယ်။ အဲဒါ တစ်တိုက် လုံး သန့်ရှင်းလုပ်ထားပါ။ ဝေယံက အသန့်အပြန့်ကြိုက် တယ်"

"ဟုတ်ကဲ့"

"မင်းလည်း သင်တန်းအကြောင်းပြပြီး အချောင် နိုမနေနဲ့။ အိမ်ကိုလည်း ဝိုင်းကူပြီး လုပ်"

"ဟုတ်ကဲ့"

"အမိကက အပြောအဆိုအနေအထိုင် ဆင်ခြင် ပါ။ ဝေယံအထင်လွဲတာ၊ စိတ်ရှုပ်ထွေးနောက်ကျိသွားတာ



မျိုး နည်းနည်းလေးတောင် မရှိစေနဲ့။ မင်္ဂလာနဲ့လည်း ဘယ် လိုအကြောင်းမျိုးနဲ့မှ အရောဝင်စရာအကြောင်းမရှိဘူးနော်။ သွားတော့ . . . မင်းတို့ကြောင့် ခေါင်းတွေတောင်မူးတယ်။ တကယ်ရှုပ်တဲ့ဟာတွေပဲ။ အေးအေးဆေးဆေးကို မနေရ ဘူး။ သွား . . . သွား . . . လုပ်စရာရှိတာသွားလုပ်တော့"

သူ မာမီကြီးအခန်းထဲကနေ ပြန်ထွက်လာခဲ့ သည်။ စိတ်ထဲမှာတော့ ဘဝရှေ့ရေးရပ်တည်နိုင်အောင် ဒီထက်ပိုပြီး ကြိုးစားဖို့ ဆုံးဖြတ်ထားသည်။ အဲဒါကြောင့် အဝေးသင်ယူပြီး အင်္ဂလိပ်စကားပြောသင်တန်း၊ ကွန်ပျူတာ သင်တန်းတွေ တက်ခဲ့သည်။ ပညာရေးကို ဥာဏ်ကောင်းပြီး စာတော်ပါရက်နှင့် မမေ့ကျွန်းမာရေးကြောင့် ထင်သလောက် အောင်မြင်မှုများ မရခဲ့။ ဒါပေမဲ့ သူ နောင်တတော့ မရခဲ့ပါ။

ဘွဲ့တစ်ခုတော့ရအောင်ယူရမည်။ ပြီးရင် သင်တန်း တွေ တက်ပြီး အလုပ်တစ်ခုဝင်နိုင်အောင် ကြိုးစားရမည်။ ကိုယ့်ဘဝကို ထူထောင်နိုင်အောင် ရပ်တည်နိုင်အောင် လုပ်မည်။ နိုင်မာတဲ့ ဆုံးဖြတ်ချက်တစ်ခုကို သူ ချလိုက်

www.burmeseclassic.com

www.burmeseclassic.com



သည်။ ဒီနေ့ကစပြီး သူမကို ခင်ပြတ်ပြတ်သားသားပဲ ရင်ဆိုင်တော့မည်။ သူ ပျော့ညံ့နေလို့မဖြစ်။ မာမိကြီးပြောတဲ့ စကားတွေကလည်း မှားမှဲမမှားတာ။ သူ နားလည်ပေးရမှာပေါ့။

သူ့အခန်းထဲကအထွက် သူမက သူ့လက်ကလေးကို ဆွဲပြီး သူမအခန်းထဲခေါ်သွားသည်။ အခန်းထဲ ရောက်တော့ သူမလက်တွေကို အတင်းဆွဲခွာပြီး သူ ပြန်ထွက်ဖို့လုပ်တော့ သူမက လျင်မြန်စွာ တံခါးလေးကို အသာစေ့ ပိတ်ကာ လော့ခ်ချလိုက်ပြီး တံခါးဝတွင် ပိတ်ကာတားဆီးလိုက်ကာ . . .

"မင်း ဘယ်လိုကောင်မလေးလဲ၊ တံခါးဖွင့်ပေးစမ်း"

"သွေး"

"အခုချက်ချင်း ဖွင့်ပေးစမ်း မင်္ဂလာ"

"ဘာ . . . ဘာ . . . ရှင် ကျွန်မကို ဘယ်လိုခေါ်လိုက်တယ်"

"ဒီမှာ မင်္ဂလာ မင်းနဲ့ကျွန်တော်ရဲ့ ခင်မင်မှုကို ဒီနေ့



က စပြီး ကျွန်တော့်ဘက်က ရုပ်သိမ်းပါတယ်၊ ကျွန်တော့်ကို အနှောင့်အယှက်မပေးပါနဲ့ မင်္ဂလာ၊ ကျွန်တော် အေးအေးဆေးဆေး ပညာသင်ပါရစေ"

မျက်နှာထားခပ်တည်တည်နဲ့ သူမကို မကြည့်ဘဲ တရစပ်ပြောချလိုက်တဲ့စကားစိမ်းစိမ်းတွေကြောင့် သူမ နှလုံးသားတွေ နာကျင်သွားရသည်။ စိမ်းကားလွန်းတဲ့ ဆက်ဆံမှုလေးတွေက သူမ အသည်းတွေကို တစ်စစီမွဲခြွေချနေသလိုပင်။

"သွေး . . . ကျွန်မ ဘာတွေအမှားလုပ်မိလို့လဲ"

"လုပ်တာပေါ့။ လုပ်တာမှ အများကြီးပဲ၊ မင်း ကျွန်တော့်ကို အတင်းလာပြီးအခရောဝင်တယ်၊ အခမ္ဘရင်းနှီးမှုတွေ ယူခဲ့တယ်၊ အဲဒါ အမှားတွေပေါ့"

"ဒါတွေအားလုံးကို စိတ်လိုလက်ရလုပ်မိတာ အချစ်ကြောင့်လေ၊ ဒါဆို ကျွန်မ ရှင့်ကိုသိဝ်ချစ်နေတာကရော အပြစ်တစ်ခုလား"

သူမ ဘရိတ်အုပ်လို့မရတော့၊ မိန်းမသားလေးဘက်

www.burmeseclassic.com

www.burmeseclassic.com



က စမပြောသင့်ဘူးဆိုတာ သိပေမယ့် အချစ်တွေကြောင့် လွှတ်ခနဲ ထွက်သွားပြီးလေ။

"အပြစ်တစ်ခုပေါ့။ အဲဒါလိုပြီး ကြီးမားတဲ့ မှားယွင်းမှုကြီးပဲ။ မင်းချစ်သင့်တာ ဝေယံလေ"

"သွေး"

သူမ သည်းမခံနိုင်စွာ တားဆီးပစ်လိုက်သည်။ သူ့နှုတ်ဖျားက ဝေယံဆိုတဲ့နာမည်တစ်ခု ထွက်ကျလာတာ သူမအတွက်တော့ သွေးပျက်တုန်လှုပ်ချောက်ချားစရာပါ။ သေချာတာကတော့ သူမကို ရန်သူတစ်ယောက်လို ဆက်ဆံတာ မာမိုးစနက်ကြောင့်ပဲဖြစ်ရမည်။ သူ့ကို မာမီ တစ်ခုခုပြောလိုက်လို့ အခုချက်ချင်းကြီး ပြောင်းလဲသွားတာလေ။

"သွေး"

"ရှေ့ကဖယ်ပါ မဂ်လာ"

"မဖယ်ဘူး"

သူ ဂုဏ်တစ်တစ်နိုင်လွန်းတဲ့ သူမကို စိတ်ပျက်စွာ



ကြည့်လိုက်မိသည်။ အဖေကတစ်မျိုး၊ သမီးကတစ်မျိုး၊ အစ်ကိုဖြစ်သူရဲ့ အိမ်ထောင်ရေးသာယာမှုကို ထိန်းရတာ တစ်မျိုး ကြားရင် သူ ရှုးရတော့မည်။ ဘယ်သူကိုမှလည်း သူမှာ မတော်လှန်ရဲပါ။ ယောက်ျားမာနနှင့် တော်လှန်ချင်ပေမယ့်လည်း ကျေးဇူးတရားဆိုတဲ့ ဝန်ထုပ်ဝန်ပိုးကြီးက သူ့တစ်ကိုယ်လုံး လေးပိနေသည်။ ဘယ်လိုမှ ငြင်းဆန်လို့မရတဲ့ ဘဝ၊ ရုန်းထွက်လို့မရတဲ့ ကံကြမ္မာ၊ ဒါတွေကို ဘာကြောင့် သူ့ဆီမှာ စုပုံပြီး ကျရတာလဲကွ။

"မောင့်ကို ကျွန်မ သိပ်ချစ်တယ်"

ရီဝေစိုစွတ်နေတဲ့ မျက်ဝန်းလေးတွေနဲ့အတူ သူမ မျက်နှာချောချောလေးက သူ့ရင်ခွင်ထဲ တိုးဝင်လာပြီး ခပ်တိုးတိုးစကားဆိုလာသည်။ သူ့ရင်တွေ ဒုန်းခနဲ ဆောင့်ခုန်သွားရသည်။

"မောင့်ကို ကျွန်မရအောင် လက်ထပ်မှာ၊ ကျွန်မ မောင်ကလွဲပြီး ဘယ်သူ့ကိုမှ ချစ်လည်းမချစ်ဘူး၊ ယူလည်း မယူဘူး။ အခုတော့ ကျွန်မစိတ်တွေကို ထိန်းချုပ်ထားဦးမှာ

www.burmeseclassic.com



ပေါ့။ အဲဒါ လက်လျှော့လိုက်တာ မဟုတ်ဘူးနော်"

ပြောရင်း သူမက ခြေဖျားလေးထောက်ကာ သူ့ကို မော့နမ်းလိုက်ပြီး တံခါးဖွင့်ပေးလိုက်သည်။

## အခန်း ( ၁၁ )

အိမ်ကို ဝေယံအလည်လာတယ်ဆိုတာနဲ့ အိမ်မှာရှိတဲ့လူအကုန် ပျာယာခတ်နေရသည်။ ထုံးစံတစ်ခုလို ဖြစ်နေတဲ့ကိစ္စမို့ ကြာတော့ အိမ်မှာရှိတဲ့အလုပ်သမားတွေ အားလုံး စိတ်ညစ်ကာ နောက်တွယ်တွင် လစ်ရင်လစ်သလို အတင်းအုပ်ပါတော့သည်။ ဝေယံက တစ်ယောက်မှ အနား မရအောင် ထောင့်စေ့နိုင်းတာကို။

"အိမ်ရှင်တွေနိုင်းတာထားပါတော့။ လုပ်အားခ

www.burmeseclassic.com

www.burmeseclassic.com



ပေးထားလို့၊ အခုတော့ မဆီမဆိုင်တော် အမြင်ကတ်စရာ ကောင်းလိုက်တာ၊ မမလေးကို သူတောင် မယူရသေးဘူး၊ တစ်တိုက်လုံး အုပ်စီးပြီး ခြယ်လှယ်ချင်နေပြီ၊ ဒါကို မာမီကြီးက အကောင်းမှတ်လို့ သဘောကျနေသေးတယ်၊ အရှုံး . . . အရှုံးနဲ့ အိမ်ဦးခန်း ချေးတက်ပါမှသိမယ်"

အိမ်ဖော်မလေး သန္တာစကားကြောင့် သူမျက်လုံး ပြူးသွားရသည်။

"သန္တာ တိုးတိုးပြော ကြားသွားဦးမယ်"

"ကြားကြား၊ အဲဒီဝေယံဆိုတဲ့လူကို တစ်စက်မှ ကြည့်လို့မရဘူး"

"သန္တာရေ"

"ဟော"

"ဘီလူးကြီးခေါ်ပြန်ပြီ"

ဝေယံအသံကြားသော်လည်း သန္တာက အလှုပ် မပြတ်ဘဲ မကြားချင်ဟန်ဆောင်နေသည်။ သူလည်း အမြင်ကို ထွက်ခဲ့တော့ . . .



"သန္တာရော ခေတ်သွေးသား"

ဝေယံက သူ့ကို ခပ်နှိမ့်နှိမ့်ကြည့်ပြီး လှမ်းမေးသည်။

"အိမ်သာသွားနေတယ် ထင်တယ်"

"သိပ်ခက်တဲ့ကောင်မတွေ၊ အဲဒါကြောင့် အိမ်က ဟာတွေကို စိတ်တိုင်းမကျတာ၊ လခသာယူချင်ကြတာ အလုပ်ဆို ဘယ်လိုခိုကပ်ရမလဲချည်းပဲ ချောင်းနေကြတဲ့ ဟာတွေလေ၊ အဲဒါကြောင့် အန်တီခင်ကို ပြောတာပေါ့၊ ဒါမျိုးတွေကို သိပ်ပြီး ပါးမပေးပါနဲ့လို့၊ ခင်းတို့က စေတနာ ကို စေတနာထင်တာ မဟုတ်ဘူး၊ ကျေးဇူးရှင်ကို ဘယ်လို ကျေးဇူးစွပ်ရမလဲပဲ ကြံစည်နေတဲ့ဟာတွေ၊ စိတ်ကောင်း တစ် စက်မှ မရှိကြဘူး"

"ဟုတ်ပါ့ မောင်ဝေယံရယ်၊ သားကတော့လေ အိမ်ထောင်ဦးစီးသိပ်ပီသတာပဲ၊ တကယ့်ကို စေ့စေ့စပ်စပ် ဦးဆောင်နိုင်တာပဲ၊ အဲဒါကြောင့် မာမီခင်က ဝေယံကို သမက်တော်ချင်တာပေါ့၊ အရည်အချင်းပြည့်ဝလိုက်တာ၊ အရမ်းတော်တာပဲ"

www.burmeseclassic.com

www.burmeseclassic.com



သူ့ကို ရှေ့တည့်တည့်ထားပြီး မာမီ့ဆီက ဒီစကားမျိုးတွေ ထွက်လာတာမို့ သူမမျက်နှာပျက်သွားရသည်။ စိတ်မကောင်းလည်း ဖြစ်သွားရသည်။ မာမီ့ရှေ့မှာမို့ သူမလည်း ဘာမှမတတ်နိုင်ခဲ့။

သူ ဒီစကားသံတွေကို နားမထောင်ရဲတော့ပါ။ ရယ်မောပျော်ရွှင်နေတဲ့ မာမီကြီးနဲ့ ဝေယံတို့ရှေ့ကနေ ပြေးထွက်သွားချင်စိတ်တွေ ပေါက်သွားရသည်။ တစ်ချိန်လည်း အသည်းနှင့်အောင်ချစ်လှပါချည်ရဲ့ဆိုတဲ့ သူမက ဒီစကားဝိုင်းကို အပြုံးလေးနဲ့ လက်ခံနေတာတွေ့ရတော့ သူ့နှလုံးသားတွေ ပို၍ပင် နာကျင်သွားရသည်။

"ကိုဝေယံ"

"ဘာလဲ ခေတ်သွေးသား"

"သန္တာ့ကိုခေါ်တာ ဘာကိစ္စများလဲဗျာ"

"ဪ . . . ဟုတ်သားပဲ။ အန်တီခင်နဲ့ စကားပြောနေတာနဲ့ မေ့တော့မလို့။ ကားထဲမှာ မင်္ဂလာကို ပေးဖို့အတွက် ပန်းစည်းကျန်ခဲ့တာ အဲဒါယူခိုင်းမလို့"





"ကျွန်တော် သွားယူပေးပါ့မယ်"

"ဟာ . . . အားနာစရာကြီး"

သူမရှေ့မှာမို့ ဝေယံက ဟန်ဆောင်ကောင်းစွာ စကားလှလှလေးသုံးလိုက်တာလေ။ သူ့ဘဝက ဘာလဲ။ ဘယ်အဆင့်မှာရှိတယ်ဆိုတာ သူမ လက်တွေ့ကျကျ သိသွားအောင်။ မင်းက ဒီကောင်ကို မက်မောစိတ်ဝင်ချင်နေတာကို။

သူ ပန်းစည်းကို သွားယူပြီး . . .

"ကိုဝေယံ . . . ပန်းစည်းရပြီ"

သူမန်ဘေးမှာထိုင်ပြီး ရယ်မောပျော်ရွှင်ပြီး လောကကြီး တစ်ခုလုံး မေ့ပျောက်နေတဲ့ ဝေယံအနားကို တိုးကပ်လိုက်ပြီး ပန်းစည်းကို ကမ်းပြီး . . .

"ပန်းစည်းရပြီ ကိုဝေယံ"

"ဪ . . . အေး"

စကားစမပြတ်သေးသဖြင့် မျက်ဝန်းအကြည့်က သူ့ဆီထံမှမခွာ။ ဒါပေမဲ့ သူ့ရဲ့တရိုတသေကမ်းပေးနေတာကို

www.burmeseclassic.com



သူမ အကြည့်မရောက်ရောက်သွားတဲ့အထိ မယူသေးဘဲ ခံကာထားလိုက်သည်။ မင်္ဂလာ ဒါဟာ ခေတ်သွေးသားရဲ့ လက်တွေလေ။ မင်း ဒါကို ရင်မဆိုင်ရဲဘူးမဟုတ်လား။ ငါ နိုင်းတာကို တိုးနှံ့အောင် လုပ်ပေးရတာကို မင်း မတားဆီးရဲဘူး မဟုတ်လား။

"ခေတ်သွေးသား"

"ဗျာ . . . မမလေး"

"မုန်းစည်းတို့ ချထားခဲ့။ ဒီမှာ စကားပြောနေတာ မမြင်ဘူးလား"

သူမ သူ့ကို လေသံမာမာနှင့် ပြောလိုက်သည်။ ဒီပုံစံမျိုးနှင့် သူ့ကို သူမ မကြည့်ရက်တာမို့ အမြန်သွားနိုင်ဖို့ သူမ ကြားဝင်ပြောလိုက်ခြင်းဖြစ်သည်။

"ဟုတ်ကဲ့ခင်ဗျ"

သူနဲ့သူမကို သံသယမျက်ဝန်းတွေနဲ့ စောင့်ကြည့်နေတဲ့ မာမီနဲ့ဝေယံရှေ့မှာ သူမ ဒီစကားမျိုး ဒီလေသံမျိုး မသုံးချင်ဘဲ သုံးလိုက်ရသည်။ ဒါကို သူ အားငယ်သွားမှာပဲ။ မယုံကြည်နိုင်တဲ့အကြည့်မျိုးနဲ့ သူ သူမကိုကြည့်နေပြီ။ အကျင့်ယုတ်ပြီး သူ့ကို ပန်းစည်းကိုင်နိုင်းထားကာ စကားမပြတ်ချင်ယောင်ဆောင်ပြီး ဝေယံလုပ်နေတာကို သူမ ရိပ်မိလိုက်သည်။ မျက်လွှင်းသွားတဲ့အခြေအနေတစ်ခုကို ထိန်းဖို့ ချက်ချင်းသတိရလိုက်သူက ဝေယံပါ။ သူမ မျက်နှာမှာ ဝေယံ တမင်လုပ်တာဆိုတဲ့ အမြင်မကြည်ရိပ်တွေကို မြင်နေရပြီလေ။





မင်း အရမ်းကို နင့်နေပြီလား မင်္ဂလာ။ ငါ ရိပ်မိပါတယ်။ ဒီမြင်ကွင်းကို မင်း တကယ်မကြည့်ရက်တော့ဘူး မဟုတ်လား။ မင်းမျက်နှာလှလှလေး မှန်ကုတ်ကုတ်ဖြစ်နေတာလေ။ ငါတို့ရှေ့မှာမို့သာ အပြုံးလေးနဲ့ ရှိနေပေမယ့် မင်းနှုတ်ခမ်းပေါ်က အပြုံးတွေက အသက်မှမပါတာ။ ဒါကို ငါ သိတယ် မင်္ဂလာ။ အဲဒါကြောင့် ငါက အပြုံးနဲ့ ခေတ်သွေးသားကို ပြန်ပြီး အရှုံသတ်ရမှာပေါ့။ ငါ့အတွေးတွေထဲမှာ စွဲမြဲစွာ ထည့်ထားတဲ့အကြံအစည်တစ်ခုအတွက်ကြောင့်လေ။ အဲဒီအတွက် ငါ သရုပ်ဆောင်ကောင်းရဦးမယ်။



www.burmeseclassic.com

www.burmeseclassic.com



"ဩော် . . . ပေး . . . ပေး . . . ကိုယ် စကား ကောင်းပြီး မေ့သွားတယ်။ အားနာလိုက်တာကွာ"

ပြောပြောဆိုဆို နံ့ပေါ်တင်ခဲ့ဖို့လုပ်နေတဲ့ သူက ဝေယံ လှမ်းတောင်းတာမို့ ပန်းစည်းကို ပြန်ယူပြီး လှမ်းပေး စဉ် . . .

"ဟာ"

"ဟင် . . . ကျိုးကုန်ပြီ"

ပေးသူနဲ့ ယူသူလက်နှစ်ခုကြားမှာ ပန်းစည်းလှလှ လေးက လွတ်ကျကာ ပန်းတွေ ကျိုးကြေကုန်တော့သည်။

"မင်း . . . မင်း ဘယ်လိုလုပ်လိုက်တာလဲ"

အထိတ်တလန့်နှင့် ဒေါ်ခင်မျိုးမြင့်က မေးသည်။

"ကျွန်တော်"

"ဒီမှာ ပန်းတွေကြေကုန်ပြီ။ မင်း အလုပ်လုပ်တာ ဒီလောက်တောင် နမော်နမဲ့နိုင်ရသလား ခေတ်သွေးသား။ ယောက်ျားဖြစ်ပြီး ခြေမနိုင် လက်မနိုင်နဲ့ စိတ်နဲ့ကိုယ်မှ ကပ် ရဲ့လား"





"ကျွန် . . . ကျွန်တော်"

"ပန်းကလေးတွေ လှလိုက်တာ။ အကုန်ကြေကုန် ပြီ။ မြန်မြန်ကောက်စမ်း"

"အန်တီခင် နေပါစေ။ သန္တာကိုလုပ်နိုင်းလိုက် လည်း ရတာပဲ။ ထားလိုက် ခေတ်သွေးသား"

"ရပါတယ် ကိုဝေယံ။ ကျွန်တော် သိမ်းလိုက်ပါ့ မယ်"

ရှယ်တာမတိမ်းမယိမ်း ယောက်ျားတစ်ယောက်ရှေ့ မှာ သူ့ကို တမင်နှိမ်ချပြီး ဆူပူကြိမ်းမောင်းခံလိုက်ရတာမို့ အရှက်ကြီး ရှက်မိသည်။ တကယ်ဆို သူ ကောင်းကောင်း မှန်မှန်ပဲ ကမ်းပေးလိုက်တာပါ။ အဲဒါကို ဝေယံက တမင် လွှတ်ချပြီး ပန်းတွေကြေကုန်တာ။ ဒါကို မာမီကြီးက သူ့ကို ပဲ အပြစ်ပြောတာ ဖြစ်တင်နေသည်။ ဝေယံ သတ်သက်မဲ့ လုပ်တာကို သူ မထင်မှတ်ဘဲ သတိထားလိုက်မိသည်။ ဒါကို သူ့မှာ ပြောခွင့်မရှိ။ ဝေယံက မာမီကြီးချည့်သည်လေ။ သူ ပြောရင်လည်း ဘယ်သူကမှ အလေးအနက်ထားပြီး



www.burmeseclassic.com

www.burmeseclassic.com



နားထောင်မှာမှ မဟုတ်တာ။

သူမရှေ့မှာမို့ ဝေယံက အားနာတဲ့ပုံစံနဲ့ ပြောနေတာ။ တကယ့်မျက်လုံးတွေထဲမှာတော့ ဝမ်းသာကျေနပ်မှုတွေက ဖုံးဖိမရ။ သူ ပန်းအကြွေတွေ ကောက်သိမ်းလိုက်သည်။

"ဒီမှာတစ်ပွင့်"

ဝေယံက လက်ညှိုးထိုးကာပြသည့် ပန်းပွင့်လေးကို သူ ကောက်လိုက်သည်။ သူ့မျက်ဝန်းထဲမှတော့ ရှက်စိတ်၊ အားငယ်စိတ်တွေ ဖုံးလွှမ်းနေသည်။

ထိုစဉ် သန္တာရောက်လာပြီး . . .

"ကိုကိုလေး ထားလိုက် . . . ထားလိုက်။ သန္တာ ဆက်လုပ်လိုက်မယ်"

သူ့လက်ထဲက ပန်းစည်းအကျိုးအကြေတွေကို သန္တာက ယူလိုက်တာမို့ သူ အဲဒီနေရာက ထွက်လာခဲ့တော့သည်။ သူ အခန်းထဲရောက်တော့ ယောကျ်ားတန်မဲ့ ရှိုက်ငိုမိသည်၊ မိန်းမပျိုတစ်ယောက်ရှေ့မှာ အထင်သေးရှုတ်ချ



မှုတွေနဲ့ ရက်ရက်စက်စက် ပြောဆိုတာ ခံလိုက်ရတာမို့ သူ ဝမ်းနည်းအားငယ်သွားရသည်။ သူမကတော့ ဝေယံကို အမြင်ကတ်လို့လုပ်တယ် ထင်မှာပဲ။ အမှန်ကတော့ ယူမလိုလိုနဲ့လွှတ်ချလိုက်တာက ဝေယံ။ အမှန်တရားကို ရှင်းပြခွင့်မရှိ။ နောက်ဆုံး ကိုယ့်ဘာသာကိုယ်ပဲ စိတ်လျှော့လိုက်ရတော့သည်။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၁၂ )

"ဟင် . . . ဟင်း . . . တက္ကသိုလ်ကျောင်းသားကြီး ဖြစ်လာလို့လား မသိဘူးကွယ်၊ ခေတ်သွေးသားကပိုပြီး သိတတ်လိမ္မာလာတယ် မောင်ခေတ်မင်းသားရဲ့"

သူ့ကိုကြည့်ပြီး ချီးကျူးလိုက်တဲ့ စကားသံကတခြားလူဆီက ထွက်လာခြင်းမဟုတ်၊ ကိုကြီးရဲ့ ယောက္ခမဆီက ကြားလိုက်ရခြင်းဖြစ်သည်။ သူတစ်ကိုယ်လုံး ကြက်သီးဖြန်းဖြန်းပင် ထသွားရသည်။ မနက်ပိုင်း ထမင်းစားပွဲထိုင်





တာနှင့် သူ့အကြောင်း အကောင်းတွေချည်းပဲ ပြောတတ်သလောက် ကိုကြီးတို့လင်မယားအလုပ်သွားတာနဲ့ သူ့အပေါ် ဆက်ဆံမှုက မထင်ရက်အောင် ပြောင်းလဲသွားသည်။ တတ်လည်း တတ်နိုင်လွန်းတဲ့ မိန်းမကြီးပါပဲ။

"ခေတ်သွေးသား . . . စားလေ၊ မုန့်တွေ အများကြီးဟာကို"

"ဟုတ်ကဲ့"

သူ မရဲတရဲဖြေလိုက်သည်။ စားရတာ လည်ချောင်းတွင် နင်နေသည်။ ကော်ဖီနှင့် မနည်းမျှောရသည်။ ဒေါ်ခင်မျိုးမြင့် တခြားကြောင့် အခုလိုသဘောကောင်းနေခြင်းမဟုတ်ပါ။ မနေ့က ဝေယံနဲ့ခေတ်သွေးသားကိစ္စ သမက်ဖြစ်သူနဲ့ သမီးဖြစ်သူကို သူ ကုန်းချောမှာဆိုးလို့ တမင်ရင်ထဲကမပါဘဲ သဘောထားပြည့်ဝဟန်ဆောင်နေရသည်။

ဒါပေမဲ့ ဒါက ကွယ်ရာက ဆက်ဆံမှုပဲလေ၊ အခုဟာက သမက်ရှေ့မှာဆိုတော့ သူ့ညီကို စိတ်အေးပြီး လှည့်မကြည့်ရအောင် မိမိကထားတယ်ဆိုတာ ယုံကြည်မှုရှိ



www.burmeseclassic.com

www.burmeseclassic.com



ခေအာင်တော့ ဟန်လုပ်ဆက်ဆံပြရသေးတာပေါ့။ မီးငယ်က တော့ အခုထိ ဆင်းမလာသေးချေ။ မနေ့က ခေတ်ေသွး သားအပေါ် မိမိပြောဆိုမှုကို သွေးအေးအေးပဲ သမီးငယ်က နေပြသွားသည်။ ဒါဆို မီးငယ် ဒီကောင်လေးအပေါ် စိတ် မဝင်စားဘူးဆိုတာ သေချာသလောက် ရှိသွားပြီဆိုတော့ မိမိ စိတ်အေးရပြီပေါ့။

"မာမီ"

"ဟေ"

"သားတို့ အလုပ်သွားတော့မယ်"

"အေး . . . အေး . . . ကားကို သတိထားမောင်း ကြနော်"

"ဟုတ်ကဲ့ မာမီ"

မိမိအတွေးလွန်သွားသဖြင့် သမီးနဲ့သမက်ဖြစ်သူ နှုတ်ဆက်နေတာကို သတိမထားမိ၊ ခေါ်သံစူးစူးကြောင့် သတိဝင်ကာ ရုတ်ချင်းအပြုံးနုနုလေးနှင့် ပြန်နှုတ်ဆက် လိုက်ရသည်။



"ညီလေး . . . ကိုကြီးတို့ သွားပြီနော်"

"ဟုတ်ကဲ့"

ကျောခိုင်းပြီးထွက်သွားတဲ့ ကိုကြီးတို့ရဲ့ ကျောပြင် ကို ငေးကြည့်ရင်း သူ ကျန်ရစ်နေခဲ့တော့သည်။ ကိုကြီး ထွက်သွားပြီး သိပ်မကြာ . . .

"ခေတ်သွေးသား"

ဒေါ်ခင်မျိုးမြင့်ရဲ့ အသံမာမာက ထွက်လာသည်။

"ဗျာ . . . မာမီကြီး"

"ဒီတိုက်ကြီးထဲမှာနေရင် ဒီအိမ်ရှင်တွေကို မင်း စိတ်ညစ်အောင်လုပ်ဖို့ မစဉ်းစားနဲ့နော်"

"ဗျာ"

"စိတ်ဝမ်းကွဲအောင် အတို့အထောင်မလုပ်နဲ့လို့ ပြောတာ။ အဓိက ငါ့သမီးနဲ့ အိမ်ထောင်ရေးပဲ။ မင်းကြောင့် အပြိုကွဲမခံနိုင်ဘူး ခေတ်သွေးသား"

"ဟုတ်ကဲ့ပါ"

"မင်းသဘောပေါက်တယ်ဆိုရင် ဒီအိမ်မှာ ဘာ

www.burmeseclassic.com

www.burmeseclassic.com



အကြောင်းကိုစွရှိရှိ ငါ့သမီးလင်မယားကို မတင်ပြပါနဲ့။ မင်း အနေအထိုင်အလုပ်အကိုင်မဟုတ်လို့ ငါက ဆူရ ကြောရ ဆုံးမနေရတာ မောတယ်။ နောက်ဆို အလုပ်လုပ်ရင် ဂရုတစိုက်လုပ်ပါ။ ဒေါ်လင်းနဲ့သန္တာ့ဈေးသွားကြပြီထင်တယ်။ ဒါတွေကို မင်းပဲ သိမ်းလိုက်တော့။ သေချာလည်း ကိုင်ဦးနော်။ ဒါတွေက တန်ဖိုးရှိတယ်။ မင်း မရှာရတဲ့အတိုင်း ခွဲပစ်မနေနဲ့ဦး"

သူ့မျက်နှာ ကွက်ခနဲပျက်သွားရသည်။ ဒေါ်ခင်မိုးမြင့်ကတော့ ထုံးစံအတိုင်း ပြောပြီးတာနဲ့ လှည့်မကြည့်တော့ဘဲ သူ့ကို ကျောခိုင်းထွက်သွားပြီလေ။ သူ့စိတ်တွေကို တင်းထားလိုက်သည်။ မစားတော့ဘူး။ ပြောချင်တာ ပြောကြပါစေတော့။ ဒါတွေက သူ ဒီတိုက်ကြီးထဲကို စရောက်ကတည်းက တစ်ချိန်လုံး ရင်ဆိုင်ခဲ့ရတာပဲလေ။ အထူးအဆန်းလည်း မဟုတ်တော့။ အရေးကြီးတာ ရည်မှန်းချက်ပန်းတိုင်ကို ရောက်ဖို့ပဲ။ အခုဆို သူ အင်္ဂလိပ်စကားပြောသင်တန်း တက်ပြီးလို့ တော်တော်လေး ပြောဆိုနိုင်ပြီလေ။



ကွန်ပျူတာသင်တန်းဆိုလည်း ITCS - Level III တောင် ရောက်နေပြီ။

သူ သိမ်းဆည်းနေတုန်း သူ့ဘေးနား အရိပ်လေး တစ်ခုကြောင့် သူ မော့ကြည့်လိုက်တော့ မင်္ဂလာဖြစ်နေသည်။ ထိုစဉ် နဖူးလေးပေါ်သို့ကျလာတဲ့ အတွေ့အထိလေး တစ်ခုကြောင့် ရင်တစ်ခုလုံး ဒိုင်းခနဲ ဆောင့်ခုန်သွားရသည်။

"မင်း ဘာလုပ်တာလဲ"

"နမ်းတာလေ"

သူ့ဘက်က ရင်တွေ အဆမတန်ခုန်သလောက် သူမမျက်နှာကတော့ ပြုံးစိစိလေးနှင့် ပြောင်ဝန်ခံသည်။

"သွား . . . သွားတော့ မင်္ဂလာ။ တော်ကြာ မင်းနဲ့ အရောဝင်တယ်ဆိုပြီး မာမီကြီးက ကျွန်တော့်ကို ဆူနေဦးမယ်။ ကျွန်တော့်ကို ဒုက္ခမပေးပါနဲ့။ ကျွန်တော် အေးအေးဆေးဆေးနေပါစေ"

"မောင်ရယ်"

သူမ စိတ်မကောင်းဖြစ်သွားရသည်။ သူ ပြောတာ

www.burmeseclassic.com

www.burmeseclassic.com



တွေကို သူမ မသိလို့မဟုတ်၊ ကိုယ်ချင်းမစာတတ်တာ မဟုတ်၊ သူ့ဘဝ အေးချမ်းမှုက သူမအပေါ်မှာ အများကြီး မှုတည်နေတယ်ဆိုတာ သိပါသည်၊

အဲဒါကြောင့်လည်း အချစ်တွေကို ကြိတ်မှိတ်ပြီး သူနဲ့ခပ်ကင်းကင်းနေပြခဲ့သည်၊ စိတ်ထဲကမပါဘဲ မာမီ သဘောကျအောင် ဝေယံကို အရေးပေးကာ ဟန်ဆောင်မှု တွေနဲ့ ဆက်ဆံခဲ့ရသည်။ မာမီမသိအောင်လည်း စီးပွားရေး တွေ နိုးနိုးလုပ်ခဲ့သည်၊

သူမမျက်နှာလေး ညှိုးသွားတော့ သူ့ စိတ်မကောင်း ဖြစ်သွားရသည်၊ သူမကို ခပ်တည်တည်လုပ်ပြီးသာ နှုတ် ထုတ်နေမိတာ စိတ်ထဲမှာ သူမ အခုလို အနားမှာရှိနေတာ ကို ကျိတ်ပြီး ကျေနပ်နေမိသည်၊ လာရယ် မောင်လည်း ဘာသားနဲ့ထုထားလို့လဲ။ သွေးနဲ့သားနဲ့ တည်ဆောက်ထား လူသားတစ်ယောက်ပဲလေ၊

ကျောက်ဆိုင်ကျောက်ခဲတောင် တွန်းတိုက်ပါများ ရင် နဲ့သေးတာပဲ၊ အခုလို လာရဲ့အတွေ့အထိလေးတွေ



ကြင်နာအားပေးစကားလေးတွေက မာကျောပါတယ်ဆိုတဲ့ မောင့်နှလုံးသားတွေကို လှုပ်ရှားသွားစေတာ။ လာရယ် တစ်ခါတလေ မောင်လေ မာမီကြီးတို့ရှေ့မှာ မောင့်ကို မခေါ် မပြောဘဲ ခပ်စိမ်းစိမ်းနေတဲ့ ပုံစံလေးတွေကို ရင်ထဲမှာ ဝမ်းနည်းနေမိတယ်၊ ဝေယံနဲ့အတူတူ တွဲသွားတွဲလာလုပ် ပြီး ရယ်မောပျော်ရွှင်နေတာကို ကြည့်ပြီး မနာလိုစိတ်တွေ ဖြစ်မိတယ်၊

ဒါဟာ ဘာကြောင့်လဲဆိုတဲ့အဖြေကို တဖြည်းဖြည်း သိလာရတဲ့ မောင်ဟာ အရှမ်းကို တုန်လှုပ်ချောက်ချားပြီး သွေးပျက်ခဲ့ရတယ်၊

"လာ"

"ပြောလေ မောင်"

"မောင့်ဘဝကို နားလည်ပေးပါ လာ"

"ကျွန်မ နားလည်ပါတယ် မောင်ရယ်၊ ကျွန်မကို ချစ်လားဆိုတဲ့ မေးခွန်းကိုလည်း ကျွန်မ မေးချင်ပါတယ်၊ ဒါပေမဲ့ ကျွန်မ မျှော်လင့်နေတဲ့ အဖြေမျိုးဖြစ်မလာခဲ့ရင်

www.burmeseclassic.com



ကျွန်မနလုံးသားတွေ အရမ်းကို နာကျင်သွားရမှာပါ မောင်။ တစ်ဖက်သတ်အချစ်တစ်ခုကို လက်ကိုင်ထားပြီး မျှော်လင့်နေတာကမှ ကျွန်မအတွက် ပိုပြီး သင့်တော်လို့ မောင့်ကို ချစ်လားလို့ မမေးချင်တော့ပါဘူး"

"လာ . . . လာ့ကိုလည်း မောင် ချစ်နေပါပြီ"

သူ့ဆီက စကားကိုကြားတော့ သူမဝမ်းသာသွားရသည်။ သူ့ရဲ့ သန်မာတဲ့လက်နှစ်ဖက်က သူမရဲ့သေးကျဉ်းတဲ့ ခါးကလေးဆီကို နွယ်ရှင်တွေလို ရစ်ပတ်လာပြီး ကိုယ်လေး လှုပ်မရအောင် တုတ်နှောင်ခံလိုက်ရလေပြီ။ ရင်ချင်းအပ်အနေအထားမို့ သူမမျက်နှာလေး ရှောင်လွှဲမရအောင် သူ့မျက်နှာကြီးနဲ့ နီးကပ်နေသည်။ အချစ်ရည်တွေ ရွှန်းလဲ့နေတဲ့ မျက်ဝန်းလေးတွေနှင့်ဆုံပြီး ခဏမှာတော့ သူတို့နှစ်ယောက်စလုံး ရင်ခုန်သံစည်းချက်ကလေးတွေမှာ မြူးတူးပျော်ပါးစွာ ကခုန်ရင်း အချစ်ခေါ်ဆောင်ရာ တောအုပ်ကလေးထဲသို့ ဖြည်းညင်းစွာ လိုက်ပါသွားမိလေတော့သည်။



## အခန်း ( ၁၃ )

"ဒါ . . . ဒါ . . . ဘာလုပ်နေကြတာလဲ၊ မင်း . . မင်းတို့"

"ဟာ"

"မာမီ"

"မာမီကြီး"

ပူးကပ်နေတဲ့ ခန္ဓာကိုယ်နှစ်ခု အလိုအလျောက် ခွာသွားရသည်။ မထင်မှတ်ဘဲ မီးဖိုခန်းထဲ ရုတ်တရက် တိုး

www.burmeseclassic.com



ဝင်လာတဲ့ လူရိပ်တစ်ခုကြောင့် သူ့အသိစိတ်တွေ ဝေဝါးကာ သွားရသည်။ မယုံကြည်နိုင်တဲ့ မျက်လုံးပြူးကြီးတွေနဲ့ တရွှေ့ရွှေ့ဒေါသတကြီးလျှောက်လာတဲ့ ဒေါ်ခင်မျိုးမြင့်ကို ကြည့်ပြီး သူ သွေးပျက်နေရပြီ။ ဒေါ်ခင်မျိုးမြင့်မျက်လုံးထဲမှာ ဒေါသမီးတွေက ရှိန်းရှိန်းတောက်နေသည်။

"မင်း . . . မင်း . . . ငါ့သမီးကို"

"မဟုတ်"

"အမေလေး . . . လုပ်ရက်လိုက်တာ ခေတ်သွေးသားရယ်။ မင်း တော်တော်လုပ်ရက်တဲ့ကောင်ပါလား။ ငါ့ရင်နှစ်ခြမ်းကို ဖြန်းဖြန်းကွဲအောင် ခွဲပြလိုက်တာပေါ့လေ။ ဟုတ်လား"

ဒေါ်ခင်မျိုးမြင့်တစ်ယောက် ဇွေ့ဇွေ့ခုန်ရပြီ။ ဟိုကောင်နဲ့ မီးငယ်ရဲ့ အခြေအနေမှန်ကို မျက်ဝါးထင်ထင် မြင်တွေ့လိုက်ရပြီ။ ဒါဟာ မိမိ မမြင်ချင်ဆုံးမြင်ကွင်းပါ။ ဒီလိုဖြစ်မှာစိုးလို့ နည်းပေါင်းစုံသုံးပြီး တားဆီးထားတာလေ။ အခုတော့ မိမိ ယုံကြည်ထားသမျှ လွဲကုန်ပြီ။



"ပိရိလိုက်ကြတာ၊ ဟန်ဆောင်ကောင်းလိုက်ကြတာ။ ထင်တောင်မထင်ရဘူး။ ကြည့်စမ်း . . . ငါ မသိကာလို့ လာချောင်းတာ၊ ငါ့အတွေးက မှန်နေတာပဲ။ တော်တော်အဆင်ပြင်းတဲ့ မြွေဟောက်။ ကဲဟယ် . . ."

"ဖြန်း . . . ဖြန်း . . . ဖြန်း"

"ဟယ် . . . မာမီ"

သူမဆွဲဖို့ အချိန်မရလိုက်ခင် သူ့ပါးနှစ်ဖက်စလုံးထုပ္ပသွားကာ မျက်နှာပင် လည်သွားရသည်။

"သွား . . . အခုချက်ချင်း ထွက်သွား။ ငါ့အိမ်ကနေ ဆင်းသွား။ ငါ့သမီးကို မြှူစားချင်နေတဲ့ကောင်"

"မာမီ"

"ညည်းမပြောနဲ့။ ညည်းကိုလည်း ငါ စိတ်နာတယ်၊ ညည်းအသံကို မကြားချင်ဘူး။ ညည်း ငါ့ကို တစ်ချိန်လုံး လိမ်ညာနေတဲ့ သမီးမိုက်ပဲ မင်္ဂလာ"

"မရှင်းပြလို့ မရဘူး မာမီ၊ မောင့်ကို လာချစ်တယ်"

"ဘာ"

www.burmeseclassic.com

www.burmeseclassic.com



"တကယ်ချစ်မိတာပါ"

"ဘာပြောတယ်၊ ညည်း . . . ညည်း"

"မောင်နဲ့ပဲလက်ထပ်ပါရစေ မာမီ၊ ခွင့်ပြုပါ"

မထူးတော့ပြီမို့ မာမီ့ကို သူမ အမှန်အတိုင်း ဝန်ခံလိုက်သည်။

"မဂ်လာ . . . ဟား . . . ဟား . . . ဟား . . . ညည်း သိပ်ရယ်စရာတွေ ပြောတတ်နေပါလား။ ဟား . . . ဟား . . . ငါ့ကို အူတက်အောင် ညည်း ဟာသတွေ လာမပြောနဲ့နော်"

ပြောရင်း ဝါးလုံးကွဲမတတ် ဟားတိုက်ရယ်မောပစ်လိုက်တဲ့ မာမီ့လုပ်ရပ်ကြောင့် သူမပင် တုန်လှုပ်သွားရသည်။ သူကတော့ သူမဘေးမှာ မျက်စိမျက် မျက်နှာပျက်နှင့် ရပ်နေသည်။

"မာမီ"

"ဒီမှာ မဂ်လာ . . . ညည်း အရှမ်းကို စိတ်ကူးယဥ်တတ်တဲ့ ကောင်မပဲ၊ ညည်းကို ဒီနေ့အထိ ဒီအရွယ်





ရောက်အောင် ငါ လိုလေသေးမရှိ ပြည့်စုံအောင်ထားခဲ့တာ၊ လူတကာကြားမှာ မဂ်လာဟေ့ဆိုပြီး ခေါင်းမော့ ရင်ကော့နိုင်အောင်ထားတာ၊ ဘာရည်ရွယ်ချက်ကြောင့်လဲ သိလား၊ အဲဒါ ညည်းကို အဆင့်အတန်းဆိုတဲ့ ဝေါဟာရတစ်ခုရဲ့ ကြီးကျယ်မြင့်မားမှုကို သိစေချင်လို့ပဲ၊ ဂုဏ်ရှိရှိနဲ့ ဘဝမှာ အောင်မြင်မှုတွေ တပွေ့တပိုက်ကြီးနဲ့ စံပျော်တာကို မြင်ချင်လွန်းလို့ ငါ ထားခဲ့တာ၊ တစ်နေ့နေ့ တစ်ချိန်ချိန်မှာ ဘက်စုံပြည့်ဝ သာလွန်တဲ့ ယောက်ျားတစ်ယောက်နဲ့ ဂုဏ်သရေရှိရှိ ကြီးကျယ်ခမ်းနားတဲ့ မဂ်လာပွဲကြီး ကျင်းပနိုင်ပြီး စည်းစိမ်အပြည့် ခံစားစေချင်လို့ ဒီအခြေအနေ ဒီဘဝရောက်အောင် ညည်းအက်ဒီရဲ့ ချန်ထားခဲ့တဲ့ စည်းစိမ်ဥစ္စာတွေကို မပျောက်ပျက်အောင် ငါ ကြိုးစားပြီး ရှန်းကန်ခဲ့တာလေ၊ ဒီရည်မှန်းချက်တွေ ရည်ရွယ်ချက်တွေကို ငါ ဘယ်လိုမှ မစွန့်လွှတ်နိုင်ဘူး၊ အတွာကြီးကြီးနဲ့ ငါ ဆုပ်ကိုင်ထားရမယ် ညည်းသိလား"

"မာမီ အဲဒါတွေဟာ မာမီ့စိတ်ကို တင်းချိန်လုံး



www.burmeseclassic.com

www.burmeseclassic.com



ထိန်းချုပ်နေတဲ့ မှာန်နတ်ဆိုးတွေပါ။ မာမို့စိတ်တွေ လျော့ပါဦး မာမီရယ်"

"မသိဘူး။ ငါ ဘာမှမသိဘူး။ ငါ သိတာ ညည်း ဝေယံကိုပဲ ယူရမယ်။ ဝေယံနဲ့ပဲ ငါ သဘောတူတယ်။ ဝေယံက ရုပ်ချောတယ်။ ပညာလည်း အသင့်အတင့် ရှိတယ်။ ပိုက်ဆံချမ်းသာတယ်။ ဟား . . . ဟား . . . ဘာလိုသေးလဲ။ ဒါမှ ငါ့သမက်အစစ်ပဲ။ ငါလိုချင်တဲ့ အရည်အချင်းတွေ အတုန်လုံး ဝေယံဆီမှာရှိတယ်"

"ဒါပေမဲ့ အချစ်မရှိဘူး မာမီ"

"ဘာ"

"ဝေယံမှာ အချစ်စစ်မရှိဘူး။ သူက အချစ်ကို ကစားစရာအရုပ်တစ်ခုလို ငွေနဲ့ပေးဝယ်ပြီး လိုချင်သလောက် ဆော့တယ်။ ပြီးလို့ အားရရင် လွှင့်ပစ်တတ်တဲ့ လူစားမျိုး"

"အဲဒါ ဘာဖြစ်လဲ။ ဝေယံမှန်နေတာပဲ။ အချစ်ဆိုတာ အချိန်တိုင်းအတွက် သိပ်လိုအပ်တဲ့ အသုံးဝင်ပစ္စည်းမှ မဟုတ်တာ။ ငွေသာ အဓိကပဲ။ ငွေရှိမှ အရာရာကို ဖန်တီး





လို့ ရတာလေ"

မာမီရယ် မာမို့စိတ်ကူးတွေ လွဲချော်နေပြီ။ ဘဝတစ်ခုကို တည်ဆောက်တဲ့အခါမှာ ပိုက်ဆံထက် အရေးကြီးတာတွေ အများကြီးရှိပါတယ်။ ဒါကို မာမီလက်ခံလာအောင် လာ ဘယ်လိုရှင်းပြရမလဲ။ သူမ မာမီကို ဘယ်လိုနားချရမှန်းပင် မသိတော့။

"ဒီမှာ ခေတ်သွေးသား"

မာမို့ဖြားဦးက သူ့ဘက် ပြန်လှည့်သွားသည်။

"မင်း သိပ်တော်တယ်။ ရုပ်ကလေး သနားကမား နဲ့ သူ့ဌေးသမီးကို အရချိုင်နိုင်တဲ့ အရည်အချင်းကို ငါ မချီး ကျူးဘဲ မနေနိုင်ဘူး။ ပြောစမ်း . . . မင်း အကြံအစည်ကို ဘယ်တုန်းကတည်းက ကျိတ်ပြီး ကြံစည်နေတာလဲဆိုတာ ငါ့ကို ပြောစမ်း။ ငါ့သမီးရမယ့်အမွေတွေ မနည်းဘူးဆိုတာ သိလို့ မင်းက အပိုင်သိမ်းသွင်းလိုက်တာပေါ့လေ"

"မဟုတ်ရပါဘူး မာမီကြီးရယ်၊ ကျွန်တော် . . . ကျွန်တော် မင်္ဂလာကို တကယ်မြတ်မြတ်နိုးနိုးချစ်တာပါဗျာ။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်ကို အထင်မလွဲပါနဲ့။ လာ့ဆီက ဘာပစ္စည်းဥစ္စာကိုမှ မက်မောလို့ မဟုတ်ရပါဘူး"

"ခေတ်မင်းသားရဲ့ညီကလည်း မခေလှပါလား။ အစ်ကိုက သူဌေးသမီး ရအောင်ယူတယ်။ ညီကလည်း သူဌေးသမီးကို အရချိုင်တယ်။ ဟား . . . ဟား . . . ရည်ရွယ်ချက်ကြီးပါလှချေ့အေ။ မင်းတို့ အမေက ဒီလိုပဲ သွန်သင်ထားတယ်ပေါ့ ဟုတ်လား"

ရှိုးသားတဲ့ မေမေနဲ့ ကိုကြီးကိုပါ ပုတ်ခတ်ပြောဆိုခံလိုက်ရတဲ့အတွက် သူ့ခေါင်းတွေ မူးကာ နှလုံးသားထဲက အောင့်မျက်ပြီး နေရာမှာတင် လဲကျသွားတော့သည်။

"ဟယ် . . . မောင်"

"မောင်"

သူမ သူ့ကို ပခုံးလေးလှုပ်ကာ ခေါ်လိုက်သည်။

"မင်္ဂလာ . . . ညည်း ဖယ်စမ်း။ သူ့ကို မထိနဲ့။ ဒါ သက်သက်ဟန်ဆောင်နေတာ။ ညည်း မယုံနဲ့ မင်္ဂလာ။ ယောက်ျားဖြစ်ပြီး ပျော့ညံ့လိုက်တာ"





သူ့နားထဲမှာ အသံတွေ ဆူဝေနေသည်။

"မောင် . . . အဟင့် . . . ဟင့်"

လာရဲ့ခေါ်သံလေး သူ ပြန်ထူးဖို့ အင်အားမရှိ။ ရှက်ရွံ့ကြေကွဲစွာ သူ မေ့သွားတော့သည်။ ကြီးစွာသော စိတ်ဖိစီးမှု၊ တစ်နေကုန် အလုပ်လုပ်ရတာနှင့် သင်တန်းသွားတက်ရတဲ့အချိန်များကြောင့် ညကျမှ စာကျက်ရသဖြင့် အိပ်ရေးပျက်တဲ့ညတွေလည်း နည်းမှ မနည်းတော့တာ။ သူ ဘယ်လိုမှ ဆက်ပြီး မရပ်တည်နိုင်တော့သည့်အဆုံး နေရာမှာတင် အသိမဲ့သွားရတော့သည်။

"လာ . . . မာမီပြောနေတယ်နော်။ ထစမ်း။ မာမီနဲ့ ပြန်လိုက်ခဲ့"

သူမ ခေါင်းကို တအားခါယမ်းပစ်လိုက်သည်။ မျက်ဝန်းမှ မျက်ရည်စတွေ တရစပ် စီးကျလာသည်။ ချစ်သူ မောင့်ကို မနိုင်တနိုင် ဆွဲမရင်း တင်းကျပ်စွာ ပွေ့ဖက်ထားမိသည်။ သူမ လုံးဝဟန်မဆောင်ချင်တော့ဘူးလေ။

"လာ . . . ငါပြောနေတာ မကြားဘူးလား။ သူ့ကို



www.burmeseclassic.com

www.burmeseclassic.com



အောက်ချထားလိုက်လို့ဆိုနေ။ ညည်း မာမီ့ကို ဘာကြောင့် စိတ်ညစ်အောင်လုပ်နေတာလဲ"

"ဟင့်အင်း . . . မာမီ လာ မထားခဲ့နိုင်ဘူး"

ပြောလည်းပြော သူ့ သန္တာကို လှမ်းခေါ်လိုက်ကာ သူကိုယ်ကြီးကို မနိုင့်တနိုင်နှင့် သန္တာနင့်နှစ်ယောက်အတူ တွဲလိုက်သည်။ တကယ်တော့ မောင်က ရိုးရိုးသားသားနဲ့ ဘဝရည်မှန်းချက်ပန်းတိုင်ဆီ လျှောက်လှမ်းနေတာပါ။ ရင်ထဲက ခံစားချက်တွေကို တစ်ချိန်လုံး မျိုသိပ်ထိန်းချုပ်ပြီး ဖြစ်ချင်တဲ့ ဆန္ဒတွေထက် အဖြစ်သင့်ဆုံးအရာတွေကိုသာ ရွေးချယ်ပြီး ဘဝကိုအောင်မြင်မှုရအောင် ကြိုးစားနေတဲ့ သူပါ။

"မင်္ဂလာ"

သူမနဲ့ သန္တာ မောင့်ကိုတွဲကာ ကားပေါ်တင်လိုက်သည်။

"မင်္ဂလာ . . . ညည်း . . . ညည်း . . . မသွားနဲ့နော်။ ညည်း အခုပြန်လာခဲ့။ ညည်းကို သူနဲ့ထွက်သွားခွင့်



မပြုနိုင်ဘူး"

ဒေါ်ခင်မျိုးမြင့် အနောက်ကနေ အပြေးလိုက်ပြီး တားဆီးပါသည်။ မိမိရည်မှန်းချက် မိမိဖြစ်ချင်တဲ့ဆန္ဒတစ်ခု အတွက် မလဲမပြိုစတမ်း ဖက်တွယ်နေချင်သေးသည်။ လွယ်လွယ်နဲ့ အလျှော့ပေးတတ်တာ ဒေါ်ခင်မျိုးမြင့် ရာဇဝင်မှာ ရှိမှမရှိတာ။ တားရမယ်၊ မီးငယ်ကို ရအောင်တားဆီးရမယ်။

"မင်္ဂလာ . . . ညည်းကို ပြောနေတာ မရဘူးလား"

အင်္ကျီစကို အတင်းဆွဲကာ ဒေါ်ခင်မျိုးမြင့် ဘယ်လောက်တားတား မီးငယ်က ခြေလှမ်းတွေ တစ်စက်ကလေးမှ မရပ်။

"ခွင့်လွှတ်ပါ မာမီ။ မောင့်ကို အခုလိုပုံစံမျိုးနဲ့ လာ တကယ် ပစ်မထားရက်လို့ပါ။ လာ့နလုံးသားတွေ အရမ်းကို ခံစားနေရတယ်။ မာမီ . . . လာ မောင့်ကို သိပ်ချစ်တာပါ။ မောင်ဟာ မာမီထင်သို့ ယောက်ျားတစ်ယောက် မဟုတ်ဘူးဆိုတာ လာ ကျိန်ဆိုပြောရဲပါတယ် မာမီ"

www.burmeseclassic.com

www.burmeseclassic.com



"မကြားချင်ပါဘူး၊ ငါ ဘာမှမကြားချင်ဘူး၊ ဒီကောင်နဲ့ ညည်းကို လုံးဝ သဘောမတူဘူး မင်္ဂလာ၊ ညည်း မသွားပါနဲ့၊ ညည်း ဝေယံကိုပဲ လက်ထပ်ရမယ်၊ ဝေယံကမှ ငါလိုချင်တဲ့သမက်၊ ညည်း လာစမ်း"

သူမ မောင့်ကို ဆေးခန်းပို့ဖို့ကိုပဲ စဉ်းစားပြီး အလောကြီးနေခဲ့သည်၊ မာမီ့စကားသံတွေကို ကြားသော်လည်း သူမ ခြေလှမ်းတွေ တွန့်ဆုတ်မနေပါ၊ သူမ ကားမောင်းသူနေရာကိုရောက်တော့ . . .

"မင်္ဂလာ . . . ညည်း . . . ညည်း . . . အမိုက်မ၊ ညည်းလောက် မိုက်မဲတဲ့သမီး၊ ညံ့လွန်းတဲ့သမီး တစ်ခါမှ မတွေ့ဖူးဘူး"

"မာမီ . . . လာ့ကို ခွင့်လွှတ်ပါလို့ မတောင်းဆိုပါဘူး၊ ဒါပေမဲ့ စာနာနားလည်မှုလေး ခဏလောက်ပေးပါလို့ တောင်းဆိုပါရစေ၊ မောင့်ကို ဆေးခန်းပို့မှဖြစ်မှာမို့ပါ မာမီ"

"ညည်း . . . ညည်း"

ဒေါ်ခင်မျိုးမြင့်တစ်ယောက် သမီးမိုက်ရဲ့လုပ်ရပ်ကို





ဘယ်လိုမှ မတားဆီးနိုင်တော့ပါချေ၊ သတိမေ့ကာ ခွေလဲနေတဲ့ မောင့်ကိုခေါ်ပြီး ကားလေးကို ခြံထဲကနေ မောင်းထွက်သွားလေတော့သည်၊

ဒေါ်သာတွေ့ ရင်မှာအပြည့်နဲ့ ကျန်နေခဲ့ရသူကတော့ ဒေါ်ခင်မျိုးမြင့်ပဲဖြစ်တော့သည်၊



www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၁၄ )

ကားလေးကို နှိုးစပ်ရာ အထူးတုဆေးခန်းကြီး တစ်ခုဆီသို့ အမြန်မောင်းနေမိသည်၊ အိပ်ပျက်တဲ့အကျိုး၊ စိတ်ဖိစီးမှုဒဏ်တွေကြောင့် အခုလို မောင် လဲပြိုသွားရတယ်ဆိုတာကို သူမ သိနေပါသည်၊ မောင်က တစ်ယောက်တည်း ကျိတ်ပြီး ခံစားနေတတ်တာလေ၊ မောင့်ကို ကြည့်ပြီး သူမ အရမ်းကို စိတ်ပူနေမိသည်၊

ဖြစ်မှဖြစ်ရလေ မောင်ရယ်၊ ကျွန်မ စိတ်မကောင်း



လိုက်တာ၊ ကျွန်မကြောင့် အခုလိုဖြစ်ရတာပါ၊ မာမီရဲ့ အထင်လွဲမှုကို မောင်ခံလိုက်ရတော့ မောင် အရမ်းခံစားသွားရမှာပေါ့။

"အင်း . . . ဟင်း"

သူမ ကားမောင်းနေစဉ် မောင့်ဆီက ညည်းညူသံလေး ထွက်လာတာမို့ သူမ ဝမ်းသာသွားသည်၊ ကားကို လမ်းဘေးကို ညင်သာစွာထိုးရပ်လိုက်ပြီး . . .

"မောင် . . . မောင် . . . သတိရပြီလား ဟင်"

သူ့နားထဲ တိုးဝင်လာတဲ့ ပထမဆုံးသောခေါ်သံလေးသည် သူမခေါ်သံကလေးသာ ဖြစ်သည်ကို စိတ်အာရုံမှာ သိနေပါသည်၊ ခပ်တင်းတင်း စေ့မိတ်နေတဲ့ မျက်လုံးတို ဖွင့်ကြည့်ဖို့ သူ ကြိုးစားလိုက်သည်၊ ခြောက်သွေ့သွေ့ နှုတ်ခမ်းလွှာကို ဖွင့်ဟပြီး . . .

"ဟင်း . . . ကျွတ်"

"မောင် သတိရပြီလားဟင်"

"ရေ"

www.burmeseclassic.com



မောင်က ရေသောက်ချင်လို့ တောင်းဆိုနေတာ ပါလား။

"ခဏလေး . . . မောင်"

ကားထဲ သူမ ဝေ့ဝဲရှာလိုက်တော့ ရေသန့်ဘူး လေးတစ်ခုကို တွေ့တာမို့ ကပျာကယာ ဖွင့်လိုက်ပြီး အဖုံး လေးထဲ ရေအနည်းငယ်သွန်ကာ သေသေချာချာ နှုတ်ခမ်း ထဲသို့ ထည့်ကာ တိုက်လိုက်သည်။

ရေကို အငမ်းမရသောက်လိုက်တဲ့ မောင့်ပုံစံကို ကြည့်ပြီး သူမမျက်ဝန်းထဲမှာ မျက်ရည်လေးတွေ လျှံကျ လာသည်။

"ဒီနားမှာ ကျွန်မ အသိ ဆေးခန်းရှိတယ် မောင်။ ရေနည်းနည်းဆိုရင် ရောက်ပြီ မောင်"

သူမ ကားစက်ကို နှိုးကာ ပြန်ပြီး မောင်းထွက် လိုက်သည်။ သိပ်မကြာ သူမသူငယ်ချင်း မိုးမြင့်သူရဲ့အဖေ ဆေးခန်းကို ရောက်ခဲ့ကြသည်။ သူမကားလေး ဆေးခန်းအ ရပ်လိုက်တာနှင့် . . .





"ဟင် . . . လာလေးပါလား။ အန်တီလေးဆီ အလည်လာတာလား"

"အန်တီလေးဆီ ဆေးခန်းလာပြတာ"

ပြောပြီး တစ်ဖက်က တံခါးချပ်လေး ဖွဲ့ဖွင့်တော့ မောင် ဆင်းလာသည်။

"မောင် ဖြစ်ရဲ့လား။ ခေါင်းမူးနေတယ်ဆို"

"ရပါတယ် လာရယ်"

အန်တီလေးက မောင်နဲ့ သူမကို သေဖသေချာချာ စူးစမ်းသလို ကြည့်သည်။ ပြီးမှ အန်တီလေးက မောင့်ကို စစ်ဆေးမှုတွေ ပြုသည်။ သူမကတော့ ခပ်လှမ်းလှမ်းကနေ ရပ်ကာ စိုးရိမ်တကြီးလှမ်းကြည့်နေမိသည်။

"အမောင်း . . . အရမ်းစိတ်ပူနေလား လာလေး"

"ရှင်"

ဆိုင်းမဆင့် ပုံမဆင့် မေးလိုက်တဲ့ အန်တီလေး အမေးကို ချက်ချင်းဖြေဖို့ ယောင်အအဖြစ်နေရသည်။

"အဟင်း . . . ဘာမှမဟုတ်ပါဘူး။ အိပ်ရေးပျက်



www.burmeseclassic.com

www.burmeseclassic.com



ပြီး အားနည်းသွားတာပါ။ အကြောဆေးသွင်းပြီး အနားယူလိုက်ရင် သက်သာသွားမှာပါ"

"ဟုတ်ကဲ့ . . . အန်တီလေး"

"လာ . . . လာက အရမ်းတော်တာပဲ"

"ရှင်"

"အရွေးတော်တယ်လို့ ပြောတာ။ ကောင်လေးက တော်တော်ချောတယ်နော်"

မောင့်ရှေ့တည့်တည့်ကြီးမှာ အန်တီလေးက ပြောလိုက်တာမို့ နှစ်ယောက်စလုံး ရှက်အအလေး ဖြစ်သွားရသည်။

"အန်တီလေး မြန်မြန်သက်သာအောင် ကုပေးပါနော်"

"အမလေး . . . လာကတော့လေ ပြောကို မပြောချင်တော့ဘူး။ အရင်ကနဲ့ တကယ် မတူတော့တာပဲ။ အရမ်းကို ပြောင်းလဲနေတဲ့ လာ့ပုံစံကိုကြည့်တာနဲ့တင် အန်တီလေး သဘောပေါက်နေပါပြီ"



"ဟာ . . . အန်တီလေးကလည်း"

ရှက်သွားတဲ့ သူမမျက်နှာကို ကြည့်ပြီး ရယ်နေ တဲ့ အန်တီလေးကို စိတ်လည်း မဆိုးရက်တော့ပါ။ မောင့်ကိုလည်း မြန်မြန်သက်သာသွားစေချင်သည်၊ ပြီးရင် သူမ ဆုံးဖြတ်ချက်တစ်ခုကို အပိုင်ချထားသည်၊ မောင်နဲ့အတူ တစ်နေရာကို ထွက်သွားတော့မည်ဟု၊ အနုလောက်ဆို ကိုကြီးနဲ့မမတို့လည်း သိလောက်ပြီ၊ မာမီက အကြီးအကျယ် ပြဿနာရှာတော့မှာဆိုတော့ သူမတို့အိမ်ကို ပြန်လို့ မဖြစ်တော့၊ သူမ မောင့်ကို လုံးဝအဆုံးအရှုံးမခံနိုင်၊

သူမတို့အားလုံးပြီးတော့ ကားပေါ်တက်မည်အပြု

"ခေတ်သွေးသား"

"ဟာ"

"ဟင်"

ရုတ်တရက် ထိုးရပ်လာတဲ့ကားပေါ်က ဆင်းလာသူက မာမီပဲ ဖြစ်သည်၊ သူမတို့ရှိတဲ့နေရာကို ရအောင် လိုက်လာနိုင်တဲ့ မာမီကို အံ့သြနေမိသည်၊

www.burmeseclassic.com



"မင်း ငါနဲ့ပြန်လိုက်ခဲ့ ခေတ်သွေးသား"

မာမီ့ဆီက အမိန့်သံတစ်ခု ထွက်ကျလာသည်။

သူမ တားဆီးဖို့ ကြိုးစားလိုက်စဉ် . . .

"ညည်းပါးစပ်ပိတ်ထား မဂ်လာ။ ညည်းရဲ့စိတ်ကို မာမီ သိတယ်။ မာမီဟာ ဒီလောက်တုံးအနေတဲ့ မိန်းမတစ်ယောက် မဟုတ်ဘူးဆိုတာ ညည်း သိထားလိုက်"

"မာမီ လာ တောင်းပန်ပါတယ်။ မောင့်ကို လာ တာတယ်ရှစ်တာပါ"

"နားမလည်ဘူး။ ငါ လုံးဝသဘောမတူဘူး မဂ်လာ"

"မာမီ"

သူမ လုံးဝတားဆီးလို့မရတော့။ မာမီက အလျှော့ မပေးနိုင်တဲ့ မျက်လုံးစိမ်းတွေနဲ့ စိုက်ကြည့်ပြီး ခေါင်းကို အဆက်မပြတ် ခါယမ်းနေသည်။ မောင့်အပေါ် မုန်းတီး နာကျင်နေတဲ့ မာမီ့အငြိုးတွေကို ဘယ်လိုမှ မချေဖျက်နိုင် တော့။ အလျှော့ပေးရတော့မည်။ ဆုံးရှုံးခဲ့ရတော့မယ့် အရိပ် အယောင်တွေကို သူမ မြင်နေရပါပြီ။





"မာမီကြီး"

မောင့်ထံက ခေါ်သံတိုးတိုးလေးကြောင့် မာမီ့ အကြည့်တွေက မောင့်ဆီ ရွေ့လာသည်။

"မောင်"

သူမ ထိတ်လန့်တကြား မောင့်ကို တားဆီးပစ် လိုက်သည်။ မောင် ပြန်လိုက်မသွားပါနဲ့နော်။ ကျွန်မ မောင် နဲ့ အဝေးမခံနိုင်လို့ပါ မောင်ရယ်။ ကျွန်မ မောင့်ကို သိပ်ချစ် တယ်။ ကျွန်မ ဘဝမှာ မောင် မရှိလို့မဖြစ်လို့ပါ။ ကျွန်မကို သနားပါ မောင်ရယ်။ မာမီနဲ့ ပြန်လိုက်မသွားပါနဲ့။ အားလုံး နဲ့ အဝေးဆုံးနေရာကို ကျွန်မတို့ ပြေးရအောင်။ မျက်ဝန်း အကြည့်လေးတွေနဲ့ သူမ တားဆီးနေမိသည်။

"ကျွန်တော် . . . ကျွန်တော် မာမီကြီးနဲ့ လိုက်ခဲ့ ပါ့မယ်"

သူမရင်တွေ လှစ်ခနဲ ဟာတတ်သွားရသည်။ သက်မဲ့ရုပ်တုတစ်ခုလို ခန္ဓာကိုယ်လေးတစ်ခုလုံး တောင့်တင်း အေးစက်သွားရသည်။ မောင့်ရဲ့ဆုံးဖြတ်ချက်ဟာ သူမနှလုံးသား



www.burmeseclassic.com

www.burmeseclassic.com



တွေ တစ်စစီ ကြွေမွသွားစေတော့ မောင် သိရဲ့လား။

"လာ"

"မောင် . . . မောင် ဘာလို့ အရာလိုဆုံးဖြတ်လိုက်ရတာလဲဟင်"

"မောင့်ကို နားလည်ပါ လာရယ်၊ မောင် ပြန်လိုက်သွားမှဖြစ်မယ်"

သူ ဒီစကားတွေကို ရင်နင့်စွာနဲ့ ပြောလိုက်မိတာပါ။ သူဘဝက သူများတွေလို ကိုယ်ဖြစ်ချင်တာ၊ ကိုယ် လုပ်ချင်တာ တစ်ဖွတ်ထိုးလုပ်ပိုင်ခွင့်မရှိ။ ကိုကြီးရဲ့အိမ်ထောင်ရေးကလည်း ရှိနေသေးသည်။ သူ ပြန်လိုက်သွားမှ ဖြစ်မည်။

မာမီ့ကားပေါ်တက်သွားတဲ့ မောင့်ကို သူမ ငေးကြည့်နေမိသည်၊ မောင့်ရဲ့နောက်ကျောပြင်ကို ငေးကြည့်ပြီး ကျန်နေရစ်ခဲ့တဲ့ သူမရင်ထဲမှာတော့ ကြေကွဲမှုတွေက အတိုင်းအဆမဲ့နေသည်။ မာမီ့ကားလေးက မောင့်ကို ခေါ်ဆောင်ကာ သူမ မျက်ဝန်းရှေ့မှ ဝေါခနဲ မောင်းထွက်သွားတော့သည်။



# အခန်း ( ၁၅ )

"ခေတ်သွေးသား . . . မင်း ပြန်လိုက်တာတယ် နော်"

"မမ"

"ဟွန်း"

မမဆီက ဒိုင်းခနဲကျလာတဲ့ဒေါသမျက်စောင်း။

"ငါ့မှာတော့ ကိုယ့်မတ်လေး မျက်နှာငယ်ရမှာ ဆိုးလို့ စာနာစိတ်နဲ့ ပံ့ပိုးလိုက်ရတာ။ အခုတော့ မင်းက ရလေ



www.burmeseclassic.com

www.burmeseclassic.com



လိုလေ အိုတာစွေ့ဖြစ်နေပြီပေါ့။ မင်း သိထားဖို့က ငါ့ညီမကို မြှူဆွယ်သိမ်းသွင်းပြီး ရယူဖို့ကြိုးစားတာမျိုးအထိတော့ ငါ မင်းကို စာနာသနားနိုင်မှာ မဟုတ်ဘူး"

"မမ"

"မင်္ဂလာက အဖျော်အပါးမက်တယ်။ သူငယ်ချင်းတွေနဲ့ သွားတာလာတာတာလွဲပြီး ယောက်ျားလေးကိစ္စ ရှင်းတယ်။ အခုကိစ္စက ဘယ်လိုမှသွေးရိုးသားရိုး မဖြစ်နိုင်ဘူး"

"ဗျာ"

စေတနာတစ်ယောက် ဒေါသတွေ ပေါက်ကွဲနေရသည်။ မာမီက အရေးတကြီးကိစ္စရှိတယ် အမြန်လာခဲ့ပါလို့ ဖုန်းဆက်ခေါ်လို့ ယောက်ျားဖြစ်သူကို ထားခဲ့ပြီးပြန်လာတာ။ အခုတော့ သူမ မထင်မှတ်ထားတဲ့ ပြဿနာတွေနှင့် ရင်ဆိုင်ကြုံတွေ့လိုက်ရသည်။ ညီမလေးကို ခေတ်သွေးသားက အတင်းရည်းစားစကားပြောပြီး နိုးပြေးမယ်ပြောကာ မာမီ့ရှေ့မှာ ပေါ်တင်ပဲ ကားနဲ့ထွက်သွားကြတယ်တဲ့လေ။ ညီမလေးကလည်း သူမှသူပဲဖြစ်နေတာတဲ့။ မာမီ ငိုယိုပြီး





တားဆီးတာတောင် မရဘူး။ ထွက်သွားကြတာတဲ့ ငိုယိုပြီး ရင်ဖွင့်နေတဲ့ မာမီ့ကိုကြည့်ပြီး သူမ သနားသွားရသည်။ အခု ချော့ပြီး ပြန်ခေါ်လာခဲ့ရသည်။

အမြဲတမ်း သူ့ကို လိမ္မာပြီး သိတတ်မှုရှိတဲ့ ကောင်လေးတစ်ယောက်လို့ ချီးမွမ်းတတ်တဲ့ မာမီ့ရဲ့စေတနာ၊ မေတ္တာတွေကို သူမို့ စော်ကားရက်သည်။ သူမ ဒေါသဖြစ်လို့ မဆုံးတော့ပါ။ သူ့မျက်နှာကိုလည်း မကြည့်ချင်တော့၊

"မီးငယ်ကို ဝေယံနဲ့ လူကြီးချင်း သဘောတူထားတာ သိလို့ အခုလို ခပ်မြန်မြန်အသုံးချဖို့ စဉ်းစားလိုက်တာ မီးကြီးရဲ့ သိပ်မာယာများတဲ့ ယောက်ျား။ မာမီတော့ ယုံတောင် မယုံနိုင်တော့ဘူး။ ဒင်းက ဒီတိုက်ကြီးကို မျက်စိကျနေတာလေ။ ဟင်း . . . ဟင်း . . . ရမလား။ မာမီက အမွေတောင် ဖြတ်ပစ်လိုက်ဦးမှာ"

သူ ခေါင်းတွေ ချာချာလည်သွားရသည်။ မာမီကြီးရဲ့ ပြောဆိုစွပ်စွဲချက်တွေက သူ့ရဲ့ရိုးသားတဲ့ စိတ်ဓာတ်တွေကို အလဲထိုးသတ်ပစ်လိုက်သလိုပင် ခံစားလိုက်ရသည်။



www.burmeseclassic.com

www.burmeseclassic.com



သူ့ ခေါင်းကို ခါယမ်းပစ်လိုက်သည်။ မဟုတ်ဘူး . . . မဟုတ်ဘူး။ မမ ကျွန်တော့်ကို အထင်မလွဲပါနဲ့။

ကျွန်တော် လာ့ကို တကယ်ချစ်ခဲ့တာပါ။ အချစ်တစ်ခုကလွဲပြီး ကျွန်တော်တို့နှစ်ယောက်ကြားမှာ ဘာ ငွေကြေး၊ ဘာညစ္စာပစ္စည်းမှ မပါခဲ့တာ အမှန်ပါ။

"မာမီ"

"ဘာလဲ သမီးကြီး"

"မာမီ ဘာဖြစ်ချင်လဲ၊ မာမီ့ရင်ထဲက ဆန္ဒအမှန်ကို ပြောပါ။ နာ့ကို အားမနာပါနဲ့၊ အခုလိုဖြစ်ရတာ နာကြောင့်ပါ။ နာသာ ကိုမင်းရဲ့စကားကို လက်မခံရင် ဒီနေ့လို အဖြစ်မျိုးဖြစ်လာစရာအကြောင်း မရှိဘူး။ နာ မာမီ စိတ်ညစ်အောင် ပထမတစ်ကြိမ်လုပ်ခဲ့ပြီးပါပြီ။ ဒုတိယအကြိမ် မာမီစိတ်တွေ လဲပြိုသွားအောင် နာ တကယ်မလုပ်ရက်တော့ဘူး မာမီ"

"သမီးရယ်"

သမီးကြီးစကားကြောင့် ခေါင်းမျိုးမြင့် ဝမ်းသာ





သွားရသည်။ ခေတ်သွေးသားကို စိတ်ကြီးထဲမှာ လုံးဝ မထားချင်တော့၊ ဒါပေမဲ့ စေတနာရဲ့အိမ်ထောင်ရေးက ရှိနေသေးတော့ မိမိလုပ်ချင်တိုင်း လုပ်လို့မဖြစ်။ အဲဒါကြောင့် စေတနာကို အယုံသွင်းပြီး ဒီကောင့်ကို ပထုတ်ဖို့ ကြိုးစားလိုက်တာ။ ဒါမှ မီးငယ်နဲ့ ဝေယံကိစ္စကို ခပ်မြန်မြန် စီစဉ်ပေးလို့ရမည်။ ဝေယံက ဒီကောင်ရှိနေတာကို လုံးဝသဘောကျတာ မဟုတ်၊ အခဆောင်ကိုပဲ ပို့နိုင်းနေတာ။ အခုတော့ အကွက်ဝင်သွားပြီ။

"စေတနာ သမီးရဲ့ အိမ်ထောင်ရေး"

"အဲဒါကို နာ ခေါင်းထဲ မထည့်နိုင်ဘူး။ နာ ဒီတစ်ခါ အရမ်းစိတ်ဆိုးတယ်။ နာ ကိုမင်းတို့လည်း ဖုန်းဆက်ခေါ်ထားပြီးပြီ။ မကြာခင် ရောက်လာလိမ့်မယ်"

"ဟုတ်လား။ အဲဒါလည်း ကောင်းတာပဲ စေတနာ။ ရှင်းမှတော့ ပြတ်ပြတ်သားသား ရင်ဆိုင်တာ အကောင်းဆုံးပဲ။ ခေတ်မင်းသားကို နားဝင်အောင် ပြောရမယ်။ သည်း စိတ်ကို နိုင်အောင်ထားဦးနော်"



www.burmeseclassic.com

www.burmeseclassic.com



"ဟော[illegible]ကားသံကြားတယ်၊ ကိုမင်းလာပြီနဲ့တူတယ်"

ဟာ . . . ကိုကြီးလာပြီတဲ့၊ မမ ဖုန်းဆက်ခေါ်ထားတာ၊ ဒုက္ခပါပဲ၊ ပြဿနာတွေ အကြီးအကျယ်တက်ကြတော့မည်၊ ကိုကြီးက ဘာမှသိတာမဟုတ်၊ တစ်ချိန်လုံး အလုပ်တွေနဲ့ အားရသည်မရှိအောင် လုံးလည်ချာလည်လိုက်နေတဲ့သူ၊ အခုတော့ သူ့ကြောင့် ကိုကြီးရဲ့ စိတ်တွေ ရှုပ်ထွေးရတော့မည်၊ မမကလည်း မာမီကြီးရဲ့ တစ်ဖက်သတ်စကားတွေနှင့် သူ့ကို စိတ်နာနေပြီ၊ အထင်သေးရွံ့ချတဲ့ မျက်ဝန်းအကြည့်တွေနှင့် ခပ်စိမ်းစိမ်းကြည့်နေသည်၊

"ဟင် . . . ဒါက ဘယ်လိုဖြစ်နေတာလဲ"

တိုက်ကြီးထဲဝင်ဝင်ချင်း ဧည့်ခန်းထဲမှာ မာထန်တဲ့ မျက်နှာတွေနဲ့ ကိုယ်စီရှိနေတဲ့ ဇနီးဖြစ်သူနဲ့ ယောက္ခမ၊ သူတို့ရှေ့မှာ မျက်နှာငယ်လေးနဲ့ ညီလေး ခေတ်သွေးသား။

"အမလေး . . . လာပါ . . . လာပါ မောင်ခေတ်မင်းသားရယ်၊ မင်းညီ အလီမှာတုံးကြီးရဲ့လုပ်ရပ်တွေကို



တဆိတ်လောက် ထိုင်ပြီး နားထောင်ပေးပါဦး"

"ဗျာ"

ယောက္ခမကြီးအသံက သူ့ကိုမြင်လိုက်တာနှင့် ဗုံးခနဲ ထွက်လာသည်၊

"ဘာ . . . ဘာဖြစ်လို့လဲ မာမီ"

"ဘာဖြစ်ရမှာလဲ . . . ဘာဖြစ်ရမှာလဲ ခေတ်မင်းသားရဲ့၊ မင်းညီတ မီးငယ်ကို အတင်းနိုးပြေးလို့လေ၊ ငါတားနေတဲ့ကြားက ထွက်သွားကြလို့ မနည်းလိုက်ခေါ်ထားရတာ"

"ဗျာ"

သူ့မျက်လုံးတွေ ပြူးဝိုင်းသွားရ၏။

"မဟုတ်ဘူး . . . မဟုတ်ဘူး ကိုကြီး၊ ကျွန်တော်"

"ဘာမဟုတ်တာလဲ ခေတ်သွေးသား၊ မင်္ဂလာနဲ့ တင်းကင်းရှင်းရှင်းနေပါလို့ ငါ အထပ်ထပ်မှာထားပါရက်နဲ့ ငါ့စကားကို မင်း နားထောင်လို့လား၊ မင်း . . . မင်း . . . တော့နှုတ်ကန်းတဲ့ကောင်ပဲ"

www.burmeseclassic.com

www.burmeseclassic.com



ညှိဖြစ်သူကို လက်ညှိုးငေါက်ငေါက်ထိုးပြီး ရန်တွေ့နေတဲ့ ယောက္ခမကြီးကို သူ တားဆီးပစ်ဖို့ မေ့လျော့နေခဲ့သည်။

"ဒီမှာ ခေတ်မင်းသား . . . မင်းညီကို သားအရင်းတစ်ယောက်လို ငါ ချစ်ခဲ့တယ်၊ ဆက်ဆံခဲ့တယ်၊ ဒါပေမဲ့ သူ့ငွေးသမီးကို အရရှိုင်ပြီး ဒီတိုက်ကြီးစပါ အခန့်သား အပိုင်စီးဖို့လုပ်တာတော့ ငါ ခွင့်မပြုနိုင်ဘူး။ နားလည်မှု ဘယ်လိုမှ မပေးနိုင်ဘူး။ မဂ်လာက ဝေယံကိုချစ်နေတာ။ လူကြီးချင်းလည်း သဘောတူကြည်ဖြူထားတယ်ဆိုတာက လည်း အားလုံးအသိပဲ၊ ဒါကို သိသိကြီးနဲ့ မီးငယ်ရဲ့အချစ်ကို ကွယ်ရာမှာ ရအောင်ယူဖို့ ကြိုးစားတာတော့ မင်း သိပ်ပြီး တရားလွန်လွန်းတယ်"

မာမီ့စကားတွေကြောင့် သူ့ရင်ထဲ ကျင်ခနဲဖြစ်သွားရသည်။

"ခေတ်မင်းသား အဲဒီကိစ္စ မင်း ဘယ်လို တာဝန်ယူမလဲ။ ငါကတော့ ပြတ်ပြတ်သားသားပဲ ပြောမယ်နော်။



သူ့ကို ဒီတိုက်ကြီးထဲမှာ ဆက်မထားနိုင်တော့ဘူး"

"ဗျာ"

"ငါလိုချင်တဲ့သမက်ဟာ ဝေယံပဲ၊ မဂ်လာကို ဝေယံနဲ့ပဲ သဘောတူတယ်၊ မဂ်လာဟာ မလွဲမသွေ ဝေယံအတွက်ပဲ ဖြစ်ရမယ်၊ မင်းစဉ်းစားပါ။ ရိုးသားမှု မရှိတဲ့လူတစ်ယောက်ကို ဒီတိုက်ကြီးထဲမှာ ဆက်နေနိုင်းရလောက်အောင် ငါ မရူးသွပ်သေးဘူး။ သူ့ကို မင်းသွားနိုင်းလိုက်ပါ။ ရွာမှာပဲ ပြန်နေပါစေတော့"

"မဖြစ်ဘူး မာမီ"

"ဟင်"

သူ ဆုံးဖြတ်ချက်တစ်ခုကို ချလိုက်မိသည်၊ ပညာရေး တစ်ပိုင်းတစ်စနဲ့ ညီလေးရဲ့ဘဝကို ဒီလိုစွန့်ပစ်လိုက်ရတော့မလား။ အခုကိစ္စမှာ လွဲချော်မှုတစ်ခုရှိနေပြီ၊ ညီလေးတာ မာမီပြောသလို လုပ်မိတယ်ထားဦး သူ ညီလေးကို တစ်ယောက်တည်း စွန့်ထားလို့ ဘယ်လိုမှမဖြစ်နိုင်၊ ညီလေးတာ ရှိနေပြီး အေးဆေးလွန်းသည်၊

www.burmeseclassic.com



အဖေ၊ အမေတွေ မရှိတော့တဲ့ဘဝမှာ ပြေးကြည့်စရာ အမျိုးအရင်းအချာဆိုလို့ ဒီညီအစ်ကိုနှစ်ယောက်ပဲ ရှိတာ၊ မလိမ္မာတစ်ခါမိုက်ဆိုသလို အနက်စွကို အရေးတကြီး ထားလိုက်ရင် ညီလေးရဲ့ဘဝ ပျက်စီးသွားမှာပေါ့။ သူ စုံစမ်းပြီးပြီ။ မင်္ဂလာက ညီလေး သင်တန်းဆီ မကြာခဏ လာတတ်တယ်တဲ့၊ လူငယ်သဘာဝ ရည်ငံတယ်ဆိုရင်တော့ ဒါကို အပြစ်ဖါလို့ ဘယ်လို စွဲချက်နဲ့ အရေးယူပေးရမလဲ။

"မင်း . . . မင်း ဘာပြောလိုက်တယ် ခေတ်မင်းသား"

"ညီလေး ပညာရေးက တစ်ပိုင်းတစ်စကြီးရှိသေးတယ်"

"အဲဒါ ငါနားမလည်ဘူး ခေတ်မင်းသား၊ မင်းညီကို ဆက်ပြီး လက်မခံနိုင်တော့ဘူး"

"ဟုတ်တယ် ကိုမင်း။ နော ဒီတစ်ခါတော့ ကိုမင်းဘက်က လိုက်မပေးနိုင်ဘူး။ ခေတ်သွေးသားကို အဆောင်တစ်ခုမှာ ပြောင်းထားလိုက်ပါ"



"ဘာလိုမှမဖြစ်ဘူး နော်။ ညီလေးကို စိတ်ချလက်ချ ကိုယ် မထားနိုင်ဘူး"

သူ စေတနာ့ကိုပါ လှည့်ပြီး ပြောလိုက်သည်။

"မင်း . . . မင်းက ငါ့ကို အာခံတာလား ခေတ်မင်းသား၊ မင်း ဒီဘဝကိုရောက်အောင် ငါ ဆွဲခေါ်လာခဲ့တာပါ။ မင်းကိုယ်မင်း အဟုတ်ကြီးထင်နေတယ်ပေါ့လေ ဟုတ်လား၊ ငါ နိုင်းတာပဲ မင်းလုပ်ပါ"

သူ့မျက်နှာ ဖြန်းခနဲ ရှက်သွေးဖြန်းသွားရသည်။ ဒေါ်ခင်မျိုးမြင့်ရဲ့လေသံ အထက်စီးနင်း မောက်မာမှုကို ခံလိုက်ရသဖြင့် ရင်ထဲမှာ မာနလှိုင်းတစ်ချဖြတ်ပြေးသွားရသည်။ ဒါကို ရှိနိုးသည့်ကာလည်း ဝင်မတားဆီးပေ၊ သူ့ညီမတို့စွန့်ပတ်သက်ပြီး ညီလေးကို အငြိုးတကြီး မုန်းတီးနေသည်။

"ဒီမှာ ခေတ်မင်းသား မင်းဘဝ အခုလို ရပ်တည်နေနိုင်တာ ခင်မျိုးမြင့်ဆိုတဲ့ ငါ့ကြောင့်ကွ၊ လုပ်ငန်းတွေအားလုံး ကိုယ်စားလှယ်လွှဲစာနဲ့ လုပ်နေရတယ်ဆိုတာ

www.burmeseclassic.com



လည်း မမေ့နဲ့ဦး။ ဟင်း . . . ဟင်း . . . ဝါ အချိန်မရွေး ပြန်ရုပ်သိမ်းလို့ရတယ်နော်။ မင်း ဘဝပဲ ပြောင်းထဲရောက်သွားမှာ၊ မင်းညီအတွက်နဲ့ ဒါတွေအားလုံး မင်းတာ ရင်းပစ်ရဲလို့လား"

ဒေါ်ခင်မို့မြင့်ဘက်က စိန်ခေါ်မှုတစ်ခုကို စတင်နေပြီ၊ သူ့အပေါ်နိုင်ချုပ်မှုကြောင့် ရင်ထဲက နာကျင်ရသည်။ ယှိုင်နဲ့နဲ့ ဒေါ်ခင်မို့မြင့်ရဲ့ စီးပွားရေးလုပ်ငန်းတွေ ပြန်လည်ခေါင်းမော့နိုင်အောင် သူ ကြိုးစားခဲ့ရသည်၊ ဘဝမှာ မေမေနဲ့ ညီလေးကို ပစ်ထားမိတဲ့အထိ အလုပ်တွေကြားမှာ သူ စိတ်ရောကိုယ်ပါနစ်ထားခဲ့သည်။ အခုတော့ ဒါတွေအားလုံးဟာ ဒေါ်ခင်မို့မြင့်ဆိုတဲ့ မိန်းမကြီးရဲ့ လွှမ်းမိုးမှုအောက်မှာ ကျဆုံးသွားရပြီပေါ့လေ။

ဒေါ်ခင်မို့မြင့် ဇာတ်ရုပ်အမှန်က ပေါ်ထွက်လာခဲ့ပြီ။ စီးပွားရေးလုပ်ငန်းတွေကလည်း ပြန်အောင်မြင်လာပြီဆိုတော့ သူ့ကို မလိုအပ်တော့ဘူးပေါ့။

"ကိုမင်း . . . ရှင် သေချာစဉ်းစားနော်။ မန်နေဂျင်း



ဒါရိုက်တာဘဝကို ရှင် စွန့်လွှတ်မလို့လား။ နာကတော့ မာမီရဲ့ စိတ်ချမ်းသာမှုကိုပဲ ဖြည့်ပေးစေချင်တယ်"

"Sorry ပဲ နာ။ မင်းရဲ့ဆန္ဒကို မလိုက်လျောနိုင်တဲ့အတွက် ကိုယ် စိတ်မကောင်းပါဘူး။ မာမီရဲ့တောင်းဆိုချက်ကို လုံးဝမလိုက်လျောနိုင်ဘူး"

"ဘာ"

"ကိုမင်း . . . ရှင် . . . ရှင်"

"ကိုယ့်ညီကို မထားချင်တာ လက်ခံပါတယ်။ ဒါပေမဲ့ အစ်ကိုကြီးတစ်ယောက်အနေနဲ့ ညီ တစ်ယောက်လုံးကို ရက်ရက်စက်စက် ပစ်ပယ်မထားရက်တဲ့အတွက် ဒီနေ့ပဲ ကိုယ်တို့ ညီအစ်ကိုနှစ်ယောက် ဒီတိုက်ကြီးထဲကနေ ထွက်သွားပေးမယ်။ ဒါဆို မင်းတို့ ကျေနပ်ပြီမဟုတ်လား"

စေတနာရဲ့မျက်နှာက ဒေါသတွေ၊ မာနတွေနဲ့ တင်းမာနေဆဲပင်။ သူကတော့ စကားဆုံးတာနဲ့ နေရာက ထရပ်လိုက်သည်။ လက်ထဲမှာ ကိုင်ထားတဲ့ ဟန်းဖုန်းလက်ထပ်စိန်လက်စွပ်၊ ကားသော့ကို စားပွဲပေါ်သို့ တင်

www.burmeseclassic.com

www.burmeseclassic.com



လိုက်သည်။ အခုထက်ထိတော့ ချစ်ဇနီး စေတနာက ငြိမ်သက်နေဆဲပင်ဖြစ်သည်။

"လာ . . . ညီလေး ကိုကြီးတို့ သွားကြစို့"

"ဟင့်အင်း . . . ကိုကြီး။ ညီကြောင့် အခုလိုဖြစ်ရတာ။ အပြစ်ရှိတာ ညီပါ။ ညီပဲ ထွက်သွားပါရစေ။ ကိုကြီး မလိုက်ပါနဲ့။ ကိုကြီးရဲ့အိမ်ထောင်ရေး ညီ့ကြောင့် အပြိုကွဲ မခံနိုင်ဘူး"

"မမ ကျွန်တော် တောင်းပန်ပါတယ်။ ကိုကြီးမှာ ဘာအပြစ်မှမရှိပါဘူး။ မာမီကြီး . . . မဂ်လာနဲ့ကိစ္စကို ကျွန်တော် တောင်းပန်ပါတယ်။ နောက်တစ်ခါ ဒီလိုအဖြစ်မျိုးမရှိစေရဘူးလို့ ကတိပေးပါတယ်။ ကိုကြီးကို ပြန်လက်ခံပါနော်။ ကျွန်တော့်ကြောင့် သာယာနေတဲ့ ကိုကြီးတို့ အိမ်ထောင်ရေး မပျက်စီးစေချင်လို့ပါ"

"ညီလေး . . . သွားမယ်လို့ ပြောနေတယ်လေ"

ခေတ်မင်းသား စိတ်တွေကို တင်းပစ်လိုက်သည်။ သူ ခေတ်ပညာတတ် အစွမ်းအစရှိတဲ့ ယောကျ်ားတစ်



ယောက်ပဲ။ ဘဝမှာ ကျရှုံးဖို့ဆိုတာ မရှိဘူး။ သူ ကြိုးစားပြမယ်။ ကိုယ့်ခြေထောက်ပေါ် ကိုယ်ရပ်တည်ပြီး ခေါင်းမော့ ရင်ကော့နိုင်တဲ့အထိကို ကြိုးစားပြမယ်။

ညီလေးရဲ့ပခုံးကို ဖက်ပြီး ဒေါခင်မျိုးမြင့် ပိုင်ဆိုင်တဲ့ တိုက်ကြီးထဲကနေ ထွက်လာခဲ့မိတော့သည်။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၁၆ )

သူမသူငယ်ချင်းတွေနဲ့ ကလပ်တက်ရင်း ဘီယာတွေ တစ်ခွက်ပြီးတစ်ခွက် သောက်ပစ်လိုက်သည်။ ရင်တစ်ခုလုံး ပေါက်ကွဲထွက်မတတ် ပူလောင်ပြင်းရှခြင်းအရသာကို ခံစားနေရသည်။ နှလုံးသားတစ်ခုလုံးလည်း နာကျင်နေပြီး ခံစားမှုနှင့် ဘီယာတန်ခိုးတို့က တရှိန်းရှိန်းတက်လာနေသည်မို့ သူ ခေါင်းတွေ ထူမတ်မရတော့။

အပြင်ကပြန်လာပြီး ခေါင်းမထူနိုင်လောက်အောင်



ဖြစ်နေတဲ့ ညီမဖြစ်သူကို ကြည့်ပြီး စေတနာ အရမ်းကို အံ့သြတုန်လှုပ်သွားရသည်။

"မင်္ဂလာ . . . ညီမလေး . . . ဘီယာတွေ သောက်လာတယ် ဟုတ်လား"

"မမ"

"ညီမလေး မိုက်လှချည်လားကွယ်။ မိန်းမကောင်းလေးတစ်ယောက်ဖြစ်ပြီး ဘီယာသောက်ရတယ်လို့။ မာမီသိရင်တော့ ရင်ကွဲတော့မှာပဲ။ ဘာတွေဖြစ်နေတာလဲ။ ဝေယံနဲ့ အဆင်မပြေလို့လား"

"မမရယ် လာနဲ့မောင်က တကယ်ချစ်ခဲ့ကြတာပါ။ မောင့်ကို လာက အရင်စချစ်ခဲ့တာပါ။ အခုတော့ ဘယ်လိုလုပ်ရမလဲ"

"ညီမလေး . . . မောင်ဆိုတာ ဝေယံကို ပြောတာလား"

"မဟုတ်ဘူး။ ခေတ်သွေးသား"

"ဟယ်"

www.burmeseclassic.com

www.burmeseclassic.com



စေတနာရဲ့ နှုတ်ခမ်းလေးတွေ ဖိုင်းဟသွားရချေပြီ။ သူမတို့နှစ်ယောက် တကယ်ချစ်ခဲ့တာတဲ့၊ မာမီပြောတော့ ညီမလေးက ဝေယံကိုပဲချစ်တာဆို၊ အဲဒါကို ခေတ်သွေးသားက သိသိကြီးနဲ့ ဖြားယောင်းခဲ့တာတဲ့၊ အခု ညီမလေး ခံစားနေရတာက ဝေယံကြောင့်မဟုတ်ဘဲ ခေတ်သွေးသားကြောင့် ဖြစ်နေသည်။

"စိတ်ညစ်တယ် မမရယ်"

ညီမလေးပုံစံတ တကယ့်ကို ကြေကွဲဆွေးမြည့်နေသည်။

"မောင့်မှာ အပြစ်မရှိပါဘူး၊ လာ့ကြောင့် အခုလို မောင့်အပေါ် အထင်လွဲမှုတွေ ခံရတာပါ။ မောင့်ကို လာက အတင်းခိုးပြေးမလို့ ကြံတာတောင် မာမီ့နောက်ကို နေမကောင်းတဲ့ကြားကနေ ပြန်လိုက်သွားတာလေ"

"ဘာ . . . ဘာရယ် လာ၊ ဒါ . . . ဒါဆို မာမီ အတင်းခွဲလာတာ မဟုတ်ဘူးပေါ့"

"ဒီနေ့လို ဝေးရမယ်ဆိုတာ သိရင် မောင့်ကို





ဆေးခန်းကနေ တစ်ခါတည်း အဝေးကြီးကို အတူထွက်သွားတယ်"

မင်္ဂလာ ပြောချင်တာတွေ စွတ်ပြောနေမိသည်။

"ဆေးခန်း . . . ဟုတ်လား၊ ဘာတွေလဲ ညီမလေး၊ မမကို ရှင်းပြပါဦး၊ မမ ဘာမှမသိရပါလား"

"မောင် ညမအိပ်တာတွေ များလို့ အားနည်းပြီး သတိလစ်သွားလို့ လာ ဆေးခန်းကို သွားပို့ပေးခဲ့တာ"

သူမ မှုံးမှုံးနှင့် ရင်ထဲကစကားတွေ အားလုံး ပွင့်ကျသွားခဲ့သည်။ မောင်နေရတဲ့ တကယ့်ဘဝအမှန်အကြောင်းတွေ၊ ဝေယံရဲ့ ဖိနှိပ်ခံရမှုတွေ အားလုံး မမကို ရင်ဖွင့်မိသည်။ မာမီရဲ့ဆက်ဆံမှု၊ ဝေယံဘက်လိုက်မှုတွေကအစ သူမ ပြောပြလိုက်သည်။ ပညာရေးကလွဲပြီး ဘာအခွင့်အရေးမှ မခံစားရတဲ့ မောင့်ဘဝကို ရင်နင့်စွာနှင့် သူမ ဖွင့်ပြောမိသည်။

တတွတ်တွတ် ရင်ဖွင့်နေတဲ့ ညီမလေးရဲ့စကားတွေကို နားထောင်ပြီး စေတနာ အရှမ်းကို အံ့ဩသွားရ



www.burmeseclassic.com

www.burmeseclassic.com



သည်။ သူမ အများယွင်းကြီးမှားယွင်းသွားခဲ့ပြီ။ မာမီရဲ့ တစ်ဖက်သတ်စကားတွေကို ယုံကြည်ပြီး ခေတ်သွေးသား ကို အထင်တွေလွဲခဲ့သည်။ မောက်မောက်မာမာ ဆက်ဆံ ပြောဆိုခဲ့သည်။ တကယ်တော့ ခေတ်သွေးသားနေရာမှာ နေကြည့်စမ်း။ အစ်ကိုဖြစ်သူရဲ့ အိမ်ထောင်ရေးကိုလည်း ကြည့်ရ၊ အိမ်ကြီးရှင်မာမီရဲ့ ကျေနပ်မှုရအောင် အလုပ်တွေ ဝိုင်းလုပ်ပေးရ။ ဒီကြားထဲ ညီမလေးရဲ့ တစ်ဖွတ်ထိုးအရှုပ် တွေကိုလည်း ရှောင်ရတာနဲ့ ဘယ်လောက် အနေကျဉ်း ကျပ်လိုက်မလဲ။ ကိုယ်ချင်းစာတရားနှင့်အတူ စေတနာ တစ်ယောက် နောင်တတွေအကြီးအကျယ် ရသွားရသည်။

ခင်ပွန်းဖြစ်သူ ခေတ်မင်းသားတစ်ယောက်လည်း ငွေကြေးပစ္စည်း မပြည့်စုံပေမယ့် ရိုးသားတည်ကြည်သူ တစ်ယောက်ပါ။ ယိုင်နဲ့နေတဲ့ မာမို့စီးပွားရေးကို ကြိုးစားပြီး ထူမတ်နိုင်အောင် လုပ်ခဲ့သည်။ သူမကိုလည်း ချစ်လိုက် တာ။ အားလုံး သူမ ဆန္ဒအတိုင်းပဲ ရှိခဲ့သည်။ မိဘကို ထောက်ပံ့ချင်တာတောင် သူမရဲ့သဘောတူခွင့်ပြုချက်



အတိုင်းပဲ ပေးခဲ့သည်။

သူမ မှားသွားပြီ။ ရိုးသားဖြူစင်တဲ့ ညီအစ်ကို နှစ် ယောက်ကို အထင်လွဲမိပြီ။ သူမရဲ့ မစဉ်းစား မဆင်ခြင်မှု ကြောင့် သူမတို့ အိမ်ထောင်ကွဲကွာခဲ့ရသည်။

"မမ နားလည်သွားပြီ ညီမလေးရယ်။ မမက ငွေ တွေ၊ ဂုဏ်တွေထက် အကျင့်စာရိတ္တကောင်းတာကို လိုချင် တာပါ။ ရိုးသားမှုကို လေးစားတာပါ။ ကြိုးစားမှုကို ဂုဏ်ယူ တဲ့သူပါ။ ဒါကြောင့်လည်း ကိုမင်းကို လက်ထပ်ခဲ့တာပေါ့။ ဒါပေမဲ့ မာမီတော့မသိစေနဲ့ဦး"

"ဟယ် . . . ဒါဆို မမ လာတို့ကို သဘောတူသွား ပြီပေါ့နော်"

"ဒါပေါ့ . . . ဒါပေါ့။ ညီအစ်မအရင်းခေါက်ခေါက် ကြီးဟာကို"

ညီအစ်မနှစ်ယောက် သဘောအကျကြီးကျနေ ချိန်တွင် တစ်ဖက်မှာလည်း ဒေါ်ခင်မျိုးမြင့်တစ်ယောက်က လည်း သူငယ်ချင်း သဖင်နဲ့ စကားတွေပြောပြီး အကျေနပ်

www.burmeseclassic.com

www.burmeseclassic.com



ကြီး ကျေနပ်နေမိသည်။ ဝေယံနဲ့ မိုးငယ်ကို အမြန်ဆုံး လက်ထပ်ပေးဖို့ တိုင်ပင်နေမိသည်။ အစအချိန်မှာ ညီး ကြီးကလည်း မိမိစကားတွေကို ယုံကြည်ပြီး မိမိဘက်မှာ ရပ်တည်နေပြီလေ။ လင်နဲ့မယားဆိုတာ လျှာနဲ့သွားလိုပဲ ဆိုတော့ ပြန်ပြီး အဆင်မပြေခြင်မှာ ဝေယံနဲ့ မိုးငယ်ကို ခပ်မြန်မြန် ပေးစားရမည်။

ဝေယံနဲ့မိုးငယ် နှစ်ဖက်အသိုင်းအဝိုင်း တောင့်တင်း ပြီး ကျိုကျိုအောက် ချမ်းသာကြတဲ့သူတွေချည်းပဲ။ နေနဲ့လ ရွှေနဲ့မြ ဘယ်လောက်များ တင့်တယ်လိုက်သလဲ။

ခေတ်သွေးသားတစ်ယောက်တည်း သင်တန်း တက်ရန် အပြေးအလွှား သွားနေရသည်။ ကိုကြီးရဲ့ အကူ အညီကြောင့် သူငယ်ချင်းတစ်ယောက်ရဲ့ ကုမ္ပဏီတစ်ခုတွင် အလုပ်တစ်ခု ရခဲ့သည်။ ကိုကြီးလည်း သူမှာရှိတဲ့ငွေလေး တချို့နှင့် အလုပ်တစ်ခုလုပ်နိုင်ဖို့ ကြိုးစားနေသည်။ သူလည်း အလုပ်တစ်ဖက်နှင့် ကျောင်းတက်ကာ အချိန်ရရင် ရသလို စကားပြောသင်တန်းတွေ လိုက်တက်သည်။





ညီအစ်ကိုနှစ်ယောက် မာမီကြီးရဲ့ လွှမ်းမိုးမှုအရိပ် အောက်ကနေ ရုန်းထွက်လာတာ သိတော့ ကိုကြီးရဲ့သူငယ် ချင်းက သူဝယ်ထားတဲ့ တိုက်ခန်းလွတ်ကလေးတစ်ခုကို ဈေးအသင့်အတင့်နှင့် ငှားပြီး ပေးနေခဲ့သည်။ တိုက်ခန်းထဲ အသင့်အတင့် ပစ္စည်းတွေလည်း ပါတာမို့ ညီအစ်ကိုနှစ် ယောက်အတွက် အဆင်ပြေခဲ့သည်။ တိုက်က ငါးလွှာမှာ ဆိုပေမယ့် သူတို့ညီအစ်ကိုနှစ်ယောက်က မနက်မိုးလင်းက တည်းက အတူတူထွက်ပြီး သူ့အလုပ်သူ လုပ်၊ ကိုယ့် အလုပ် ကိုယ်လုပ်နေရသည်မို့ ညနေစောင်းမှသာ ပြန်လာ တတ်တာမို့ ချက်ပြုတ်စားတာထက် ရေခဲသေတ္တာထဲမှာ ရှိ တဲ့ အသင့်စား အသား၊ ငါးဘူးတွေနဲ့သာ တိုးရတာများ သည်။ ဒါကို ကိုကြီးကလည်း တစ်ခါမှ မညည်းညူရှေ။

အခုလိုနေရတာ သူ့စိတ်တွေ အေးချမ်းပါသည်။ နွယ်ပင်တစ်ခုလို တခြားပင်စည်တစ်ခုကိုတွယ်မှီပြီး ရှင်သန် ရတဲ့ အမှီတွယ်ဘဝကို သူ မလိုချင်၊ အောင်မြင်ပြီး သူ့ လောကမှာ ဂုဏ်သိက္ခာရှိစွာ ရပ်တည်နိုင်ဖို့ ကိုယ့်အား



www.burmeseclassic.com

www.burmeseclassic.com



ကိုယ်ကိုးပြီး ကိုယ့်ခြေထောက်ပေါ် ကိုယ် မားမားမတ်မတ် ရပ်တည်နိုင်ဖို့ပဲ အားမာန်တွေ မွေးထားမိသည်။ ရိုးရိုးသားသား ကြိုးစားရတာကိုပဲ သူ နှစ်သက်သည်။

ပင်ပန်းပေမယ့် အခုလို အေးအေးဆေးဆေးနေရတာကိုပဲ ကျေနပ်သည်၊ ကိုကြီးအတွက်တော့ သူ စိတ်မကောင်းဖြစ်မိသည်။ ကားတစ်စီးနဲ့ လက်အောက်ငယ်သားတွေကို အုပ်ချုပ်ပြီးနေရတဲ့ အခြေအနေတစ်ခုတနေ အခုတော့ လိုင်းကားတိုးစီးပြီး သူ့သူငယ်ချင်း ကိုလှထွန်းဆီမှာ အလုပ်ဝင်လုပ်နေရသည်။ ကိုလှထွန်းဆိုတဲ့သူက တစ်ချိန်က ကိုကြီးရဲ့ အကူအညီနဲ့ အခုလို လုပ်ငန်းလုပ်ကိုင်နိုင်တဲ့ဘဝ ရောက်လာသူဆိုတော့ အခုလို ကိုကြီးနိမ့်ပါးနေချိန်တွင် ကျေးဇူးသိတတ်တာ ကူညီမှုတွေ ပြန်ပေးသည်၊ ဒါပေမဲ့ အခွင့်အရေးမယူတတ်တဲ့ ကိုကြီးက သူ့လုပ်အားနဲ့ တတ်သလောက်ပဲ တောင်းဆိုခဲ့သည်။ မမကိုလည်း သတိရတဲ့အကြောင်း တစ်ခါမှ မပြောသလို ဆက်သွယ်ဖို့လည်း မကြိုးစားချေ။ ညီဖြစ်သူ ပိုပြီးတော့ စိတ်မကောင်းဖြစ်မှာ



စိုး၍လား မသိ၊ သူ အတွေးထဲ စီးမျောနေစဉ် . . .

"ဝေါ့ . . . ကျွီ"

"အိုး"

ကားတစ်စီး အရှိန်နှေးကွေးစွာနှင့် သူ့လက်မောင်းကို ထိခတ်မိကာ အရှေ့ခပ်လှမ်းလှမ်းတွင် ကားလေးကယိမ်းယိုင်ထိုး ရပ်သွားသည်။

ဒါ . . . ဒါ မာဇ်ကြီးကားပဲ၊ ကားနံပါတ်ကို သေချာကြည့်ပြီး စိတ်ထဲကနေ သူ ရေရွတ်လိုက်သည်၊ သူ့ကိုမြင်လိုက်လို့များ ကားကို ရပ်လိုက်တာလား။ မာဇ်ကြီး သူ့ကိုဘာတွေပြောမလို့လဲ၊ သူ ခပ်လှမ်းလှမ်းမှာပဲ ခြေစုံရပ်ပြီးရင်တခုန်ခုန်နှင့် စောင့်ကြည့်နေလိုက်သည်။ ထူးဆန်းလိုက်တာ၊ ကားပေါ်က ဘယ်သူမှ ဆင်းမလာ၊ သူ အံ့ဩသွားရသည်၊ ကားကတော့ လမ်းဘေးမှာ ထိုးရပ်ဆဲ၊ ဘာဖြစ်လို့ပါလိမ့်၊ သိလိုဇောနှင့် မသိမသာကလေး ဖြည်းလျှောက်ကာ မရဲတရဲကြည့်လိုက်တော့ . . .

"ဟင်"

www.burmeseclassic.com

www.burmeseclassic.com



သူ့မျက်လုံးတွေ ပြူးသွားရသည်။ မာမီကြီး ခန္ဓာကိုယ် လှုပ်ရှားရှားကြ ကားနောက်မှီကာ ပြင်းထန်သောဝေဒနာတစ်ခုကို ခံစားနေရသလို မျက်နှာက ရှုံ့မဲ့နေသည်။

"မာမီကြီး"

"ဘုန်း . . . ဘုန်း"

ကားမှန်ကို အသာပုတ်ကာ ခေါ်လိုက်သည်။ မာမီကြီး မျက်ဝန်းလေးတွေ နာကျင်မှုဒဏ်ကြောင့် အံကြိတ်ပြီး မှိတ်ထားဆဲ။ ဒါပေမဲ့ သတိကြီးတဲ့လက်တွေက လော့ခ်လေးကိုတော့ ရအောင်ဖွင့်ပေးခဲ့လေသည်။

"မာ . . . မာမီကြီး"

သူ စိုးရိမ်စိတ်တို့နှင့်အတူ ကားတံခါးကို ဖွင့်ကာ ခေါင်းထိုးဝင်ပြီး ခေါ်လိုက်သည်။

"ဆေး . . . ဆေးရုံပို့ပေးပါ"

"ဗျာ . . . ဟုတ် . . . ဟုတ်ကဲ့"

မာမီကြီးက ဆေးရုံပို့ပေးပါတဲ့။ မာမီကြီးမှာ သွေးတိုး၊ နှလုံးရောဂါစုံတာမို့ အခုလို ကားမောင်းနေရင်း





ဝေဒနာ ဖောက်လာတာ ဖြစ်ရမည်။

"ဆေး . . . ဆေးရုံ . . . အား . . . အား . . . ကျွတ်"

ဝေဒနာတွေ အရမ်းခံစားနရတဲ့ မာမီကြီးကို ကြည့်ပြီး သူ ဘာလုပ်ရမလဲ စဉ်းစားမရတော့။ ကားကို မောင်းသွားဖို့ကျတော့လည်း သူ့မှ ကားမမောင်းတတ်တာ။

"ကယ် . . . ကယ်ပါဦးတွယ်"

သူ့လက်ကို ဆုပ်ကိုင်ပြီး ဝေဒနာခံစားနရတဲ့ကြားက တောင်းပန်နေသည်။ သူ စိတ်တွေကို တင်းပစ်ပြီး ကားတစ်စီးတားလိုက်သည်။ ကားပေါ် မာမီကြီးကို ပွေ့တင်လိုက်ပြီး မာမီကြီးကားကို သေချာလော့ခ်ချကာ တားလိုက်သည်။

ပြီးတော့ အငှားကားနဲ့ပဲ အထူးကုဆေးခန်းကြီး တစ်ခုဆီကို ပို့လိုက်ပြီး သူ ဘာဆက်လုပ်ရမှန်းမသိအောင် စိုးရိမ်စိတ်တွေ ရောနှောပြွတ်သိပ်နေသည်။ ကားပေါ်က သူတို့ဆင်းလိုက်တာနဲ့ မာမီကြီးကို ဆရာဝန်တွေရော သူနာပြုတွေပါ ဝိုင်းအုံပြီး ကုသမှုတွေ လုပ်ပေးနေသည်မို့ စိတ်



www.burmeseclassic.com

www.burmeseclassic.com



ပူပင်စရာမရှိတော့။ ပထမဆုံး ကိုကြီးကို သတိရပြီး ဖုန်းဆက်ခေါ်လိုက်တာမို့ ကိုကြီးရောက်လာပြီး သွက်လက်ချက်ချာစွာ ဆရာဝန်တွေ ညွှန်ကြားမှုအတိုင်း မာမီကြီးကို မိခင်ရင်းတစ်ယောက်နှင့် မခြား ပြုစုပေး၏။ စိတ်ချရတဲ့အဆင့်ရောက်မှ မမဆီ ဆရာဝန်တစ်ယောက်ကို အကြောင်းကြားခိုင်းကာ ညီအစ်ကိုနှစ်ယောက် ပြန်ခဲ့တော့သည်။

"ကိုကြီး . . . မမကို အရမ်းချစ်ရဲ့သားနဲ့ ဘာလို့ကိုကြီးကိုယ်တိုင် ဖုန်းဆက်ပြီး မပြောရတာလဲဟင်"

မှုန်တေတေ မျက်နှာထားနဲ့ သူက ပြောတော့ ကိုကြီးက အပြုံးနှင့် . . .

"နာက တကယ်တော့ စိတ်ထားဖြူစင်တဲ့သူပါ။ ငွေကြေးချမ်းသာပေမယ့် မောက်မာမှုမရှိဘူး။ မာမီရဲ့ခွေးထိုးတာတွေကြောင့် အထင်လွဲပြီး အခုလို ပြဿနာတွေ ဖြစ်ရတယ်ဆိုတာ ကိုကြီး သိပါတယ်၊ အဲဒါကြောင့် သူ့ရဲ့ အသိစိတ်ထဲမှာ ဘယ်လောက်စာနာနားလည်မှုရှိသလဲ ဆိုတဲ့အချက်ကို သိချင်လို့ တမင် ကိုကြီးက စပြီး ဆက်





သွယ်မှု မလုပ်တာ။ ဒီတစ်ခါအလျှော့ပေးလိုက်ရင် ဒီလိုအများအပြားတွေကို မစဉ်းစား မဆင်ခြင်ဘဲ ဝုန်းဝုန်းဒိုင်းဒိုင်းနဲ့ နောက်တစ်ကြိမ်လုပ်မိမှာလေ။ အဲဒါကြောင့် သူဘယ်လောက်ရင့်ကျက်နေပြီလဲ၊ အသိစိတ်တွေ ဘယ်လောက်ပွင့်လင်းနေပြီလဲဆိုတာ သိရအောင် ထားတာ။ ညီရော မဂ်လာ့ကို သတိမရဘူးလား"

"ကိုကြီးကလည်းဗျာ"

သူ့မအကြောင်းပြောတော့မှပဲ သူ သတိရသွားမိသည်။ ကိုကြီးရေ ကျွန်တော်က သူ့ကို မေ့နိုင်အောင် ကြိုးစားထားတာပါ။ မဖြစ်နိုင်မှန်း သိရက်နဲ့ မိုက်ရူးရဲဆန်နေတဲ့ မသိစိတ်တွေကို ထိန်းချုပ်ထားတာကိုတော့ ဘယ်သူမှ သိမှာ မဟုတ်ပါဘူး။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၁၅ )

ဒေါ်ခင်မျိုးမြင့် ဆေးရုံကဆင်းရတော့မှာမို့ သမီးကြီးက လာကြိုသည်။ မိမိ သဇင်တို့ဆီကို မီးငယ်နဲ့မင်္ဂလာကိစ္စ ဆွေးနွေးဖို့အသွား သွေးတိုးမှုကြောင့် ခေါင်းတစ်ခုလုံး ထူမတ်လို့မရတော့။ သမီးကြီးက ကုမ္ပဏီအလုပ်ကို သွားဦးစီးနေပြီး သမီးငယ်ကတော့ ဘယ်ထွက်သွားမှန်းမသိ။ မီးငယ်ကိုကြည့်ရတာ စိတ်တွေ လေနေသလိုပါပဲ။

အသက်အရွယ်ရလာတာနဲ့အမျှ သွေးကလည်း





တိုးလာတာမို့ ကားဆက်မမောင်းနိုင်တော့။ အိပ်ရေးပျက်တာတွေကလည်း များနေတာမို့ နှလုံးက သိပ်မခံနိုင် ဆေးရုံ အရောက် မြန်ပေလို့ပေါ့။

"မာမီ သွားရအောင်လေ။ လမ်းရော လျှောက်နိုင်ရဲ့လား။ ဒါနဲ့ မာမီ့ကို ဆေးရုံ ဘယ်သူပို့ပေးခဲ့တာလဲဟင်။ မာမီ မှတ်မိလား"

"ဟော . . . မာမီ မသိလိုက်ဘူး။ အဲဒီအချိန်တုန်းက မာမီက ခေါင်းတွေချာချာလည်အောင် မူးနေတာ"

"တခြားလူမဟုတ်ဘူး မာမီ။ မာမီ့အသက်ကို ကယ်လိုက်တာ ခေတ်သွေးသားပဲ"

မိမိအသက်ကို ကယ်ခဲ့သူက ခေတ်သွေးသားတဲ့။ သူ ဆေးရုံပို့လို့ အခုလို ပြန်ထူမတ်နိုင်ခဲ့တာတဲ့။ တိုက်တိုက်ဆိုင်ဆိုင် ဒီကောင်လေးနဲ့မှ လာတိုးရတယ်လို့။ ဒီကိစ္စကို မီးငယ် သိသွားလို့မဖြစ်။ ဖုံးကွယ်ထားရမှာပဲ။

သဇင်နဲ့ မတိုင်ပင်ရသေးဘူးလေ။ ဝေယံနဲ့ မီးငယ်ရဲ့ကိစ္စကို မိမိ လက်မလျှော့နိုင်သေးဘူး။ အားလုံးပြီးစီးပြီးမှ



www.burmeseclassic.com

www.burmeseclassic.com



ပဲ သမီးကြီးတို့ အိမ်ထောင်ရေးကိုပြန်ညှိရမည်။ ခေတ်သွေးသားကိုလည်း ပွံပိုးချင် ပိုးပါစေတော့၊ ဘာမဟုတ်တဲ့ ကိစ္စလေးနဲ့တော့ မီးငယ်နဲ့ သဘောတူကြည်ဖြူမပေးနိုင်ပါ။ ခေတ်သွေးသားက ဆင်းရဲပြီး ဘာဂုဏ် ဘာအဲသိုင်းအဝိုင်းမှ မရှိ၊ အသက်သခင်ကျေးရှူးရှင်ပဲ ဖြစ်နေနေ မီးငယ်ရဲ့ဘဝကိုတော့ ထိုးမကျွေးချင်ပါဘူး။ မီးငယ်က ဝေယံနဲ့ပဲ လက်ထပ်ရမယ်။

"မာမီ မှတ်မိပြီလားဟင်"

"အင်း . . . အဲ . . . အဲဒါ စဉ်းစားနေတာ သမီးရဲ့၊ မာမို့စိတ်ထဲ သိသလိုလို မသိသလိုလိုနဲ့၊ အာရုံတွေဝေဝါးနေတယ်"

"ဟုတ်တယ်နော်၊ မာမီ ဘယ်မှတ်မိပါ့မလဲ၊ တော်သေးတာပေါ့၊ ဆေးရုံအရောက်မြန်ပေလို့"

"ကဲ . . . သွားကြစို့၊ မာမီ အိမ်ပြန်ချင်ပြီ၊ အခုတလော မီးငယ်လည်း မာမို့ကို စိတ်ကောက်ပြီး ရှောင်နေတယ်"





ညီမလေးလည်း ခေတ်သွေးသားကို သတိရတဲ့စိတ်ကြောင့် ညီမလေးရဲ့မျက်နှာချောချောလေးက အခုတော့ ချောင်ကျပြီး နွမ်းလျနေသည်၊ ပြီးတော့ နည်းနည်းပိန်သွားတာ ပြင်ဆင်ချယ်သပြီး တကယ့်ကို ဖက်ရှင်ကျကျလေး ဝတ်စားတတ်တဲ့ ကောင်မလေးက အခုတော့ အဝတ်အစား ဖိုသီဖတ်သီနင့်ဖြစ်နေသည်၊ အချိန်ရှိတိုင်း သူမအခန်းလေးထဲမှာ အဆွေးသီချင်းလေးတွေ နားထောင်ပြီး ငြိမ်နေတတ်သည်။

မာမီရယ် ဝေယံနဲ့သာ လက်ထပ်ပေးရင် ညီမလေး စိတ်တွေ အေးချမ်းရမယ်ထင်သလား၊ အိမ်ထောင်ရေး သာယာမှုမရှိတဲ့ ညီမလေးကို ကြည့်ပြီး မာမီပဲခံစားရမှာ၊ ညီမလေးက ခေတ်သွေးသားကိုပဲ ချစ်တာတဲ့။ ခေတ်သွေးသားက အခုကုမ္ပဏီတစ်ခုမှာ အလုပ်ဝင်နေပြီ၊ အရမ်းကြိုးစားပြီး ထူးချွန်ထက်မြက်တဲ့ ဂုဏ်သတင်းတွေ မွှေးနေတာပဲ၊ ရိုးသားမှုနဲ့ ဘဝကို ရဲဝံ့စွာ တက်လှမ်းလာတဲ့ကောင်လေးကို မာမို့စိတ်ထဲ ခဏလောက် ထည့်ပြီး စဉ်းစား



www.burmeseclassic.com

www.burmeseclassic.com



ပေးလိုက်ပါလား။

သူမလည်း ကိုမင်းကို သတိရနေမိသည်။ ရိုးသား တည်ကြည်ပြီး အားကိုးအားထားပြုထိုက်တဲ့ ယောကျ်ား ကောင်းတစ်ယောက်ကိုမှ သူမ မောက်မာစွာ ဆက်ဆံခဲ့ သည်။ စာနာနားလည်မှု နည်းနည်းလေးမှ မပေးခဲ့ဘဲ တစ် ယောက်တည်းရှိတဲ့ ညီလေးကိုပါ ရက်စက်စွာ စွန့်ပစ်စေခဲ့ သည်။

အခု လုပ်ငန်းတွေမှာ ကိုမင်း မရှိတော့ အဆင် မပြေမှုတွေ တဖြည်းဖြည်းပေါ်လာသည်။ ဈေးနှုန်းပွဲတွေ ရင်ဆိုင်ခဲ့ဖြတ်တဲ့နေရာတွေမှာ ကိုမင်းလောက် သတ္တိမရှိ။ ကိုမင်းကို တောင်းပန်ပြီး ပြန်ခေါ်ရမည်။ သူမမှာ ကိုမင်းရဲ့ လိပ်စာရှိထားပြီးသား။ ကိုမင်းရဲ့ အခင်ဆုံးသူငယ်ချင်းဆီက ရထားပေမယ့် ကြောက်လို့ မသွားရသေးတာ။ အခုတော့ မသွားလို့ မဖြစ်တော့ဘူး။

ခေတ်သွေးသားအပေါ် အထင်လွဲမှားမိတာကို လည်း သူမ တောင်းပန်ရမည်။ အိမ်ဖော်မလေး သန္တာ ပြော





မှပဲ ခေတ်သွေးသားဘဝက တိုက်ကြီးထဲမှာသာ နေရတာ အလုပ်သမားသာသာပဲ မာမီက ထားတာတဲ့။ ကောင်လေး အခန်းထဲ ဝင်ကြည့်တော့ မှန်ဗီရိုထဲမှာ ပိုက်ဆံအထပ် လိုက်တွေ့ရသည်။ အသစ်ဝယ်ထားတဲ့ အဝတ်အစားတွေ ကလည်း တပုံတပင်။ အထုပ်တိုင်းမှာလည်း ညီမလေး ပေး ထားတဲ့ ကတ်ကလေးတွေ ရေးထားသည်။ ကောင်လေးက ဒါတွေအားလုံး မသုံးဘဲ အဲဒီအတိုင်းထားသည်။

ဒါကြောင့် ညီမလေးက ကောင်လေးကို အထင်ကြီး လေးစားမှုတွေနဲ့ မြတ်မြတ်နိုးနိုး ချစ်သွားတဲ့ဟာပေါ့။ သူမ ကတော့ ညီမလေးကိုရော ကောင်လေးကိုပါ နားလည် သွားပါသည်။

အခန်းအပြင်က ဘဲလ်တီးသံလေးကြောင့် ခေတ် သွေးသား အံ့ဩသွားရသည်။ ဒီအချိန်ကြီး ဘယ်ကဧည့်သည် လာပါလိမ့်။ ကိုကြီးကတော့ အဆက်မပြတ် နှိပ်နေတဲ့ လူ ခေါ်ဘဲလ်တီးသံကြောင့် မျက်လုံးလေး ပင့်ကျုံ့သွားမိသည်။ ဘယ်လိုစိတ်မရှည်တဲ့လူမျိုးက အခန်းများရောက်လာရ



www.burmeseclassic.com

www.burmeseclassic.com



သလဲ မသိပါ။

"လာပြီဟေ့ . . . လာပြီ . . . လာပြီ"

"ဟင် . . . မင်း . . . မင်း"

"မင်းမဟုတ်ပါဘူး။ နာပါ . . . စေတနာပါ"

ဇနီးသည်ဖြစ်နေတာမို့ သူ အံ့ဩသွားရသည်။

"နာ့ကို တံခါးဖွင့်မပေးတော့ဘူးလား ကိုရယ်။ နာ ဒီနေရာကို ဖိအားတွေ အများကြီးတွန်းထုတ်ပြီး လာခဲ့ရတာပါ ကိုရယ် . . . အဟင့် . . . ဟင့် . . . နာ . . . နာ မှားတွေ သိလို့ နောင်တတွေရနေပါပြီ။ နာ့ကို ခွင့်မလွှတ်တော့ဘူးလားဟင်။ နာ့ကို တကယ်ပဲမုန်းမေ့သွားပြီလား . . . အီးဟီး"

ပြောရင်း တအီးအီးနဲ့ ငိုချလိုက်တဲ့အတွက်ကြောင့် သူပင် ကြောင်ငေးသွားရသည်။

"ဟာ . . . ဟေ့ . . . ဟေ့ . . . မငိုနဲ့လေ။ မငိုနဲ့။ ဟာတွာ . . . တွတ် . . . သူများတွေကြားကုန်တော့မှာပဲ။ လာ . . . လာ . . . အထဲကိုဝင်"



ပြောလည်းပြော ကလေးတစ်ယောက်လို ငိုနေပြီး တောင်းပန်နေတဲ့ ချစ်ဇနီးကို တိုက်ခန်းလေးထဲသို့ ဆွဲခေါ်လိုက်ပြီး တံခါးကြီးကို ပြန်ပိတ်ထားလိုက်ရသည်။

"ကို . . . ကိုရယ်"

"ဟာဟေ့"

ရုတ်တရက် ရင်ခွင်ထဲ တိုးဝင်ဖက်တွယ်ကာ ငိုချလိုက်တဲ့ ဇနီးသည်ကို သူ ဘာမှနားမလည်နိုင်တော့ပါ။ သေချာတာကတစ်ခုက နာဟာ အမှန်တရားတစ်ခုကို ရှာတွေ့ပြီး နားလည်လက်ခံနိုင်ခဲ့ပြီဆိုတာတော့ သူ ယူဆလို့ရခဲ့သည်။ ရင်ခွင်ထဲ တိုးဝင်လာတဲ့ ချစ်ဇနီးရဲ့ကိုယ်လုံးလေးကို ယုယုယယလေး ပြန်ပြီးပွေ့ဖက်ထားလိုက်သည်။

"ဟာ . . . မမ"

အခန်းရှေ့မှာ ငိုသံသဲ့သဲ့ကြားတာမို့ သူ ထွက်လာခဲ့တာပါ။ အခုတော့ မမ ဖြစ်နေတာမို့ သူ အံ့ဩသွားရတော့ မမက ကိုကြီးရဲ့ရင်ခွင်ထဲကို ဝင်ပြီး တသိမ့်သိမ့်ရှိုက်ငိုနေသည်။

www.burmeseclassic.com

www.burmeseclassic.com



"မောင်လေး"

သူ့ကိုမြင်တော့ လှုချင်းချာပြီး မမက အရင်စခေါ်သည်။

"မမ"

"မမကို ခွင့်လွှတ်ပါကွယ်။ မောင်လေးအပေါ် အထင်မှားမိတဲ့ မမကို စိတ်မဆိုးပါနဲ့နော်"

"မမရာ ကျွန်တော် မမကို နားလည်ပါတယ်။ ဘယ်တုန်းကမှလည်း စိတ်မဆိုးခဲ့ပါဘူး"

"မာမီရဲ့ တစ်ဖက်သတ်စကားတွေ နားယောင်ပြီး မောင်လေးကို ရိုင်းရိုင်းစိုင်းစိုင်း ဆက်ဆံပြောဆိုခဲ့တာ မမ မှားသွားတယ်။ အဲဒီအတွက်လည်း မောင်လေးကို တောင်းပန်ပါတယ်"

"မမ ညနေစာ မစားရသေးဘူး မဟုတ်လား။ ကျွန်တော် မမစားဖို့ တစ်ခုခုသွားဝယ်လိုက်ဦးမယ်နော်"

"အို . . . မဟုတ်တာ။ ဒီမှာရှိတာနဲ့လည်း အတူ စားကြတာပေါ့"

[illegible]



"ဟုတ်သားပဲ၊ ညီလေးကလည်း မိုးချုပ်နေပြီး သွားမဝယ်နဲ့တော့"

ကိုကြီးက သူ့စိတ်ကူးကို မသိဘဲ တားနေတာမို့—

"ဟာ . . . ကိုကြီးကလည်း တကယ်မဝယ်ပါဘူး။ စကားရှောင်ပေးချင်လို့ အကြောင်းပြတာ၊ သိလည်း မသိဘဲနဲ့။ ဟွန်း . . . သွားမယ်ဗျာ"

"အို"

"ဟာ . . . ဒီကောင်လေး"

သူပြောပြီး လှေကားထစ်ကလေးတွေအတိုင်း ပြေးအဆင်း အောက်ထပ်မှ အပြေးတက်လာတဲ့ ကောင်မလေးတစ်ယောက်နှင့် မထင်မှတ်ဘဲ မျက်နှာချင်းဆိုင် ရင်ချင်းအပ်တိုက်မိသွားသည်။

မထင်မှတ်ထားတဲ့ ဖြစ်ရပ်တလေးပေမယ့် အရှိန်နှင့်မို့ တစ်ဖက်က ကောင်မလေး ယိုင်သွားသည်။ သူနဲ့ဝင်တိုက်မိတဲ့ သူ့ကို ကြည့်လိုက်တော့ . . .

"ဟင်"

[illegible]

www.burmeseclassic.com

www.burmeseclassic.com



"မောင်"

တုန်လှုပ်ထိတ်လန့်မှုလေးတွေကြောင့် တစ်ဦးနဲ့ တစ်ဦး ဘာစကားမှ မပြောဖြစ်ကြ။ ဒီအခြေအနေမှာ ပထမဆုံး သတိဝင်တာက မင်္ဂလာ။ သူမ မမကားနဲ့ အပြင်ထွက်ဖို့ လုပ်တာ မသင်္ကာတာမို့ လိုက်ချောင်းတာလေ။ တစ်ခါမှ မမက အခုလိုအချိန်ကြီး ထွက်တတ်တဲ့အကျင့်မှ မရှိတာ။ မမကားလေး တရိပ်ရိပ်မောင်းနေရာမှ ရုစ်လွှာတိုက်တစ်ခုရှေ့မှာ ရပ်သွားပြီး ကပျာကယာဆင်းသွားသည်။ သူမ ခဏစောင့်ကြည့်နေလိုက်သေးသည်။ မမ ဘယ်သွားတာပါလိမ့်။ အချိန်ကြာလာတော့ သူမ တအားစိတ်ပူပြီး မမ တက်သွားတဲ့ လှေကားထစ်ဝင်ပေါက်က တစ်ဆင့် လိုက်သွားရင်း အပေါ်ကဆင်းလာတဲ့ လူတစ်ယောက်ကို မမြင်ဘဲ ဝင်တိုက်မိခြင်းဖြစ်သည်။ သူမအတွက်တော့ တကယ် ရောက်နအသင့် ကြာအသင့်။

"မောင် . . . မမရော။ ကိုမင်းဆီမှာ မဟုတ်လား။ မောင်က အခုရှောင်ပြီး ထွက်လာတာ မဟုတ်လား။ မမ



ထွက်သွားတာကို မသင်္ကာလို့ လိုက်ချောင်းတာ။ မာမီသာ သိရင် မမတော့ လွယ်မှာ မဟုတ်ဘူး။ မာမီက ကိုကြီးနဲ့ အခုလိုပြန်ပြီး ဆက်သွယ်နေတာကို တားဆီးထားတာလေ။ အခုတော င် ကျွန်မကို လိုက်နိုင်းလို့"

"ဒါ . . . ဒါဆို"

"မတတ်နိုင်ဘူး။ ကျွန်မကတော့ ပြန်ပြောရမှာပဲ။ ကျွန်မတုန်းက သူ တားထားတာပဲလေ။ ဒီတစ်ခါတော့ ကျွန်မ အလှည့်ပဲပေါ့။ ပြန်တိုင်ပစ်မယ်"

"လာ"

"ပြောလေ မောင်"

"မမ ဒီကိုလာတဲ့အကြောင်း မပြောပါနဲ့လား"

"မဖြစ်ဘူး။ ပြန်ပြောမှဖြစ်မယ်။ သူ့ကြောင့် ကျွန်မ သိပ်ချစ်တဲ့မောင်နဲ့ ဝေးခဲ့ရတာ။ ကိုမင်းကို သနားပေမယ့် ကိုယ်ချင်းစာတတ်အောင်တော့ ပညာပေးရမယ်။ ကျွန်မကို နားလည်ပေးပါ မောင်။ ကျွန်မ သွားတော့မယ်"

မောင် မျက်လုံးလေးပြူးသွားသည်။ သူမကတော့

www.burmeseclassic.com



သူ့ကို ကျောခိုင်းပြီး အောက်ထပ်ကိုပြန်ဆင်းသွားပြီ။ သူမ ပုံစံက တစ်စက်ကလေးမှ အလျှော့ပေးမယ့်ဟန်ကို မရှိ။ သူ တွေဝေပြီး ငေးကြောင်ကြည့်နေရာမှ သတိဝင်ကာ သူမ နောက် အပြေးလိုက်ခဲ့သည်။ မာဃီကြီးကို သူမသွားမတိုင် အောင် တားဆီးမှဖြစ်မည်။

"လာ . . . လာ . . . ခဏနေပါဦး"

အောက်ထပ်ရောက်တော့ သူမက သူ့ခေါ်သံကို အရေးမစိုက်စွာနှင့် သူမ တားဆီ လျှောက်သွား၏။

"လာ . . . ခဏနေပါဦး"

သူမ လက်မောင်းလေးတစ်ဖက်ကို ဖမ်းဆွဲဆုပ် ကိုင်ပြီး တားဆီးလိုက်တဲ့ မောင့်ကို အရုမ့်ပဲ သူမ ကြည့် လိုက်သည်။

"ပြောလေ မောင်"

"မမ မောင်တို့ဆီလာတဲ့အကြောင်း ပြန်မပြောပါ နဲ့ကွာ။ မောင် တောင်းပန်ပါတယ်။ အခုမှ သူတို့လင်မယား ပြန်ပြီးဆုံရတာ။ လာ သွားပြီး မနှောင့်ယှက်ပါနဲ့"

[illegible]



"ဒါဆို မောင် ကားပေါ်တက်လေ၊ တစ်နေရာရာ သွားပြီး စကားပြောရအောင်။ မမတို့ကို မနှောင့်ယှက်စေ ချင်ဘူးဆို။ ဒါဆို ကားပေါ်တက်"

မတူးတော့ပြီမို့ သူ သူမကားပေါ်သို့ တတ်လိုက် ရသည်။

ထိုအချိန်တွင် ဒေါ်ခင်မျိုးမြင့်တစ်ယောက်မှာတော့ ဖုန်းတစ်လုံးနှင့် အလုပ်ရှုပ်နေရသည်။ သဇင့်ဆီ ဖုန်းဆက် တာ ဖုန်းက ကိုင်မယ့်သူ မရှိလို့လားမသိဘူး။ ဆက်တာ ဒီလောက် ကြာနေပြီ။ ဝေယံနဲ့ မီးငယ်ကိစ္စ ဆွေးနွေးမလို့ ဟာကို။ ဖွတောင်းကောင်းနဲ့ ထပ်ဆက်လိုက်တော့ တစ်ဖက် က အိမ်အလုပ်သမားတစ်ဦး လာကိုင်သည်။ မိမိတ စိတ် ရှည်စွာနှင့် . . .

"ဟဲ့ . . . ခေါ်နေတာ ဒီလောက်ကြာလှပြီ၊ ဘာ လို့ လာမကိုင်ကြတာလဲ၊ သဇင်ရော။ သဇင်ကို ခဏ ခေါ် ပေးစမ်း။ ဒေါ်ခင်မျိုးမြင့် ခေါ်နေတယ်လို့"

"အန်တီဇင် ဆေးရုံသွားကြတယ်ရှင့်"

ရှုမဝ၊ ၁၉၈၁

www.burmeseclassic.com

www.burmeseclassic.com



"ဟင် . . . ဘာဖြစ်လို့လဲ"

"ဟို . . . ဟို . . . အစ်ကိုလေး . . . ဟို"

"ဝေယံ ဘာဖြစ်လို့လဲ ပြောလေ"

"မပြောရဲဘူးရှင့်၊ အန်တီဇင်က ဘယ်သူ့မှ မပြောရဘူးလို့ မှာထားတယ်"

"ငါ စိတ်ပူလို့မေးတဲ့ဟာကို ပြောစမ်းပါအေ"

"အန်တီခင် အန်တီဇင်ကို ပြန်မတိုင်ပါနဲ့နော်၊ အခုလိုပြောပြတာကလည်း အန်တီ့သမီးနဲ့ အစ်ကိုလေးကို ပေးစားမယ်ဆိုလို့ပါ"

အိမ်ဖော်မလေး အသံက တုန်တုန်ယင်ယင်ဖြစ်နေသည်၊ ဘာကိစ္စတွေများ သဖင်က မိမိကိုလျှို့ဝှက်ထားပါလိမ့်၊

"အစ်ကိုလေးမှာ HIV ပိုးတွေ့တယ်တဲ့"

"ဘာ . . . ဘာရယ်"

"ဟုတ် . . . ဟုတ်တယ်၊ အစ်ကိုလေးက အန်တီဇင် ခရီးထွက်တဲ့နေ့တွေဆိုရင် အိမ်ကို မကောင်းတဲ့မိန်းမ





တွေ ခေါ်ခေါ်လာတယ်"

"ဘုရားရေ"

ဒေါ်ခင်မိုးမြင့် နှုတ်က ဘုရားတသသလို လက်ကလေး တစ်ဖက်ကလည်း ရင်ဘတ်ပေါ် အလိုလို ဖိထားမိရက်သား၊ အမလေး . . . ကံကောင်းလို့ပါလား၊ ဘုရား . . . ဘုရား . . . မီးငယ် ကံကောင်းလို့၊ အသိမြန် ပေလို့ပဲ၊ ကြည့်စမ်း . . . ငွေတွေ၊ ဂုဏ်တွေ မက်မောပြီး မီးငယ်ရဲ့ ဘဝရေးအတွက် အတင်းအကျပ်စီစဉ်ချင်တဲ့သူ၊ သဖင်နဲ့ ဝေယံကို အခုကိစ္စအတွက် စိတ်နာမိသည်၊ မိမိကြောင့် သမီးငယ်ဘဝ ပျက်တော့မလို့၊

သူမတွေးတောင် မတွေးရဲတော့ဘူး၊ ဘာပဲပြောပြော ဝေယံထက်စာရင် ခေတ်သွေးသားကမှ တော်သေးသည်၊ စိတ်သဘောထားပြည့်ဝပြီး အရုပ်အရှင်းကင်းတဲ့ ကောင်လေးလေ၊ တော်ပါသေးရဲ့၊ မီးငယ်က ဝေယံကို မချစ်လို့၊ ဆင်းရဲပေမယ့် စိတ်ကောင်းရှိတဲ့ ခေတ်သွေးသားတို့ပဲ ဂုဏ်ယူစွာနဲ့ သမက်တော်ဖို့ ဆုံးဖြတ်လိုက်တော့သည်။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၁၈ )

သူမနဲ့မောင် မြို့ပြင်မှာ ကားရပ်ပြီး စကားပြောနေစဉ် သူမဟမ်းဖုန်းလေး မြည်လာတာမို့ နားထောင်လိုက်တော့ မမဆီက ဖြစ်နေသည်။ သူ့ဆီ မာမီဖုန်းဆက်တဲ့ အကြောင်းတွေ ပြောပြသည်။ ဝေယံအကြောင်းတွေလည်းပါပြီး မာမီက ဝေယံကိုစွန့် ပတ်သက်ပြီး နောင်တတွေ ရနေပြီဟု မမက ပြောနေသည်။ မောင်နဲ့အတူ အိမ်ပြန်လာဖို့ မမက မှာနေသည်။



သူမ ပျော်လွန်းလို့ ကားကို အရှိန်ခပ်မြင်းမြင်း မောင်းလိုက်သည်။

"လာ . . . ကားကို ရပ်ပါဦး"

သူမက ကားကိုရပ်လိုက်တော့ မောင်က သူမကို သူ့ရင်ခွင်ထဲ ဆွဲသွင်းလိုက်သည်။

"မောင် မာမီက ကျွန်မနဲ့မောင့်ကို သဘောတူလိုက်ပြီ"

သူမက မောင့်ကို မမပြောပြတဲ့ ဝေယံအကြောင်းတွေ ပြောပြလိုက်တော့ မောင် အံ့သြနေသည်။ သူမက မောင့်မေးဖျားလေးကို နမ်းလိုက်တော့ မောင်က . . .

"လာက တော်တော်ဆိုးတာပဲ"

"ကျွန်မ မဆိုးတော့ရင် မောင် ပိုချစ်မှာလား"

"ဆိုးနေတုန်းကတောင် ချစ်နေသေးတာပဲ လာရယ်။ တစ်ဖွတ်ထိုးကောင်မလေး မဟုတ်တော့ရင် ပိုချစ်ရမှာပေါ့။ သိပ်ချစ်မိတဲ့အချစ်တွေကို တစ်ချိန်လုံး မောင့်မှာ ဟန်ဆောင်ပြီး ထိန်းချုပ်နေရတာ အရမ်းဝေးနေပြီကွာ။

www.burmeseclassic.com

www.burmeseclassic.com



အဲဒါကြောင့် အခုမှ မြန်မြန်ဝန်ခံလိုက်တာ"

"ဝမ်းသာလိုက်တာ မောင်ရယ်"

ပျော်လွန်း၍ ဝမ်းသာမျက်ရည်ကျနေသော ချစ်သူလေးကို ကြည့်ပြီး သူ စိတ်ထိခိုက်သွားရသည်။ သူ့အပေါ်မှာ ထားတဲ့ သူမလေးရဲ့ ချစ်ခြင်းမေတ္တာထုထည်ကြီးမားမှုကို မြင်တော့ ပိုပြီးခံစားရသည်။

သူမလည်း ချစ်ရသူ မောင့်ရင်ခွင်ထဲသို့ ပိုပြီး တိုးဝင်လိုက်ပြီး မောင့်ကိုယ်ကြီးကို မမှီမကမ်း ပြန်လည်သိုင်းဖက်ထားလိုက်ပါတော့သည်။

မောင်ရယ် ရှင့်အတွက် ကျွန်မရဲ့နှလုံးသားတံခါးတာဝစဉ် ဖွင့်ထားတာပါကွယ် . . .

ယုံကြည်အား
အမြဲတမ်းရေးသားတာနဲ့ပိုးထားလျက်
ခေတ်ပိုးဖြူ

●——ပြီးပါပြီ——●

ဩဂုတ်လ ၂၀၁၃ တွင် ဖတ်နိုင်မည်

မဓသန္ဒီမောင်
မပြောဖီကာဝါ

ကြယ်စင်မှူးဝေ (အုပ်ဝတ်ပြည့်အထူးထုတ်)
ကန္တာရထဲက အချစ်လေညှင်းလေး

မယ်ခိုင်
ဂျစ်ပစီ

မိုးစက်ပွင့်
အချစ်ဘာယကာစ

အလင်းသစ်
ခွင့်လွှတ်ပါမောင်

ခေတ်ပိုးဖြူ
တံခါးလေးဖွင့်ထားတယ်

ရွှေပဒေသာစာပေ
☎ : 01-384927

www.burmeseclassic.com